ဆုပြည့်စုံထွန်းစာပေ

# မင်းသိင်္ခ

# မင်းနန်းသူ

နှင့်

## ဂမ္ဘီရလောကဝတ္ထုတိုများ



Myanmarcupid.net

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ်၅၀၁၁၀၉၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၀၃၁၀၈၀၈

ပထမအကြိမ် (၂၀၀၈၊ ဩဂုတ်လ)

အုပ်ရေ ၅၀၀

မျက်နှာဖုံး နီပိုဦး

ပုံနှိပ်သူ

နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်)၊ (၀၈၂၇၇)၊

အမှတ် ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

မခင်မာရွှေ၊ (၀၃၉၀၅) (မြ)

၁၅၃၊ ၅(က)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး ၂၀၀၀ ကျပ်

PDF မှတ်တမ်း

ကွန်ပြူတာစာရိုက် **ghostchatter**

*MMCP PDF Creator Group* မှ တင်ဆက်သည်။

ပထမအကြိမ် (၂၀၀၉၊ ဇူလိုင်)

MYANMAR CUPID
Myanmar e-Books Library
Commercial Use of This Book will be at Your OWN RISK

# မင်းသိင်္ခ

မင်းနင်္နသူ

နှင့်

ဂမ္ဘီရလောကဝတ္ထုတိုများ

## မာတိကာ


၁။ မင်းနန်သူ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄

၂။ ပုတီးသမားတစ်ဦးအကြောင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၄

၃။ လောကဟိတဂမ္ဘီရ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၆

၄။ မှန်ထဲကလူ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၃

၅။ ရေမွှေးသရဲ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၉

၆။ မိန်းမရုပ်တစ်ဦး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၅

၇။ မမကြီးဖမ်းပေးသော ဓားပြမှုတစ်ခု . . . . . . . . . . . . . . . . . . . . . . . . . . ၄၉

၈။ မိတ်ဆွေကောင်းတစ္ဆေဖြူ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၃

၉။ မနော့ဗေဒင် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၈

၁၀။ မီးခြစ်ဘူးကလေးတစ်ဘူး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၃

၁၁။ ကျွန်ုပ်နှင့် ထီးနဂါးဆေးလိပ်ခုံပိုင်ရှင် . . . . . . . . . . . . . . . . . . . . . . . . ၆၉

၁၂။ ကျွန်ုပ်နှင့် ကျော့မှူးခင် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇၇

၁၃။ မမကြီးဆိုတဲ့မိန်းမတစ်ယောက် . . . . . . . . . . . . . . . . . . . . . . . . . . . . ၈၃



ghostchatter

Myanmarcpid.net

# မင်းနန်ဩူ

တစ်ခါက ကျွန်ုပ်သည် ငမိုးရိပ်ချောင်းကမ်းပါးပေါ်ရှိ ရွာကြီးတစ်ရွာတွင် အလွတ်ပညာသင်ကျောင်းဆရာလုပ်ခဲ့ဖူး၏။ အစိုးရကျောင်းကို မတက်ဘဲ အပြင်မှ (၇)တန်း၊ (၁၀)တန်း ဝင်ရောက်ဖြေဆိုလိုသော ကလေးများကို အများစု သင်ပြပေးရခြင်းဖြစ်၏။ စာမေးပွဲမဖြေသော်လည်း အင်္ဂလိပ်စာတတ်ချင်သော လယ်သမား၊ ချောင်းသမားများလည်း ကျွန်ုပ်၏ကျောင်းကို တက်ကြလေ၏။ ထိုသို့တက်သော သူများထဲတွင် ထိုရွာကို အုပ်ချုပ်သော သူကြီး 'ဦးစိန်အုပ်'လည်း ပါလေ၏။

ထိုကျောင်းကိုပိတ်၍ အခြားအလုပ်အကိုင်သို့ ပြောင်းလဲလုပ်ကိုင်သော်လည်း ထိုရွာသို့ မကြာခဏ အလည်အပတ် ရောက်ရှိသွား၏။ တစ်ရွာလုံးလိုလိုရှိ လူများသည် မိတ်ဆွေများဖြစ်သောကြောင့် သွားရောက်လည်ပတ်သောအခါ ဟိုအိမ်က ထမင်းစားဖိတ်၊ ဒီအိမ်ကထမင်းစားဖိတ်နှင့် အားရသည်ကိုမရှိပေ။ နေ့လည်နေ့ခင်းများတွင် ရွာရှိလူငယ်များနှင့် ငမိုးရိပ်ချောင်းအတွင်း လှေငယ်တစ်စီးဖြင့် အစုန်အဆန် လှော်ခတ်သွားရင်းပင် ချောင်းထဲတွင် မျော၍ပါလာသော ဒိုက်ပုံများကိုစီး၍ ပါလာသည့် ဘုတ်ငှက်များ၊ ရေကြက်များကို ဖမ်းဆီးလေ၏။

ရေဝမ်းဘဲများကိုလည်း လေသေနတ်ဖြင့်ပစ်ကာ ဖမ်းယူလေ၏။ ထို့ပြင် ကြွက်ထိုးခြင်း၊ ဖားရိုက်ခြင်းအလုပ်များကိုလည်း ထိုရွာသားများနှင့်အတူ ရော၍ လုပ်ကိုင်ခဲ့လေ၏။ ရှာဖွေ၍ရသော အကောင်ပလောင်များကို ရွာထိပ်ရှိဇရပ်ကြီးတွင် ကာလသားများနှင့် စုရုံးကာ ချက်ပြုတ်၍ စားသောက်လေ၏။

ထိုအလုပ်မှာ အကုသိုလ်များသော အလုပ်ဖြစ်သော်လည်း လွန်စွာမှ ပျော်စရာကောင်း၏။ ကျွန်ုပ်နှင့် ကာလသားများ ထိုသို့ချက်ပြုတ်စားသောက်ကာ ပျော်ပွဲရွှင်ပွဲတွင် ထိုရွာ၏သူကြီး ဦးစိန်အုပ်လည်းပါမြဲဖြစ်၏။

တစ်ညတွင် ဦးစိန်အုပ်က ...

"နေပါဦး ဆရာ၊ ခင်ဗျားက ဗေဒင်တတ်တယ်လို့ ပြောသံကြားတယ်။ တတ်တာမှ အတော့်ကို တတ်တယ်ဆိုပဲ၊ နာမည်ကြားရုံနဲ့ အဟောထုတ်နိုင်တယ်လို့ ရွာက ကလေးတွေက ပြောနေကြတယ်။ ကြုံကြိုက်တုန်း ကျုပ်ကို ဟောစမ်းပါဗျာ" ဟု ပူဆာလေ၏။

"ဒီမှာ သူကြီး၊ ခင်ဗျားနာမည်က စိန်အုပ်တဲ့၊ စိန်ဆိုတာပွင့်တဲ့အရာဗျ၊ လင်းတဲ့အရာဗျ၊ အဲဒါကို ဆန့်ကျင်ဘက်လုပ်ပြီး 'အုပ်'လို့ မှည့်ထားလေတော့ မပွင့်မလင်း တိတ်တိတ်ခိုးကြောင်ခိုးဝှက် လုပ်တဲ့အလုပ်တစ်ခု ခင်ဗျားမှာ ရှိနေတယ်။ ကျုပ်သိသလောက်က ခင်ဗျားဟာ အရက်လည်း ခိုးမသောက်ဘူး။ ဘိန်းလည်းမရှုဘူး၊ လောင်းကစားလည်း မလုပ်ဘူး။ မဟုတ်မှလွဲရော ... တိတ်တိတ်ကျိတ်ပြီး မယားငယ်ယူထားတယ်နဲ့တူတယ်" ဟု ကျွန်ုပ်က ပြောလိုက်ရာ အနီးအပါးရှိ ကာလသားများက ဝါးခနဲ ဝိုင်း၍ ရယ်ကြလေ၏။ ထိုအထဲမှ ခပ်စွာစွာ လူငယ်တစ်ယောက်က ...

"သူကြီး ဝန်ခံလိုက် ဝန်ခံလိုက်၊ ဒီ့ထက် အခြေအနေထပ်ပြီး ဆိုးသွားမယ်နော်" ဟုပြောလိုက်ရာ သူကြီးက ...

"ခက်တော့တာပဲ၊ ဆရာ့ဆီမှာ ဗေဒင်မေးမိခါမှ အရှက်ကတော့ ကွဲပါပြီ" ဟု ပြောသဖြင့် ကျွန်ုပ်လည်း ဆက်၍ မဟောတော့ဘဲ နှစ်သိမ့်လိုက်ရလေ၏။ ထို့နောက် ကျွန်ုပ်က —

"ဒီမှာ သူကြီး၊ ချောင်းကမ်းပါးထိပ်က ခြံဝင်းနဲ့ အိမ်ကြီးဟာ လူလည်းမရှိပါလားဗျ" ဟုပြောလိုက်ရာ သူကြီး ဦးစိန်အုပ်က...

"အဲဒီအိမ်ကလူတွေ ရန်ကုန်ကို ပြောင်းသွားကြပြီဗျ။ ခြံနဲ့အိမ်ကို ဒီအတိုင်းထားခဲ့ကြတာ။ ဝယ်တဲ့လူရှိရင်တော့ ရောင်းမယ်ပေါ့ဗျာ။ ဒါပေမဲ့ အိမ်က နာမည်ပျက်နေတယ်ဗျ။"

"သဃ်န်းကျွန်းက လူတစ်ယောက် ဝယ်မလို့ ဒီအိမ်မှာ တစ်ညလာပြီး အိပ်တယ်၊ အဲဒီလူလည်း နောက်နေ့မနက် အစောကြီး ပြန်ပြေးတာပဲ။ ဒီရွာသားတွေဆို မိုးချုပ်ရင် အဲဒီအိမ်နားတောင် မသွားရဲဘူး။"

"သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးနေတဲ့ အိမ်ပေါ့ဗျာ၊ အဲဒီတော့ ပိုင်ရှင်က လာလည်း မပြင်တော့ အိမ်က အတော်ပျက်စီးနေပြီဗျ" ဟုပြောလေ၏။

"သူကြီးရော အဲဒီအိမ်ကို သွားမကြည့်ဖူးဘူးလား" ဟု ကျွန်ုပ်ကပြောလိုက်ရာ...

"မလုပ်နဲ့ဆရာ၊ ကျုပ်က နေ့ခင်းတောင် မသွားရဲဘူး။ ဒီရွာမှာ ကျုပ်က အကြောက်တတ်ဆုံးပဲဗျ။ ဒါကြောင့် သူကြီးရာထူးမြဲနေတာပေါ့ဗျာ" ဟု သူကြီးဦးစိန်အုပ်က ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့လည်း ဟင်းကျက်ပြီ ဖြစ်သဖြင့် ညလယ်စာစားကြလေ၏။ ထိုအချိန်၌ ကာလသားတစ်ဦး ရောက်လာပြီးလျှင် —

"သူကြီး ... သူကြီး ချောင်းကမ်းပါးထိပ်က သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးနေတဲ့ အိမ်ကြီးမှာ မီးလင်းနေတယ်ဗျ။ လူလည်းမရှိဘဲ မီးလင်းနေတာ အဆန်းပဲဗျ" ဟု ပြောသဖြင့် သကြီးက

"ကဲ ... ငါတို့အားလုံး သွားကြည့်မယ်ဟေ့၊ ဒီလောက် လူအုပ်ဆိုရင်တော့ ကြောက်စရာမရှိပါဘူး" ဟုပြောသဖြင့် ဆယ်ဦးကျော်ကျော်ခန့်ရှိ ကာလသားများသည် တုတ်၊ဓား၊ လက်နက်ပြည့်စုံစွာဖြင့် လိုက်ပါလာကြလေ၏။ ထိုခြံဝင်းရှေ့သို့ ရောက်သောအခါ၌ ထိုအိမ်၏ အိမ်ခန်းအတွင်းမှ ထွန်းထားသော ဖယောင်းတိုင်၏အရောင်ကို မြင်တွေ့ရလေ၏။

"ဟုတ်ပါရဲ့၊ အခန်းထဲမှာ ဖယောင်းတိုင် ထွန်းထားတယ်။ လူမရှိတဲ့အိမ်မှာ ဘယ်သူများ လာထွန်းမှာလဲ။ ကဲ... ဒီတော့ မကြောက်တတ်တဲ့ ကုလားတို့လူစုက ရှေ့ကတက်ကွာ။ ငါနဲ့ ဆရာနဲ့က အလယ်ကလိုက်မယ်" ဟုဆိုကာ တက်ကြလေ၏။ အိမ်ပေါ်သို့ရောက်၍ မီးရှိသော အခန်းအတွင်းသို့ ဝင်လိုက်ရာ သစ်သားတုံးတစ်တုံးပေါ်တွင် ဝါဆိုဖယောင်းတိုင်ကြီးအရွယ် ဖယောင်းတိုင်ကြီးတစ်တိုင် ထွန်းညှိထားသည်ကို တွေ့ရလေ၏။

ကြမ်းပြင်ပေါ်တွင် မွေးကင်းစတစ်ဦးအား အနီးဖြင့် ပတ်ထုပ်၍ ချထားသည်ကိုလည်း အံ့သြဖွယ်ရာ တွေ့ရလေ၏။ ကျွန်ုပ်သည် ရှေ့သို့တိုးသွားပြီးလျှင် ကလေးကိုကောက်၍ ချီလိုက်လေ၏။ ထိုသို့ကောက်၍ချီလိုက်ရာ အနီးအတွင်းမှ စာရွက်ခေါက်နှစ်ခု ထွက်ကျလာလေ၏။ ကျွန်ုပ်လည်း ထိုစာရွက်ခေါက်နှစ်ခုကို ကောက်၍ ယူလိုက်လေ၏။

စာရွက်မှာ ရိုးရိုးစာရွက်မဟုတ်ဘဲ မှိုင်းကိုင်စက္ကူဖြစ်၏။ မီးရောင်တွင် ဖွင့်၍ဖတ်ကြည့်လိုက်ရာ ကလေး၏ မွေးခု၊ မွေးလ၊ မွေးရက်၊ မွေးချိန်နှင့် ဖွဲ့ထားသော ဇာတာတစ်စောင်ကို တွေ့ရလေ၏။ ရေးထားသောစာနှင့် ဇာတာမှာလည်း မင်ဖြင့် မဟုတ်ဘဲ ဟသ်ာပြဒါးနှင့်ရေးသားခြင်း ဖြစ်၏။

ထို့နောက် တခြားသော စာတစ်စောင်ကို ဖတ်၍ကြည့်ရာ ထိုအတိုင်းပင် ဟသ်ပြဒါးနှင့် ရေးထားခြင်းဖြစ်၏။ စာမှာအောက်ပါ အတိုင်းဖြစ်လေ၏။

**ကိုယ်တိုင်မွေးမှယူပါ**

**တစ်ဆင့်မပေးရ။ ကလေးသည် ကြာသပတေးသမီးဖြစ်သည်။ အမည်ကို 'မင်းနန်းသူ'ဟူ၍ မှည့်ခေါ်ပါ။ ပြောသည့်အတိုင်း မလုပ်ခဲ့သော် မြွေပွေး၊ မြွေဟောက်၊ ငန်းပြောက်၊ ငန်းကျား၊ ငန်းငါးပါးလည်း ကိုက်၍ မနေ သေစေသောဝ်ဟူလေ သေပါစေ ... သေပါစေ ...။**

**ထိုမှတစ်ပါး ကြည်းဝယ်သွားလည်း ကြည်းသား အများအပြားသည့်အနေ ကိုးကုဋေတွင် သစ်၊ ကျား၊ ဆင်ရဲ၊ စိုင်ထီး ငမွဲ၊ ဝက်ရဲ စား၍ ထွားထွားညက်ညက် ကိုယ်လုံးပျက်၍ သေစေသောဝ်ဟူလေ သေပါစေ ... သေပါစေ။**

**ထိုမှတစ်ပါး ဂွမ်းတစ်လုံးကို အကျွမ်းဖုတ်သော် တစ်ဆုပ်လောက်မျှ စမ်းမရသို့ ဖြစ်စေသောဝ်ဟူလေ ဖြစ်ပါစေ .. ဖြစ်ပါစေ။ ထိုမှတစ်ပါး မင်းနန်းသူ ကျိန်ခြင်း ထုံနယ်ဆင်းသည့် ထင်းစမီးသို့ တစ်စတစ်စ တိုစေသောဝ်ဟူလေ တိုပါစေ .. တိုပါစေ။**

**ပုခံခေတ် မင်းနန်းသူကျိန်စာဖြင့် ကျိန်စာတိုက်ထားသည်။ ပြောသည့်အတိုင်းလုပ်ပါ။ အမှားမခံ ကျမ်းစူး၍ သေလိမ့်မည်။**

**ထိုကလေးအား အုပ်ထိန်းသူ**

သူကြီးသည် ကျွန်ုပ်၏ နောက်ကျောမှနေ၍ ထိုစာကိုဖတ်မိသည်ဖြစ်ရာ – "သူ့ဟာကလည်း မလွယ်ပါလား။ ကျိန်စာတွေနဲ့ဆိုတော့ မွေးတဲ့လူကတော့ အခက်ပဲ" ဟုပြောလိုက်ရာ ကျွန်ုပ်က –

"ဘာမျှမခက်နဲ့။ ကျုပ်မွေးမှာ၊ နို့ဘူးတိုက်ပြီး မွေးမယ်။ လောလောဆယ် ကျုပ် ခဝတ်ထားတဲ့ သက္ကလပ်တိုက်ပုံအင်္ကျီကိုရောင်းပြီး နို့မှုန့်ဘူးဝယ်ရမှာပဲ။ သူကြီး တာဝန်ယူပြီး ရောင်းပေးစမ်းပါဗျာ" ဟုပြောလိုက်ရာ သူကြီးက...

"တစ်နေ့က ကျေးရွာအစည်းအဝေးပွဲသွားတာ တိုက်ပုံအင်္ကျီမပါလို့ အပြောခံရတယ်။ ကျုပ်ပဲဝယ်မယ်ဗျာ၊ တစ်ရာ့ငါးဆယ်ပေးမယ်" ဟုဆိုကာ ကျွန်ုပ်၏ အင်္ကျီကို ယူပြီးလျှင် ငွေတစ်ရာ့ငါးဆယ်ထုတ်ပေးလေ၏။

"ဒီညကတော့ အချိန်မရှိဘူး။ နို့မှုန့်ဘူးက မနက်မှ ဝယ်ရမှာ။ ပြီးတော့ သူ့ကို တိုက်ဖို့ ဖန်နို့ဘူးလေးတစ်လုံးလည်း ဝယ်ရမယ်။ ဒီညအခက်ပဲ၊ သူကြီးဒီညအတွက် နွားနို့ရှာပေးဗျာ" ဟု ပြောလိုက်ရာ သူကြီးက...

“အဲဒါတော့ ရပါတယ်ဗျာ၊ ဒီရွာမှလည်း နို့ဘူးတိုက်ပြီး မွေးရတဲ့ ကလေးတွေရှိပါတယ်။ အဲဒီက နို့ဘူးတစ်လုံးသွားပြီးငှားတာပေါ့။ ကလေးရဲ့မူလပိုင်ရှင်ကတော့ ‘မင်းနန်သူ’လို့ နာမည်ပေးခိုင်းတယ်ဗျ။ အမှန်ကတော့ ဒီကလေးဟာ ‘ကောက်ရသူ’ဗျ … ဟုပြောလိုက်ရာ ကျွန်ုပ်က…

“သူကြီးကတော့ မင်းနန်သူ ကျိန်စာသင့်တော့မှာပဲ။ မြွေပွေး၊ မြွေဟောက်၊ ငန်းပြောက်၊ ငန်းကျား၊ ငန်းငါးပါးနဲ့ တွေ့သွားလိမ့်မယ်နော် သူကြီး” ဟု သတိပေးလိုက်ရလေ၏။

ကျွန်ုပ်သည် ရန်ကုန်သို့ မပြန်သေးဘဲ ထိုကလေးနှင့် ထိုရွာတွင် နောက်တစ်ည ဆက်၍နေလေ၏။ ရွာသားတစ်ဦးကို လွှတ်ကာ သဃ်န်းကျွန်းဈေးမှ နို့မှုန့်ဘူး၊ နို့သီးခေါင်း စသည်တို့ ဝယ်ခိုင်းလိုက်ရလေ၏။ ရွာမှ သားသည်အမေများကလည်း ကလေးအတွက် အင်္ကျီများ၊ အနှီးများ၊ အုပ်ဆေးများ လာ၍ပေးကြလေ၏။

ညပိုင်းသို့ ရောက်သောအခါ ကျွန်ုပ်သည် သူကြီးအိမ်တွင် ကာလသားများနှင့် စုဝေးကာ စကားပြောနေလေ၏။ ထိုအချိန်၌ ကာလသားတစ်ဦးရောက်လာပြီးလျှင်…

“သူကြီး သူကြီး ၊ ဟိုအိမ်ကြီးမှာ မီးရောင်တွေ့ပြန်ပြီဗျ” ဟုဆိုသဖြင့် ကာလသားတစ်အုပ်၊ လက်နက်အစုံအလင်ဖြင့် လိုက်ပါစေကာ ကျွန်ုပ်နှင့် သူကြီးသည် ထိုအိမ်သို့ တက်ရပြန်လေ၏။

အခန်းတွင်းသို့ ဝင်လိုက်ရာ ယမန်နေ့က ထွန်းထားသော ဖယောင်းတိုင်ကိုပင် ပြန်၍ ထွန်းထားသည်ကို တွေ့ရလေ၏။ ကလေးရခဲ့သောနေရာ ကြမ်းပြင်ပေါ်တွင် အနီရောင်ကတ္တီပါ ရှုံ့ကြိုးအိတ်ကလေးတစ်အိတ်ကို တွေ့ရသဖြင့် အိတ်အတွင်းသို့ နှိုက်ကြည့်ရာ ငွေတစ်သိန်းထုပ်တစ်ထုပ်ကို တွေ့ရလေ၏။ ထို့အတူ စာတစ်စောင်လည်း ပါလာလေ၏။

ကလေးအဖေလုပ်တဲ့လူ ကိုယ်ဝတ်တဲ့ တိုက်ပုံအင်္ကျီကိုရောင်းပြီး နို့မှုန့်ဘူးဝယ်ရတာကိုသိလို့ ငွေတစ်သိန်း လာပြီးပေးတာပါ။ ကလေးကို ကောင်းကောင်းမွေးပါ။

ကလေး၏အုပ်ထိန်းသူ

သူကြီးသည် ကျွန်ုပ်၏ နောက်ကျောမှ စာကိုဖတ်ပြီးသည်ဖြစ်ရာ —

“ဆရာရေ ငွေတစ်သိန်းဆိုတော့ အဲဒီကလေးကို ကောင်းကောင်းမွေးနိုင်ပါပြီဗျာ … ” ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က… “တစ်ခုပဲ သိချင်တယ်ဗျာ၊ ဒီကလေးရဲ့ အုပ်ထိန်းသူဆိုတာက ဘယ်သူလဲ။ သူ့ရဲ့မိဘလား။ ကလေးကို ဘာကြောင့် ဒီလိုပစ်ရတာလဲ။ ပစ်ပြီးတော့လည်း ပြန်ကြည့်ထားသေးတယ်။ ဆန်းတော့ အတော်ဆန်းတာပဲ။ ပစ်ပြန်တော့လည်း သရဲခြောက်တယ်လို့ နာမည်ကြီးတဲ့ အိမ်ပျက်ကြီးမှာ လာပစ်ထားတယ်” ဟု ပြောလိုက်ရာ သူကြီးက —

“ကျုပ်ဖြင့် မစဉ်းစားတတ်ပေါင်ဗျာ၊ ခင်ဗျားဘာသာခင်ဗျား စဉ်းစားပါ။ ပြီးတော့လည်း သူ့ဟာလည်း ကျိန်စာတွေဘာတွေနဲ့ဗျ။ ကျိန်စာကလည်း အခုခေတ် ကျိန်စာမဟုတ်ဘူး။ ပုဂံခေတ်က ကျိန်စာဗျ” ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က…

“အဖြစ်အပျက်ကတော့ ခပ်ဆန်းဆန်းပဲဗျ။ ကလေးရဲ့ မွေးဇာတာကိုတောင် ဖွဲ့ပေးလိုက်သေးတယ်။ ဒီကလေးရဲ့မိဘဟာ အထူးသဖြင့် အဖေပေါ့ဗျာ၊ သူဟာ

ဖေဒင်ကောင်းကောင်းတတ်ပုံရတယ်။ နောက်ပြီးတော့ မြန်မာစာပေနဲ့ မြန်မာသမိုင်းကို တီးမိခေါက်မိပုံရတယ်" ဟုပြောလိုက်ရာ သူကြီးက...

"ဟုတ်မယ်ဗျို့" ဟု ပြောလိုက်လေ၏။

ကျွန်ုပ်က မင်းနန်သူကလေးကိုချီ၍ ရန်ကုန်သို့ ပြန်လာပြီဖြစ်၏။ ရန်ကုန်သို့ ရောက်လျှင်ရောက်ချင်း ကလေးထိန်းတစ်ယောက်ကို အသည်းအသန်ရှာဖွေရလေ၏။ ကလေးထိန်းရသောအခါ ကလေးကို သူ၏လက်သို့အပ်၍ ထိန်းကျောင်းခိုင်းရလေ၏။

တစ်ပတ်ခန့်ကြာသောအခါ သူကြီးသည် အသက် ၃၀ ကျော်အရွယ် မိန်းမတစ်ယောက်နှင့်အတူ ကျွန်ုပ်၏ အိမ်သို့ ရောက်လာလေ၏။ "ဆရာရေ ကလေးတစ်ယောက်နဲ့ ဆရာဒုက္ခရောက်နေပြီဆိုတာသိလို့ ကလေးထိန်းခေါ်လာတာ။ ဒီမိန်းကလေးနာမည်က မခင်စိန်တဲ့၊ မုဆိုးမလေးပါဗျ။ သူက လခပေးဖို့ မလိုဘူး။ ကလေးထိန်းပေးမယ်၊ မိသားစုလို နေမယ်ပေါ့ဗျာ။ ထမင်းဟင်းတွေ ဘာတွေလည်း ချက်ပေးမယ်ပေါ့" ဟုပြောလေ၏။

"သူကြီးဖြစ်ပါ့မလားဗျ။ ကျုပ်ကလည်း အိမ်ထောင်ရှိတာမဟုတ်ဘူး၊ လူလွတ်ဗျ။ ဒီမိန်းကလေးနဲ့ အတူနေလို့ သင့်တော်ပါ့မလား" ဟု ပြောလိုက်ရာ သူကြီးက —

"ဆရာ့သိက္ခာကို ဆရာယုံရင် အတူနေပေါ့။ ပတ်ဝန်းကျင်ကပြောမယ့် စကားကို ဂရုမစိုက်ပါနဲ့။ မင်းနန်သူကလေးအတွက်ပဲ ကြည့်ရမယ်။ ခင်စိန်ဟာ မုဆိုးမဆိုပေမဲ့ ကလေးရဖူးတယ်ဗျ။ သူ့ကလေးက တော်တော်ကလေးကြီးလာမှ ဆုံးသွားတာဆိုတော့ ကလေးလည်း ထိန်းတတ်ပါတယ်ဗျာ။ ဆရာ့အတွက် အများကြီး အထောက်အကူပြုမှာပါ" ဟု ပြောပြန်လေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း ပထမဝင်လာသော ကလေးထိန်းကို ဖြုတ်ပစ်လိုက်ပြီးလျှင် ၎င်းမခင်စိန်ကိုပင် ကလေးထိန်းရန်အတွက် အိမ်၌ ခေါ်ထားလိုက်လေတော့၏။ မခင်စိန်နှင့် ကလေးအတွက် အခန်းတစ်ခန်းပေးရလေ၏။ မခင်စိန်ကို လခမပေးရဟု ဆိုသော်လည်း တစ်လလျှင် တစ်ရာသတ်မှတ်ကာ စာတိုက်၌ မခင်စိန်အတွက် ငွေစုပေးခဲ့လေ၏။ ကျွန်ုပ်သည် နံနက်မိုးလင်းသည်နှင့် ကားလမ်းရှိ ကျွန်ုပ်၏ ဗေဒင်ဟောခန်းသို့ သွားရေလေ၏။ နံနက်စာကို ဆိုင်တွင် ဝယ်စား၏။ ညနေစာကိုမူ ဈေးဖိုးပေးခဲ့သောကြောင့် မခင်စိန်က ချက်ပြုတ်ထားလေ၏။

မခင်စိန်သည် ဟင်းချက်ကောင်းသော မိန်းမတစ်ဦးဖြစ်၏။ ကျွန်ုပ်၏ အဝတ်အစားများကိုလည်း လျှော်ဖွတ်၍ မီးပူတိုက်ပေးထားတတ်၏။ တစ်အိမ်လုံးလည်း ပြောင်စင်အောင် လှည်းကျင်းထားတတ်၏။ ဘုရားစင်မှာလည်း အစဉ်သဖြင့် ပန်းများ၊ သောက်တော်ရေချမ်းများဖြင့် စည်ကားသိုက်မြိုက်လှ၏။

ကျွန်ုပ်သည် မခင်စိန်အတွက် လုံချည်အဝတ်အစားများ မကြာခဏ ဝယ်ပေးလေ့ရှိ၏။ မခင်စိန်သည် အရပ်မြင့်မြင့် ခေါင်ကောင်းကောင်း လုံးကြီးပေါက်လှ အမျိုးသမီးဖြစ်၏ အဝတ်အစားကို အဆင်ပြေအောင် ဝတ်တတ်၏။ ကလေးကိုလည်း လွန်စွာမှ ဂရုစိုက်၏။ သူသည် ကလေးကို နာမည်ပင်မခေါ် 'သမီး'ဟုသာ ကြင်နာစွာ ခေါ်တတ်လေ၏။

ကျွန်ုပ်ပြန်လာသောအခါ၌ သမီးကလေး ဘာလုပ်ပြသည်ကို တကူးတက ပြောပြတတ်လေ၏။

"ဆရာရေ၊ ဆရာ့သမီး ဒီနေ့ အူမြူးလိုက်တာ မပြောနဲ့တော့၊ တစ်နေလုံး တခစ်ခစ်ရယ်နေတယ်။ ဒီနေ့တော့ တစ်နေ့လုံး ဂျီတိုက်နေတယ်။ ကလေး လေဆေးတိုက်လိုက်မှ ဝမ်းရော၊ လေရော သွားပြီး အိပ်သွားရှာတယ်၊ လေဆန်နာ ရှိတယ်နဲ့တူပါရဲ့" ဟူသော စကားမျိုးကို ပြောတတ်လေ၏။

ဤသို့နှင့်ပင် မင်းနန်သူလေးသည် စကားတွတ်တီးတွတ်တာပြောတတ်သော အရွယ်သို့ ရောက်လာလေ၏။ ကျွန်ုပ်ကိုလည်း "ဖေဖေကြီး" ခေါ်တတ်နေပြီ ဖြစ်၏။ မခင်စိန်ကိုမူ... "အမေစိန်" ဟုခေါ်လေ၏။

ကျွန်ုပ်မှာ လွန်စွာခိုင်၍ လွန်စွာတင်းသော သံယောဇဉ်ကြိုးတစ်ချောင်း ငမိုးရိပ်ချောင်းအနီး ရွာကြီးတစ်ရွာမှ ရရှိခဲ့ပြီဖြစ်၏။ ဤသို့နှင့်ပင် ကလေးကို ကျောင်းအပ်သောအရွယ်သို့ ရောက်လာလေတော့၏။

ထို့ကြောင့် မူကြိုကျောင်းကို အပ်ရလေ၏။ ထိုမှတစ်ဖန် မူလတန်းကျောင်းသို့ အပ်ရသောအရွယ်သို့ ရောက်လာပြန်၏။ ထိုအခါ မူလတန်းကျောင်းသို့ အပ်ရပြန်၏။ တစ်နေ့တွင် ကျွန်ုပ်အံဆွဲ၌ ထည့်ထားသော ရာတန်နှစ်ရွက်၊ ပျောက်ဆုံးနေသည်ကို တွေ့ရသဖြင့် သမီးကိုခေါ်၍ ...

"သမီး ... အဖေကြီးအံဆွဲထဲက ငွေနှစ်ရာ ပျောက်နေတယ် သမီးယူသလား" ဟုမေးရာ ၎င်းက ...

"ဘုရားသခင် ဟောတော်မူသော ဝိနည်း ၅ ကျမ်း၊ သုတ် ၃ ကျမ်း၊ အဘိဓမ္မာ ၇ ကျမ်း၊ ဓမ္မခဏ္ဍာပေါင်းရှစ်သောင်း လေးထောင် ကျမ်းကုန်အောင်ကို စောင့်သောနတ်လည်း သတ်၍ မနေသေစေသောဝ်ဟူလေ သေပါစေ .. သေပါစေ။

"ဖေဖေကြီးပိုက်ဆံကို သမီးမခိုးပါ၊ ခိုးမိခဲ့လျှင် မင်းနန်သူကျိန်ခြင်း၊ ထုံးနယ်ဆင်းသည်၊ ထင်းမီးစသို့ တစ်စတစ်စ တိုစေသောဝ်ဟူလေ တိုပါစေ ... တိုပါစေ" ဟု ကျိန်ပြန်လေတော့၏။

ကျွန်ုပ်လည်း ထိတ်လန့်သွားလေ၏။ ကလေးငယ်တစ်ဦးက ဤသို့လျှင် ခမ်းခမ်းနားနား ကျိန်လိုက်သောကြောင့် ...

"ကြည့်စမ်း ကြည့်စမ်း ကလေးလေးက အတတ်ကောင်းတွေ တတ်နေလိုက်တာ။ ခင်စိန်လာစမ်း၊ ဒါ နင်သင်ပေးထားတာမဟုတ်လား။ အဲဒီလို မဟုတ်တာတွေကို မသင်နဲ့နော် ငါမကြိုက်ဘူး" ဟု ပြစ်တင်ကြိမ်းမောင်းရလေ၏။

ခင်စိန်သည် အသားများ တဆတ်ဆတ်တုန်သည်အထိ ကြောက်လန့်ကာ နောက်နောင် မလုပ်တော့ကြောင်း ဝန်ခံကတိပေးလေ၏။ ပျောက်ဆုံးသွားသော ငွေနှစ်ရာကလည်း ခင်စိန်က ၎င်းပင်ယူ၍ ကနကမာ ဆံညှပ်တစ်ခု ဝယ်မိကြောင်း ထုတ်ဖော်ဝန်ခံလေ၏။ ကျွန်ုပ်သည် မင်းနန်သူကလေးကို အပြင်သို့ ခေါ်သွားပြီးလျှင် ချော့မော့ရလေ၏။ ၎င်းအလိုရှိသော ပစ္စည်းများကို ဝယ်ပေး၍ ခင်စိန်က ကျိန်ဆိုခြင်းကို မည်သို့မည်ပုံသင်ပေးကြောင်း သိလို၍ မေးမြန်းရာ ကလေးက ပြောသဖြင့် အကြောင်းစုံကို သိရလေတော့၏။

ခင်စိန်သည် ကလေးငယ်စဉ်ကပင် ကလေး မအိပ်၍ ချော့သိပ်သောအခါ၌ သီချင်းဆို၍ မသိပ်ပဲ ကြားရသူတိုင်း ကြက်သီးမွေးညင်းထဖွယ် အသံနေအသံထားဖြင့် ရွတ်၍ သိပ်ခဲ့ကြောင်း သိရလေတော့၏။ ကျွန်ုပ်ချစ်သော သမီးကလေးသည် ကြောက်မက်ဖွယ်ကောင်း၍ လွန်စွာမှရှည်လျားသော မင်းနန်သူကျိန်စာကို အလွတ်ရွတ်ဆိုနိုင်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ထိုကျိန်စာကို မေ့ပစ်ရန် နောက်နောင်မကျိန်ရန် ချော့မော့ဆုံးမရလေ၏။ သမီးကလေးကလည်း နောက်နောင်ဤသို့ ပြုလုပ်မည်မဟုတ်ကြောင်း ဝန်ခံကတိပေးလေတော့၏။

တစ်နေ့တွင် ကျွန်ုပ်နှင့် သမီးလေးသည် စာအုပ်အဟောင်းရောင်းသော ဆိုင်တစ်ဆိုင်သို့ ရောက်ရှိသွားလေ၏။ ထိုဆိုင်တွင် စာအုပ်အဟောင်းသာမက ပစ္စည်းအဟောင်းများကိုပါ ရောင်းလေ့ရှိသော 'ခင်ကျော်'ဆိုသော လူတစ်ဦးနှင့် တွေ့ဆုံလေ၏။

ကျွန်ုပ်သည် ၎င်းခင်ကျော်အား –

"ကိုခင်ကျော်တစ်ယောက် မတွေ့တာကြာမင့်ပဲ" ဟုပြောလိုက်ရာ ၎င်းက ...

"ခရီးထွက်နေတယ် ဆရာရဲ့၊ မြင်းခြံဟိုဘက် ဆင်တဲဝနားကို သွားနေရတယ်။ အဲဒီအနားမှာက ရှေးဟောင်းရွာကြီးတွေရှိတယ်။ မင်းရင်၊ ဇရျမ်းကန်မြ၊ တမိုက်သာဆိုတဲ့ ရွာကြီးတွေပေါ့"

"အဲဒီရွာကြီးတွေမှာ ရေတွင်းတူးရင်းဘာရင်း ရှေးဟောင်းပစ္စည်းတွေ ရလေ့ရှိတယ်။ ဒါကြောင့် ဟိုဘက်ကိုလိုက်ပြီး ရှာနေတာ။ အလောင်းဘုရားကိုင်တော်မူခဲ့တဲ့ တိုက်ပွဲဝင်ဓားတစ်လက်ရခဲ့တယ်။ ဆရာပိုက်ဆံပေးလိုက်၊ ကျွန်တော်ယူခဲ့မယ်။ ဒါမှမဟုတ် ကျွန်တော်နဲ့လိုက်ခဲ့ အိမ်မှာရှိတယ်" ဟု အသံပျော့ပျော့ဖြင့် ပြောလေ၏။ ထိုအခါ သမီးကလေး မင်းနန်သူသည် ကျွန်ုပ်အား တံတောင်ဖြင့် အသာအယာတို့လေ၏။

"ကျွန်တော့်ကို ယုံရင်တော့ ငွေသာပေးလိုက်ပါ။ ကျွန်တော်လာပို့ပါ့မယ်၊ မယုံရင်တော့ လိုက်ခဲ့ပေါ့" ဟု ကိုခင်ကျော်က ညင်သာစွာ ပြောပြန်လေ၏။ ထို့ကြောင့် ကျွန်ုပ်က —

"မယုံလို့တော့ မဟုတ်ပါဘူးဗျာ၊ ကြည့်ချင်လို့ လိုက်ခဲ့ချင်တာပါ" ဟုဆိုကာ လေးဘီးကားငှား၍ ကျွန်ုပ်တို့သားအဖနှစ်ဦးလည်း ကိုခင်ကျော်နဲ့အတူ လိုက်၍ သွားလေ၏။ ၎င်းကိုခင်ကျော်၏ အိမ်သည် သဃ်န်းကျွန်းဘူတာအနီးမှ သွားရ၏။ လွန်စွာမှ ချောင်ကျလေ၏။

၎င်းအိမ်သို့ရောက်သောအခါ၌ အလောင်းဘုရားကိုင်တော်မူခဲ့သည်ဆိုသော တိုက်ပွဲဝင်ဓားကို မတွေ့ရချေ။ ဟိုလူ့ကိုကြည့်ဖို့ပေးလိုက်သည်။ ဒီလူ့ကိုကြည့်ဖို့ ပေးလိုက်သည်ဟူသော မရေရာသော စကားများကိုသာကြားရလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့ သားအဖလည်း စိတ်ပျက်စွာဖြင့် ပြန်လာခဲ့ကြလေတော့၏။ လမ်းတွင် သမီးလေး မင်းနန်သူက ကျွန်ုပ်အား ...

"အဖေကြီးကလည်း သမီးတံတောင်နဲ့ တွက်နေတာပဲ။ ဒီလူမမှန်ဘူးဆိုတာ သမီးတောင်သိနေတယ်၊ အဖေကြီးမသိဘူးလား" ဟုပြောလေသည်။ ထို့ကြောင့် ကျွန်ုပ်က

"သမီးဘယ်လိုသိတာလဲ" ဟုမေးရာ သမီးလေးက ...

"သူ့နာမည်က ခင်ကျော်တဲ့။ ခင်ဆိုတဲ့အလုံးဟာ ခနိတဗျည်းနဲ့ မှည့်ထားတာ။ စကားပြောရင် အသံမာမာငေါက်ဆတ်ဆတ်ပြောရမှာ၊ အခုသူ့စကားသံက အလွန်ပျော့ပြီး အလွန်ချိုနေတယ် ဒါကြောင့်မမှန်ဘူးလို့ သမီးက သိနေတာ။ ပြီးတော့ ကကြီးနောက်က ခကွေးလိုက်ရမှာ အခုတော့ ခင်ကျော်ဆိုတော့ ခကွေးနောက်က ကကြီးလိုက်နေတယ်။

"အဲဒီတော့ သူ့နာမည်က ဝုတ္တိပြန်နေတယ်။လောင်းကစားရင်လုပ်၊ အရက်ရင်သောက်၊ အပျော်အပါးရင် လိုက်၊ တစ်ခုခုမှာ အလွန်အကျွံဖြစ်တတ်တယ်" ဟုပြောလိုက်ရာ ကျွန်ုပ်က ...

"ဟုတ်တယ်သမီး၊ ဒီလူက ဖဲသမားပဲ။ တစ်လောက အိမ်ကိုပေါင်ပြီး ဖဲရိုက်လို့ နေစရာမရှိအောင် ဖြစ်သွားသေးတယ်။ နေစမ်းပါဦး၊ သမီးက ဒါတွေကိုဘယ်လိုလုပ်ပြီးတတ်နေရတာလဲ" ဟု မေးလိုက်ရာ သမီးလေးက ...

"ဒီဥစ္စာ ဆန်းကျမ်းဗေဒင်ပဲ အဖေကြီးရဲ့၊ သမီးကို အမေစိန်က သင်ပေးထားတာ။ သမီး (၇) တန်း ကတည်းက တတ်ပါတယ်" ဟုပြောလေ၏။

"နေစမ်းပါဦး၊ ဒီခင်စိန်က ဒါတွေတတ်သတဲ့လား" ဟု ကျွန်ုပ်မေးလိုက်ရာ မင်းနန်သူလေးက ...

"အမေစိန်ရဲ့ အဖေကြီးက ဗေဒင်အလွန်တတ်တယ်ဆိုပဲ။ နောက်ပြီးတော့ အဲဒီရွာမှာ မူလတန်းကျောင်းအုပ်ဆရာကြီးတဲ့။ အခုတော့ မရှိတော့ပါဘူး။ အမေစိန်က သမီးကိုဇာတာဖွဲ့နည်း၊ အာယုစန်းဟောနည်းပါ သင်ထားပေးတယ်။ သမီး ဇာတာဖွဲ့တတ်ပါတယ်။ ထန်းဖူးပေါ်မှာ ကညစ်နဲ့လည်း ရေးတတ်ပါတယ်" ဟု ပြောရာ ကျွန်ုပ်လည်း မျက်လုံးပြူး၍ သွားရလေ၏။ ထို့နောက် မင်းနန်သူက အင်္ဂဝိဇ္ဇာအကြောင်း ပြောပြန်လေ၏။ သူပြောပြသော အင်္ဂဝိဇ္ဇာမှာ ပုဂခေတ်တွင် အသုံးပြုခဲ့သော အင်္ဂဝိဇ္ဇာ၊

မိတ္ထီလာပြည်ကြီးတွင် ဆရာကာလီဒါသက တြိစန္ဒြမင်းနှင့် အတိတျာမင်းသားတို့ကို သင်ပေးခဲ့သော အင်္ဂဝိဇ္ဇာဖြစ်၏။ ကျွန်ုပ်လည်း အံ့သြနေ၏။

"သြော် ခင်စိန်က အဲဒီလောက်ကို တတ်သကိုး၊ ပြီးတော့ သမီးကလေးပါ အဲဒီလောက်ထိ တတ်ထားတာကိုး" ဟုပြောလိုက်ရာ မင်းနန်သူက ...

"တတ်ပါတယ် အဖေကြီးရဲ့၊ သမီးကျိန်ပြီးပြောရမလား" ဟု ပြန်၍ မေးလေ၏။ ထိုအခါ ကျွန်ုပ်က ... "ယုံပါတယ် သမီးရယ် မကျိန်ပါနဲ့တော့၊ သမီးဆိုတဲ့ ကျိန်စာကို အဖေကြီး ကြက်သီးထလွန်းလို့ပါ" ဟုပြောရလေ၏။

ဤသို့နှင့်ပင် သမီးကလေး မင်းနန်သူသည် (၁၀)တန်းသို့ပင် ရောက်ရှိလာ၏။ ထိုအချိန်၌ သမီးကလေးက စင်ကာပူတွင် ကျောင်းတက်လိုသည်ဆိုသဖြင့် ကျွန်ုပ်လည်း ကြိုးစားရလေ၏။ သမီးကလေး စင်ကာပူသို့ သွားမည့်နေ့တွင် ခင်စိန်သည် မခွဲနိုင်သဖြင့် လူးလိမ့်၍ ငိုလေ၏။ ကျွန်ုပ်လည်း မျက်ရည်သာမကျခြင်း ဖြစ်၏။ သို့ရာတွင် ငိုကြွေးနေ၏။ နေ့စဉ်နေ့တိုင်းလည်း ခင်စိန်နှင့် ကျွန်ုပ်သည် ...

"သည်အချိန် သမီးကလေး ကျောင်းတက်နေပြီ၊ ဒီအချိန် သမီးကလေး ထမင်းစားနေပြီ၊ ဒီနေ့ကျောင်းပိတ်တယ်၊ သမီးကလေး ဘယ်လျှောက်လည်နေမယ် မဆိုနိုင်ဘူး" ဟု ပြောဖြစ်ကြတော့၏။

(၂)နှစ်ခန့်ကြာသောအခါ ကျွန်ုပ်လည်း သမီးကလေးကို လွန်စွာမှ လွမ်းဆွတ်မိလေ၏။ ထို့ကြောင့် သမီးကလေး ပြန်လာရန် အတွက် "အဖေကြီး အသည်းအသန် ဖြစ်နေသည်။ ဆေးရုံတက်နေရသည်" ဟု လိမ်လည်၍ မှာကြားလိုက်ရာ ချစ်လှစွာသော သမီးကလေး မင်းနန်သူသည် နေ့ချင်းညချင်း ရောက်ရှိလာလေ၏။

ကျွန်ုပ် ဘာမှမဖြစ်သည်ကိုတွေ့လျှင် သမီးကလေးက ...

"အဖေကြီးက သမီးကိုလိမ်တာကိုး၊ အဲဒီလို လိမ်တာကိုမကြိုက်လို့ ပုဂံခေတ်က လူတွေက ကျိန်ဆိုတဲ့ဝေလေ့ လုပ်ကြတာပဲ" ဟုပြောလေ၏။ သမီးကလေး ရှိနေစဉ်အတွင်း စိတ်ပြေလက်ပျောက်သဘောဖြင့် သမီးကလေးကို ရခဲ့သော ငမိုးရိပ်ချောင်းဘေးမှ ရွာကြီးဆီသို့ အလည်အပတ်သွားကြလေ၏။ ခင်စိန်လည်း လိုက်ပါခဲ့လေ၏။ ကျွန်ုပ်တို့လာမည်ဆိုသောကြောင့် သူကြီးဦးစိန်အုပ်က ကြက်သားဟင်းဆီပြန်၊ ပုဇွန်တုပ်အစိမ်းသုပ်၊ ငါးဖယ်ရိုးဟင်းချိုတို့ကို စီမံထားလေ၏။

မင်းနန်သူကလေးကို ကောက်ရစဉ်က လိုက်ပါခဲ့သော ကာလသားများလည်း လူကြီးများ ဖြစ်ကုန်ကြပြီဖြစ်၏။ အချို့မှာ ကျေးရွာကောင်စီအဖွဲ့ဝင်များ ဖြစ်၏။ အချို့မှာ ကုန်သည်ကြီးများ ဖြစ်နေကြပြီဖြစ်၏။ ၎င်းတို့အနက်မှ အချို့က ကျွန်ုပ်အား ... "ဆရာ ဟိုအိမ်ကြီးပေါ်က ကျိန်စာနဲ့ရတဲ့ ကလေးလား" ဟု မေးကြလေ၏။

ကျွန်ုပ်ကလည်း "ဟုတ်ပါတယ် တိုးတိုးပြောစမ်းပါ၊ သမီးကြားသွားပါဦးမယ်" ဟု ဟန့်တားရလေ၏။ အချို့ကလည်း – "ကြည့်စမ်းပါဦး ၊ တသွေးတမွေးကြီးနော်" ဟု ပြောကြကုန်၏။ ထမင်းစားပြီးသောအခါ၌ ငမိုးရိပ်ချောင်းဘေးတွင် လျှောက်၍ကြည့်လိုသည်ဟု သမီးကပူဆာသောကြောင့် ကျွန်ုပ်နှင့် ခင်စိန်သည် သမီးကလေးကို လိုက်လံပြကြလေ၏။

တစ်နေရာသို့ ရောက်သောအခါ၌ ရှည်လျားသော မြက်တောတစ်ခုကို ဖြတ်၍လျှောက်ရလေ၏။ ထိုသို့လျှောက်စဉ် သမီးကလေးသည် "အား"ဟု ငယ်သံပါအောင် အော်၍ လဲကျသွားသဖြင့် ကျွန်ုပ်လည်း သမီးကလေးအား ပွေ့ထားရလေ၏။ ခင်စိန်ကမူ သမီး၏ ခြေထောက်အနီးသို့ ကြည့်လိုက်ပြီးလျှင် – "မြွေ မြွေ မြွေ" ဟု အလန့်တကြား အော်လေ၏။ ထိုအခါ လှည်းလမ်းကြောင်းတွင် လျှောက်လာသော ရွာသားတစ်ဦးက တုန်တစ်ချောင်းကို ကောက်လာပြီးလျှင် ထိုမြွေကို ရိုက်၍သတ်လိုက်လေ၏။

ကျွန်ုပ်လည်း မကြည့်မရဲကြည့်ရဲနှင့် ထိုမြွေကိုကြည့်လိုက်ရာ တစ်ကိုယ်လုံး အစက်အပြောက်များ ပြည့်နေသည့် မြွေမျိုးဖြစ်သည်ကိုတွေ့ရလေ၏။ မြွေကို ရိုက်သောသူက

"ငန်းပြောက် ငန်းပြောက်၊ မြွေဟောက်အုပ်စုထဲမှာပါတယ်။ သူတို့က ငါးမျိုးရှိတယ်။ ငန်းပြောက်၊ ငန်းကြား၊ ငန်းငါးပါးလို့ခေါ်တယ်၊ အဆိပ်ပြင်းတယ်၊ ကျွန်တော် ကျန်းမာရေးမှူးကို သွားခေါ်ဦးမယ်" ဟု ဆိုကာ ပြေးထွက်သွားလေ၏။

ကျွန်ုပ်လည်း အားပေးစကားပြောကာ သမီးကလေးကို ပွေ့ထားရလေ၏။ ခင်စိန်မှာမူ ထဘီကိုဖြဲ၍ မြွေကိုက်သော ဒဏ်ရာအထက်မှနေ၍ စည်းပေးထားလေ၏။ ကျန်းမာရေးမှူးရောက်လာပြီးလျှင် စမ်းသပ်ကြည့်ကာ ခေါင်းကိုဖြေးညင်းစွာ ခါလိုက်လေ၏။ သမီးလေးမှာ အသက်ပျောက်နေပြီဖြစ်၏။ ခင်စိန်သည် မြေပြင်ပေါ်တွင် လူးလိမ့်၍ ငိုကြွေးနေ၏။ ငိုကြွေးရင်းတက်၍သွားသဖြင့် အနီးအပါးမှမိန်းမများက ခြေမများ၊လက်မများကို ချိုးပေးကြလေ၏။ ကျွန်ုပ်မှာလည်း ကမ္ဘာပျက်သကဲ့သို့ ခံစားရလေ၏။ သမီးကလေးသည် အသက်ထွက်ခါနီးတွင် ...

"အဖေကြီး ဘယ်တော့မှမျှကျိန်နဲ့နော်" ဟု မပီကလာ ပီကလာပြောသွားလေ၏။ ကျွန်ုပ်လည်း ခင်စိန်သတိရလာသောအခါ၌ ခင်စိန်အား ကြိမ်းမောင်းမိလေ၏။

"အယုတ်တမာမ၊ ကလေးကို ကျိန်နည်းတွေ နင်သင်တာ၊ မြို့မှာနေတဲ့ ကလေး မြွေကိုက်သေရတယ်လို့ဗျာ" ဟု ယောင်ယမ်း၍ အော်ဟစ်မိလေတော့၏။ ထို့နောက်တွင်ကား သူကြီး၏ အကူအညီနှင့်ပင် ထိုရွာ၏သင်္ချိုင်း၌ သမီးကလေးကို ဂူသွင်း၍ သင်္ဂြိုလ်လေ၏။

ကျွန်ုပ်သည် ရန်ကုန်တွင်နေသည်ဆိုသော်လည်း တစ်ပတ်တစ်ခါ ထိုသင်္ချိုင်းသို့ သွားရောက်ကာ သမီးကလေး၏ အုတ်ဂူ၌ရှိသော ပန်းအိုးကလေးများကို ပန်းလဲ၍ ပေးတတ်လေ၏။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် ရာသက်ပန် ကိုးပါးသီလနှင့်သာနေလေတော့၏။ တစ်နေ့တွင် ကျွန်ုပ်သည် သမီးကလေး၏ အုတ်ဂူတွင်ကပ်နေသော ရေညှိများကို အုန်းဆံဖတ်နှင့် တိုက်နေမိလေ၏။ ထိုအချိန်၌ မော်တော်ကားတစ်စီးသည် မလှမ်းမကမ်းတွင် လာ၍ရပ်လေ၏။ ထို့နောက် ကားပေါ်မှ သမီးကလေးတို့အရွယ် ကောင်လေးတစ်ယောက် ဆင်းလာလေ၏။

ကောင်လေးမှာ ရုပ်ရည်ချောမော၍ ယောကျ်ားပီသပြီးလျှင် အရပ်အမောင်းကောင်းလေ၏။ ထို့နောက် ထိုကောင်လေးက ကျွန်ုပ်အား အင်္ဂလိပ်ဘာသာစကားဖြင့် နှုတ်ဆက်လေ၏။ ပြီးလျှင် ထိုကောင်လေးက သူသည် မင်းနန်သူနှင့် စင်ကာပူတွင် ကျောင်းနေဖက်ဖြစ်ကြောင်း၊ ထို့ပြင် မင်းနန်သူ၏ ချစ်သူလည်းဖြစ်ကြောင်း ရှင်းပြလေ၏။

မင်းနန်သူနှင့် ၎င်းသည်ခွဲ၍မပြန်ကြောင်း ကတိကဝတ်ထားကြလေ၏။ ထိုသို့ထားရာတွင် ၎င်းက မင်းနန်သူအား မယုံဘူးဟု ပြောမိရာ ... "အန်ကယ်ရယ် မင်းနန်သူက ကျိန်လိုက်တာ မပြောနဲ့တော့ ခွဲပြီးပြန်ခဲ့လို့ရှိရင် အဲဒီကျိန်စာစူးပါစေပေါ့။ ကျိန်စာကလည်း အရှည်ကြီးပဲ၊ သူပဲတတ်တယ်။ သူ့ကျိန်စာကို နားထောင်ရတာ ကျွန်တော်ဖြင့် ကြောက်တောင်ကြောက်တယ်။ မီးစလိုတိုပါစေဆိုတာလည်း ပါတယ်၊ မြွေကိုက်ပြီး သေပါစေဆိုတာလည်းပါတယ်။ မြွေနာမည်တွေတောင်ထည့်ပြီးဆိုတယ်။ အန်ကယ်က လိမ်ပြီးခေါ်လိုက်တော့ မင်းနန်သူက ပေးထားတဲ့ ကတိကိုဖျက်ပြီး ပြန်လာရတော့ သူကျိန်တဲ့ကျိန်စာဟာ သူ့ကိုစူးသွားပြီနဲ့တူတယ်" ဟုပြောလိုက်ရာ ကျွန်ုပ်က ... "သိပြီ သိပြီ မပြောနဲ့တော့" ဟု ပြောလိုက်ရလေ၏။ ခင်စိန်မှာမူ မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ ရွာဘက်သို့ ထွက်ပြေးသွားလေတော့၏။

ကျွန်ုပ်သည် မင်းနန်သူ၏ အုတ်ဂူကို ခေါင်းဖြင့်ဆောင့်၍ ငိုကျွေးနေလေ၏။ ထိုအချိန်၌ မိန်းမကြီးတစ်ယောက်သည် တောင်ဝှေးတစ်ချောင်းထောက်၍ ကျွန်ုပ်ထံသို့ ရောက်လာလေ၏။ ထို့နောက် ကျွန်ုပ်အနီးတွင် ထိုင်ကာ ...

"ကဲ ကျောင်းဆရာလေး၊ အဒေါ်က ဟိုးဘက်ရွာကပါ။ ကလေးမအတွက် စိတ်မကောင်းလို့ပါ။ ကျောင်းဆရာလေး ကလေးမအတွက် ဘယ်လောက်ပူဆွေးနေရတယ်ဆိုတာလည်း အဒေါ်ကြားတယ်။

အဒေါ်ဟာ အခု အသက် ၈၀ ကျော်ပါပြီ၊ သွေးတိုးရောဂါလည်းရှိတယ်၊ သိပ်ပြီး ကြာကြာနေရမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကလေးမရဲ့ အဖြစ်မှန်ကို သိအောင် လှည်းကြုံနဲ့လိုက်လာပြီး ကျောင်းဆရာလေးကို လာတွေ့တာပါ။ ဒီကလေးမလေးဟာ ဘယ်သူ့သမီးလဲ” ဟု မိန်းမကြီးက မေးလေ၏။

“ဘယ်သူ့သမီးကမလဲ အဒေါ်ရယ်၊ မင်းနန်သူကလေးဟာ ကျွန်တော့်သမီးပေါ့” ဟုပြောလိုက်လျှင် မိန်းမကြီးက ... “ဆရာလေးသမီးဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ သမီးအရင်းတော့ မဟုတ်ဘူးလေ။ ဟိုချောင်းနဖူး သရဲခြောက်တယ်ဆိုတဲ့ အိမ်ကြီးက ဒီကလေးရခဲ့တာ မဟုတ်လား။ ဒီကလေးဟာ မင်းအိမ်ကိုရောက်နေတဲ့ ခင်စိန်နဲ့ သူကြီးစိန်အုပ်တို့ တိတ်တိတ်ညားပြီးရတဲ့ကလေးကွယ့်။ ခင်စိန် ကိုယ်ဝန်ရှိတဲ့အခါမှာ ရွာကမသိအောင် သူကြီးစိန်အုပ်ကိုယ်တိုင် အဒေါ့်အိမ်မှာ လာပြီးပို့ထားတာ။ ဒီကလေးကို အဒေါ့်အိမ်မှာပဲ မွေးသွားတာ။”

“ဒီကလေးကို မင်းလက်ထဲရောက်အောင် စီမံတာကတော့ ခင်စိန်ညဏ်ပဲ။ ခင်စိန်ဟာ အတော်ဉာဏ်ပြေးတဲ့ မိန်းကလေး။ မင်းဆီကိုလည်း ကလေးရောက်ရော၊ သူကြီးက သူ့ကို ကလေးထိန်းအဖြစ်နဲ့ တစ်ဖက်လှည့်လာပို့တာ။ ခင်စိန်ဟာ တောသူဆိုပေမဲ့ မခေဘူး ကျောင်းဆရာရေ့၊ ဗေဒင်လေးပုံကိုလည်း ဆူရာရွှေးနှုတ်ပြီး မီးဖုတ်စားထားတဲ့မိန်းမ။”

“ရှေးဟောင်းရာဇဝင်တွေလည်း ထုံးလိုချေ ရေလိုနှောက်ထားတာ၊ အဲဒါလေး သိအောင် လာပြီးပြောတာ။ နောက်တစ်ခုကတော့ သူကြီးနဲ့ ခင်စိန်က ပေါင်းတော့တာမှမဟုတ်ပဲ၊ အရည်အချင်းရှိတဲ့ မိန်းမတစ်ယောက်ကို ဒီအတိုင်း ပစ်မထားပါနဲ့ကွယ်၊ မင်းပဲ ယူလိုက်ပါ” ဟု ပြောသဖြင့် ကျွန်ုပ်က

“ကျွန်တော်က ကျိန်စာကိုကြောက်တယ်၊ ခင်စိန့်ကိုမယူရဲပေါင်” ဟု ပြတ်ပြတ်သားသားပင် ငြင်းဆိုလိုက်ပြီးနောက် ... “သမီးကလေး မင်းနန်သူရေ အဖေကြီးပြုတဲ့ ကုသိုလ်ကောင်းမှုတွေ အားလုံးရပါစေကွယ်၊ အမျှ ၊ အမျှ ၊ အမျှ” ဟု အမျှပေးလိုက်ပြီးလျှင် ကျွန်ုပ်၏ မျက်လုံးအိမ်မှ စီးကျလာသော မျက်ရည်နှစ်ပေါက်ကို လက်ဖနောင့်နှင့် သုတ်ရင်းထိုနေရာမှ ထွက်လာခဲ့လေ၏။

ထို့နောက် မင်းနန်သူ၏ချစ်သူဆိုသော ကောင်ကလေး၏ကားနှင့်ပင် ကျွန်တော်ရော ခင်စိန်ပါ လိုက်ပါလာကြလေတော့သတည်း။

⁂ ⁂ ⁂



# မင်းသိင်္ခ

## ပုတီးသမားတစ်ဦးအကြောင်း

# မုတ်းသမားတစ်ဦးအကြောင်း

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ အသက်ငါးဆယ်ကျော်ခန့်အရွယ်ရှိသော ကျွန်ုပ်၏မိတ်ဆွေ ဦးပီတာဆိုသည့် လူကြီးတစ်ဦးနှင့် အသက်ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်အရွယ် ပေတလူဆိုသည့် သူငယ်လေးတစ်ဦးတို့သည် အလည်အပတ် ရောက်ရှိလာကြလေ၏။ ၎င်းတို့ရောက်ပြီး များမကြာမီ၌ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သာညဏ်ဆိုသည့် အဒေါ်ကြီးတစ်ဦးလည်း ထပ်မံရောက်ရှိလာ၏။

ဒေါ်သာညဏ်ကြီး ရောက်လာပြီးနောက်တွင် မရှေးမနှောင်းဆိုသလိုပင် ကျွန်ုပ်နှင့် တစ်ရပ်တည်းနေခဲ့ဖူး၍ ရပ်ဆွေရပ်မျိုးတော်စပ်သော ညာကလိဆိုသည့် အရူးတစ်ယောက်လည်း ရောက်လာပြန်၏။ ကျွန်ုပ်သည် ၎င်းတို့လေးဦးအား အရိပ်ကောင်းသော သီဟိုဠ်ပင်ကြီးတစ်ပင်အောက်၌ နေရာချထားပေးပြီးလျှင် လက်ဖက်ဖြင့်ကြော်သော ထမင်းကြော်၊ လက်ဖက်ရည်အချိုတို့ဖြင့် ဧည့်ခံထားကာ မော်ဘီဈေးသို့ သွားရလေ၏။ ဈေးမှပြန်ရောက်သောအခါ မီးဖိုများ၊ အိုးခွက်ပန်ကန်များကို ၎င်းတို့ရှိသော သီဟိုဠ်ပင်ကြီးအောက်သို့ပင်ရွှေ့ကာ နံနက်စာကို ချက်ပြုတ်ရလေ၏။ ဆီးဖြူသီး၊ ဂွေးသီး၊ ဆီးသီး၊ မန်ကျည်းသီးစိမ်းတို့ကို ပြုတ်ကာ အနှစ်ယူ၍ ထိုအနှစ်ဖြင့် ဝက်သားဟင်းကို ဆီပြန်ချက်ရလေ၏။

ဝက်သားဟင်းဆီပြန်ကျက်သွားသောအခါ ငါးခူးတစ်ဆယ်သားကို ငံပြာရည်ဖြင့် ပြုတ်၍ အသားများနွှာပြီးလျှင် ရေနွေးအိုးကြီးအတွင်းသို့ခပ်ကာ အကောင်းစားငံပြာရည်များထည့်ပြီး မီးထိုးရလေ၏။ ထိုအိုးကြီး ပွက်ပွက်ဆူလာသောအခါ၌ ရွှေဖရုံညွန့်၊ ရွှေဖရုံပွင့်၊ ပင်စိမ်း၊ ငရုတ်သီး(ကာလီသီး)၊ ငရုတ်ကောင်း၊ ရုံးပတီသီးတို့ခပ်၍ ဟင်းချိုချက်ရလေ၏။ ပြီးလျှင် ငံပြာရည်ချက်တစ်ခွက်လည်း လုပ်ရလေ၏။ မုန်လာဥချဉ်ဖတ်တို့ကို အတို့အဖြစ် ထည့်ရလေ၏။ အလုံးစုံကျက်သောအခါ၌ ၎င်းတို့လေးဦးအား နံနက်စာအဖြစ် တည်ခင်းကျွေးမွေးရလေ၏။

ညာကလိသည် ကျွန်ုပ်ချက်သော ဝက်သားဟင်းကမှ လွန်စွာနှစ်သက်ပုံရ၏။ ဒေါ်သာညဏ်ကြီးကမူ ဟင်းချိုကို ချီးမွမ်းနေ၏။ ဦးပီတာနှင့် ပေတလူတို့မှာ မျှတစွာ သုံးဆောင်နေကြ၏။ ထိုအချိန်၌ ဒေါ်သာညဏ်ကြီးက ... "ထမင်းစားလို့ ကောင်းလိုက်တာတော်၊ အခုနေများ ညာကလိက ဝိဇ္ဇာတွေဘာတွေအကြောင်း ပြောရရင်တော့ အတော့်ကိုကောင်းမှာပဲ" ဟုပြောလိုက်ရာ ညာကလိက "ပြောပါမယ် ဒေါ်သာညဏ်ရယ်၊ တိုက်ကြီးမြို့ကနေ ထွက်ရပ်ပေါက်သွားတဲ့

ဝိဇ္ဇာမောင်ညွှန့်အကြောင်းကို ပြောပြပါ့မယ်” ဟု စကားခံလိုက်လျှင် ကျွန်ုပ်က … “တိုက်ကြီးက ဒီနားတင်ပဲ၊ ငါရောက်ဖူးပါတယ်ကွ၊ ကားလမ်းပေါ်မှာပဲ” ဟုပြောလိုက်လျှင် ညာကလိက … “အဘ ရောက်ဖူးတာက ကားလမ်းပေါ်ပဲရောက်ဖူးတာ၊ ကားလမ်းအတွင်းဘက်မှာ ရွာကြီးတွေ အများကြီးရှိသေးတယ်။ ရွာလမ်းတွေဟာ အဲဒီကားလမ်းမှာလာပြီးဆိုက်ကြတယ်။

အဲဒီရွာအဝင်လမ်းတွေမှာ အချို့က မုခ်ဝတွေ ဘာတွေလုပ်ထားသေးတယ်။ အချို့က ဇရပ်တွေဘာတွေ ဆောက်ထားသေးတယ်။ တချို့က အဲဒီမှာ သောက်ရေအိုးစင်တွေ ဘာတွေ တည်ထားသေးတယ်။ အဲဒီမုခ်ဝတွေက ဝင်သွားရင် အထဲကို ခုနစ်မိုင်၊ ရှစ်မိုင်လောက်ဝင်သွားမှ ရောက်တဲ့ ရွာတွေရှိသေးတယ်။ ရှမ်းလူမျိုးတွေချည်း စုပြီးနေတဲ့ ရှမ်းရွာတွေလည်းရှိတယ်။။ အခုကျွန်တော်ပြောမယ့် အကြောင်းအရာတွေက ကားလမ်းက ခုနစ်မိုင်လောက် ဝင်သွားမှ ရောက်တဲ့ ‘ရွာသာယာ’ဆိုတဲ့ ရွာအကြောင်းပဲ။

အဲဒီရွာမှာ ဒေါ်ပုလုံးဆိုတဲ့ မုဆိုးမကြီးတစ်ယောက်ရှိတယ်။ သူက အိမ်ဆိုင်ကလေး ဖွင့်ထားတယ်။ သူ့မှာ လူပျိုကာလသားအရွယ် မောင်ညွှန့်ဆိုတဲ့ သားလေးတစ်ယောက်ရှိတယ်။ အဲဒီ မောင်ညွှန့်လေးဟာ ခုနှစ်တန်းအောင်ပြီးပြီ။ ကျောင်းဆက်ပြီး မနေနိုင်လို့ အမေကြီးကို ကူညီညာလုပ်ပေးနေရတယ်။ မောင်ညွှန့်လေးဟာ မြို့ပေါ်ကိုတက်လာပြီး ရုံးတွေမှာ အလုပ်လျှောက်တယ်။ သူလျှောက်တာက ‘ပွဲန်း’ လို့ခေါ်တဲ့ ‘မင်းစေ’ အလုပ်ပါပဲ။

အဲဒီအလုပ်ရရင် သူ့အမေကြီးကို ကူညီနိုင်ပြီပေါ့။ မောင်ညွှန့်ကလေးဟာ ဆယ်ရက်တစ်ခါဆိုသလို မြို့ပေါ်က တရားရုံးတွေမှာ လျှောက်လွှာလာပြီးတင်တယ်၊ ဘယ်ရုံးကမျှ သူ့ကို မခန့်ပါဘူး။ တစ်နေ့မှာ အလုပ်လျှောက်လို့ မရလို့ စိတ်ပျက်ပျက်နဲ့ ရွာကိုပြန်ဖို့ မြို့ပေါ်ကနေ ဆင်းလာတာ၊ ရွာအဝင်လမ်း ဇရပ်ကြီးလည်းရောက်ရော လှည်းကြုံစောင့်ဦးမယ်ဆိုပြီး စောင့်နေတာ။

အဲဒီလို စောင့်ရင်း သောက်ရေအိုးတွေကို ကြည့်လိုက်တော့ သောက်ရေအိုးတွေမှာ ရေမရှိတာတွေ့တာနဲ့ အဦးဆုံး ရေကန်ကိုသွားပြီး သောက်ရေအိုးတွေကို တိုက်ချွတ်ဆေးကြောလိုက်တယ်။ သောက်ရေခွက်တွေကိုလည်း တိုက်ချွတ် ဆေးကြောလိုက်တယ်။ အဲဒီအချိန်မှာပဲ ဇရပ်ထဲကို အသက်ခြောက်ဆယ်ကျော် အဘိုးကြီးတစ်ယောက် ဝင်လာတယ်။ အဲဒီအဘိုးကြီးဟာ ပိတ်ဖြူစင်ကြယ် ဝတ်ထားတယ်။ ခေါင်းမှာလည်း ပိတ်ဖြူကြီး ပေါင်းထားတယ်။

ပိတ်ဖြူတစ်ခုကို လက်ကတော့ထိုးထားသေးတယ်။ ပိတ်ဖြူလွယ်အိတ်ကြီး တစ်လုံးလည်း လွယ်ထားတယ်။ အဲဒီအဘိုးကြီးဟာ ဇရပ်ထဲမှာ ထိုင်ပြီး အမောဖြေရင်း မောင်ညွှန့်ကို – “ဟေ့ သူငယ် အဘကို ရေတစ်ခွက်လောက် ပေးစမ်းပါကွာ” လို့ပြောလိုက်တယ်။ မောင်ညွှန့် က သောက်ရေတစ်ခွက်ခပ်ပြီး ရိုရိုသေသေပေးတယ်။ အဘိုးကြီးက ရေကိုသောက်ချလိုက်ပြီး သာခုခေါ်တယ်၊ ပြီးတော့ အဘိုးကြီးက – “မင်းက ဘယ်ကိုသွားမှာလဲ သူငယ်ရဲ့” လို့မေးလိုက်တယ်။ မောင်ညွှန့်က ရွာသာယာကို သွားမယ့်အကြောင်း ပြောပြလိုက်တယ်။ အဲဒီအဘိုးကြီးက မောင်ညွှန့်ကို သူသိလိုတဲ့အချက်တွေကိုမေးတယ်။ မောင်ညွှန့်ကလည်း ရိုးရိုးသားသား ပြန်ပြီးဖြေတယ်။

အဲဒီတော့ အဘိုးကြီးက – “မောင်ရင်က အလုပ်ရှာဖို့ ထွက်လာတာကိုး။ အလုပ်မရှာနဲ့တော့၊ အဘကမင်းကို အလုပ်ပေးမယ်”လို့ဆိုပြီး သူ့လည်ပင်းက ပုတီးကြီးကို ချွတ်ပြီး မောင်ညွှန့်လည်ပင်းမှာ ဆွဲချိတ်ပေးလိုက်တယ်။ အဲဒီလိုချိတ်ပေးပြီးနောက် – “မင်းတို့ရွာမှာ စေတီတစ်ဆူရှိတယ်မဟုတ်လား” လို့မေးလိုက်တယ်။ အဲဒီတော့ မောင်ညွှန့်က – “ရှိပါတယ် အဘ၊ ကိုးတောင်ပြည့်စေတီလေးရှိပါတယ်။ စေတီကိုလည်း အုတ်တံတိုင်းလေးနဲ့ ပတ်ထားသေးတယ်။ အင်္ဂတေအတိုင်းပဲ၊ ရွာက ဆင်းရဲတော့

ရွှေမချနိုင်ဘူး။ ထုံးသင်္ကန်းပဲ ကပ်ထားနိုင်တယ်။ စေတီရဲ့ဘွဲ့တော်ကတော့ "အောင်ဓာတ်စကြာ စေတီတော်တဲ့" လို့ ပြန်ပြီး ပြောလိုက်တယ်။

အဲဒီအခါ အဘိုးကြီးက – "အဲဒီစေတီမှာ မင်းပုတီး (၄၉)ရက်စိပ်ရမယ်ကွ၊ အခု အဘပေးတဲ့ ပုတီးနဲ့စိပ်ရမယ်။ အဲဒီ (၄၉)ရက်လုံးမှာလည်း သက်သတ်လွတ်စားရမယ်။ မင်း နာမည်က မောင်ညွှန့်ဆိုတော့ အင်္ဂါသားပဲလား"လို့ မေးလိုက်တယ်။ အဲဒီတော့ မောင်ညွှန့်ကလေးက ...

"ဟုတ်ပါတယ် အဘ၊ ကျွန်တော် အင်္ဂါသားပါ" လို့ ပြန်ပြီးဖြေလိုက်တယ်။ အဲဒီတော့ အဘိုးကြီးက ... "မနက်ဖြန် စနေပဲကွ၊ မင်းရဲ့ ပဋ္ဌာန်းပွတ်နေ့ပဲ။ မနက်ဖြန်ကစပြီး အဓိဋ္ဌာန် ဝင်ပေတော့။ စိပ်ရမှာကတော့ ဂုဏ်တော်တစ်ထောင်ပဲ၊ အဲဒီအလုပ်ရပြီမှတ်" လို့ အဘိုးကြီးက ပြောလိုက်တယ်။

အဲဒီအချိန်မှာပဲ လှည်းကြုံရလာလို့ မောင်ညွှန့်ဟာ လှည်းကြုံနဲ့ ရွာကို ပြန်လာခဲ့တယ်။

အိမ်ကိုရောက်တော့ သူ့အမေကြီးကို အဲဒီအကြောင်းပြောပြတယ်။ အဲဒီတော့ သူ့အမေကြီးက...

"သားရယ်၊ မင်းကတော့ သူတော်စင်ကြီးနဲ့ တွေ့ခဲ့တာပဲ။ သက်သတ်လွတ်စားဖို့လည်း မပူနဲ့၊ အမေချက်ပေးပါ့မယ်" လို့ ပြောလိုက်တယ်။ အဘိုးကြီးက မောင်ညွှန့်ကို နေ့စဉ်ဂုဏ်တော်တစ်ထောင်ပြည့်အောင် စိပ်ရမယ်လို့ မှာလိုက်သေးတာနော်။ မောင်ညွှန့်ဟာ နောက်နေ့ကစပြီး မနက်ငါးနာရီထိုးတာနဲ့ စေတီတော်လေးကို ရောက်နေပြီ၊ ဖယောင်းတိုင် အမွှေးတိုင်ထွန်းပြီး ပုတီးစိပ်နေပြီ။

ဂုဏ်တော်တစ်ထောင်ပြည့်လို့ အမျှအတန်းပေးဝေပြီးမှ အိမ်ကိုပြန်လာတယ်။ အိမ်ရောက်တဲ့အခါကျတော့ မိခင်ကြီးချက်ထားတဲ့ သက်သတ်လွတ်ထမင်းကိုစားတယ်။ တစ်နေကုန်လိုပဲ ပုတီးစိပ်နေတတ်တယ်။ ညကျတော့လည်း ဘုရားစင်မှာ ဖယောင်းတိုင်လေး ဘာလေးထွန်းပြီး ပရိတ်ရွတ်တော့တာပဲ။ တစ်နေ့မှာ မောင်ညွှန့်ဟာ မိခင်ကြီးကို – "အမေ ဒီနေ့ ဟိုအဘပေးသွားတဲ့ အဓိဋ္ဌာန်(၄၉)ရက်ပြည့်တဲ့နေ့ပဲ၊ ထူးလိမ့်မယ်ထင်တယ်" လို့ပြောတယ်။ အဲဒီတော့ မိခင်ကြီးကလည်း – "ထူးမှာပေါ့ သားရယ်။ မင်းကို အဓိဋ္ဌာန်ပေးသွားတဲ့ ပုဂ္ဂိုလ်ကြီးကလည် ဝိဇ္ဇာကြီးနဲ့တူပါရဲ့။ မဟုတ်မှလွဲရော ပထမံဘိုးဘိုးအောင်များလား မပြောနိုင်ဘူး"လို့ ပြန်ပြီးပြောတယ်။

အဲဒီနောက် မောင်ညွှန့်လေးဟာ စေတီတော်ကလေးဆီကို ထွက်လာခဲ့တယ်။ စေတီတော်ကလေးကို ရောက်တဲ့အခါ ဂုဏ်တော်တစ်ထောင်ကို ပုတီးစိပ်နေတယ်။ ပုတီးစိပ်ပြီးတဲ့အခါ အမျှအတန်းပေးဝေတယ်။ အဲဒီနောက် စေတီတော်ကလေးကို လက်ယာရစ်လှည့်ပတ်ပူဇော်ပြီးတဲ့ အခါ စေတီပရိဂုဏ်အတွင်းကထွက်ပြီး လှေကားကနေ ဆင်းလာခဲ့တယ်။ အဲဒီလိုဆင်းလာခဲ့ရာမှာ လှေကားအလယ်ထစ်ကနေ အထုပ်ကလေးတစ်ထုပ်ကို ကောက်ရသတဲ့။ အဲဒီအထုပ်ကလေးဟာ သင်္ကန်းအညိုရောင်စနဲ့ ထုပ်ထားတဲ့ တစ်တောင်လောက်ရှိတဲ့ အထုပ်လေး ဖြစ်တယ်။

အပေါ်မှာ စည်းထားတဲ့ ကြိုးကလည်း သင်္ကန်းစပဲတဲ့။ မောင်ညွှန့်ဟာ အဲဒီအထုပ်ကလေးကို ကောက်ယူပြီးတဲ့အခါ ပိုင်ရှင်ရှိမရှိ လှေ့လာတဲ့သဘောနဲ့ ဟိုကြည့်ဒီကြည့် လုပ်လိုက်သေးတယ်။ ဘယ်သူတစ်စုံတစ်ယောက်မျှ မတွေ့ရတော့မှ အထုပ်ကလေးကို လွယ်အိတ်ထဲကို ထည့်ပြီး အိမ်ကို ယူလာခဲ့သတဲ့။ အိမ်ကိုပြန်ရောက်တဲ့အခါ ဘုရားစင်ရှေ့မှာ ထိုင်ပြီး အထုပ်ကလေးကိုဖြေကြည့်သတဲ့။ အဲဒီလို ဖြေကြည့်လိုက်တဲ့အခါ အထဲမှာ အဖုံးပါတဲ့ ဝါးကျည်တောက်ဘူးလေး တစ်ဘူးကို တွေ့ရသတဲ့။ တစ်ထွာနဲ့ လက်လေးလုံးလောက်မြင့်တဲ့ ဇော်ဂျီရုပ်ကလေးတစ်ရုပ် ထွက်လာသတဲ့။ ဇော်ဂျီကလေး ခြေစုံရပ်နေပုံကို ထုထားတာတဲ့။ တောင်ဝှေးတစ်ချောင်းကို လက်နှစ်ဖက်နဲ့ ကိုင်ထားတဲ့ပုံပဲ။

အရုပ်တစ်ခုလုံးကို ရွှေပိန်းချထားသေးတယ်။ အဲဒီဇော်ဂျီရုပ်လေး ထုထားပုံဟာ အခုခေတ်ဆုအဖြစ်ပေးတဲ့ အော်စကာရုပ်တုနဲ့ အနီးစပ်ဆုံးတူမှာပေါ့။ မောင်ညွှန့်ဟာ အဲဒီအရုပ်ကလေးကို ဝါးကျည်တောက်ထဲကို ပြန်ထည့်ပြီး အဖုံးကို ပိတ်လိုက်တယ်။ အဲဒီနောက် နဂိုက ပတ်ထားတဲ့အတိုင်း သက်န်းအညိုစနဲ့ ပြန်ပတ်ပြီး သက်န်းကြိုးနဲ့ ပြန်ချည်ထားလိုက်သတဲ့။ အဲဒီနောက် သူ့ရဲ့အိပ်ရာကို ယူသွားပြီး ခေါင်းအုံးအောက်မှာ အဲဒီအထုပ်ကလေးကို ထည့်ထားလိုက်သတဲ့။

ည(၈)နာရီလောက်မှာ မောင်ညွှန့်ဟာ ဘုရားရှိခိုးပြီး အိပ်ရာဝင်ခဲ့တယ်။ အိပ်ပြီး အချိန်မကြာခင်မှာပဲ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ သူ့ခေါင်းအုံးအောက်ကို ထည့်ထားတဲ့ အထုပ်ကလေးဟာ အပြင်ဘက်ကိုထွက်လာပြီး သက်န်းကြိုးတွေပြေကျ၊ ပတ်ထားတဲ့သက်န်းတွေလည်း ပြေကြပြီး ဝါးကျည်တောက်လေးဟာ အဖုံးကျွတ်ထွက်သွားတယ်။ ပြီးတော့ အဲဒီထဲက ဇော်ဂျီရုပ်ကလေးခုန်ထွက်လာတယ်။

ဇော်ဂျီရုပ်ကလေးဟာ ကြမ်းပြင်မှာ မတ်တတ်အနေအထားအတိုင်း ထောင်နေတယ်။ ပြီးတော့ အသက်ဝင်လာပြီး အဲဒီအရုပ်ကလေးဟာ လှုပ်ရှားလာတယ်။ လှုပ်ရှားရင်း လှုပ်ရှားရင်းနဲ့ အဲဒီ ဇော်ဂျီရုပ်ကလေးဟာ သေးသေးလေးက လူအရွယ်လောက်ဖြစ်လာတယ်။ ပြီးတော့ သူ့ဗိုက်ကို တောင်ဝှေးနဲ့ထိုးလိုက်တော့ မောင်ညွှန့်ဟာ နိုးသွားတယ်တဲ့။ အဲဒီအခါမှာ မောင်ညွှန့်ရဲ့ လက်ကိုဆွဲပြီး ဇော်ဂျီလေးက ခေါ်သွားတယ်။ အဲဒီလိုခေါ်သွားလိုက်တာ တိုက်ကြီးမြို့ပေါ် ရောက်သွားပါလေရော။

အဲဒီအခါမှာ မြို့ပေါ်မှာ ပိုက်ဆံချမ်းသာတဲ့ အိမ်တစ်အိမ်ကို သူခိုးနှစ်ယောက် ဖောက်နေတာကို ပြတယ်၊ အဲဒီသူခိုးနှစ်ယောက်ဟာ အဲဒီအိမ်က စိန်ထုပ်တစ်ထုပ် ရသွားတယ်။ ဇော်ဂျီဟာ မောင်ညွှန့်ရဲ့ လက်ကိုဆွဲပြီး သူခိုးတွေနောက်ကို လိုက်ကြည့်တယ်။ သူခိုးတွေက စိန်ထုပ်ကို တစ်ခါတည်း ယူမသွားဘူး။ ရေကန် တစ်ကန်နားများရှိတဲ့ မန်းကျည်းပင်နားမှာ တူးပြီး မြှုပ်ပစ်ခဲ့တယ်။ ဇော်ဂျီက မောင်ညွှန့်ကို အဲဒီနေရာကိုတူးဖို့ ပြတယ်။ မောင်ညွှန့်လည်း တူးရတယ်။ တူးလည်းတူးရော သူခိုးတွေ ဝှက်ထားတဲ့ စိန်ထုပ်ကိုရတာပေါ့။

အဲဒီတော့ ဇော်ဂျီက မောင်ညွှန့်ကို အိမ်ကိုပြန်ခေါ်လာတယ်။ အိမ်လည်းရောက်ရော မောင်ညွှန့်ကို အိပ်ဖို့ပြတယ်။ မောင်ညွှန့်ဟာ အိပ်ရာထဲမှာ လှဲချလိုက်ရော ဇော်ဂျီဟာ ကိုယ်ကို ဟိုယိမ်းဒီယိမ်းလုပ်လိုက်တယ်။ အဲဒီလို လုပ်လိုက်တဲ့အခါမှာ မူလအရွယ်အတိုင်း သေးသေးလေး ပြန်ဖြစ်ပြီး အရုပ်ကလေး ပြန်ဖြစ်သွားတယ်။

အရုပ်ကလေးဖြစ်သွားတဲ့အခါ ဝါးကျည်တောက်ထဲကို သူ့အလိုလို ခုန်ပြီးဝင်သွားတယ်။ ဝါးကျည်တောက် အဖုံးလေးကလည်း အလိုလိုဖုံးပြီးသား ဖြစ်သွားတယ်။ သက်န်းစကလည်း အလိုလို ပြန်ပတ်ပြီးသားဖြစ်သွားတယ်။ သက်န်းကြိုးကလည်း ချည်ပြီးသာ ဖြစ်သွားတယ်။ အဲဒီအခါကျတော့မှ အထုပ်ကလေးဟာ ခေါင်းအုံးအောက်ကို သူ့အလိုလို လျှောပြီးပြန်ဝင်သွားတယ်။

မောင်ညွှန့်လည်း အိပ်ရာက လန့်ပြီးနိုးသွားတယ်။ အဲဒီအခါမှ သူ့ခေါင်းအုံးဘေးမှာ အထုပ်တစ်ထုပ်ရောက်နေတာကို တွေ့ရတယ်။ ဖြေကြည့်တော့ သူ ညကယူလာခဲ့တဲ့ စိန်ထုပ်ဖြစ်နေတာကို တွေ့ရတယ်။ မောင်ညွှန့်လည်း လန့်သွားတယ်။ ခိုးရာပါပစ္စည်းကို အိမ်မှာ မထားရဲတာနဲ့ ပုတီးကို လည်မှာဆွဲပြီး တိုက်ကြီးကို ပြန်တက်လာတယ်။ ပြီးတော့ စောစောက ရေကန်နားကို ပြန်သွားပြီး မန်ကျည်းပင်ကြီးရဲ့ အရင်းမှာ တူးပြီးမြှုပ်လိုက်တယ်။ ပြီးတော့ အိမ်ပြန်လာပြီး ဘုရားစင်ရှေ့မှာ ပုတီးစိပ်နေတော့တယ်။ မကြာခင် မိုးလင်းသွားတော့ တာပါပဲ။

မိုးလင်းတဲ့အခါမှာ သူခိုးခိုးခံထားရတဲ့အိမ်က သိသွားတော့ ဂါတ်ကိုတိုင်တယ်။ ဂါတ်ကလည်း သူခိုးကို အပြင်းအထန်ရှာတော့တာပေါ့။နောက်ဆုံးမှာ ရဲတွေဟာ မောင်ညွန့်တို့ ရွာအထိ ရောက်လာတယ်။ ပြီးတော့ ရွာမှာ အလုပ်မရှိဘဲဖြစ်နေတဲ့ လူတွေရဲ့ အိမ်ကိုအထူးသဖြင့် တက်ပြီးရှာတယ်။ မောင်ညွန့်တို့ အိမ်ကိုလည်း တက်ပြီးရှာတာပေါ့။ မောင်ညွန့်က အလုပ်မှမရှိပဲလေ၊ အဲဒီအခါမှာ မောင်ညွန့်က ...

“ဘာဖြစ်လို့ရှာတာလဲ” လို့ မေးတယ်။

ရဲအရာရှိက “တိုက်ကြီးမြို့ပေါ်မှာ ဖောက်ထွင်းမှုတစ်ခုဖြစ်သွားတယ်၊ စိန်ထုပ်တစ်ထုပ် ပါသွားတယ်၊ အဲဒါကြောင့် လိုက်ပြီးရှာရတာပဲ”လို့ ပြန်ပြောတယ်။ အဲဒီအခါမှာ မောင်ညွန့်က ...

“စိန်ထုပ်အခိုးခံရတဲ့အိမ်ရှင်ဟာ ပစ္စည်းပျောက်ဟောတတ်တဲ့ ဗေဒင်ဆရာဆီမှာ မေးဖို့ ကောင်းတယ်” လို့ပြောလိုက်တယ်။ အဲဒီအခါမှာ ရဲအရာရှိက ...

“အဲဒီဆရာမျိုး ဘယ်မှာရှိသလဲ” လို့မေးလိုက်တယ်။ အဲဒီအခါမှာ မောင်ညွန့်က ...

“ကျွန်တော် တွက်တတ်တာပေါ့ခင်ဗျာ၊ ပိုက်ဆံပေးဖို့မလိုပါဘူး။ ကျွန်တော့်ဆီ လွှတ်လိုက်ပါတဲ့၊ ဘုရားရှိခိုးဖို့ ဖယောင်းတိုင်လေး ဘာလေးရရင်တော်ပါပြီ” လို့ပြောလိုက်တယ်။

ရဲအရာရှိက ပြန်သွားပြီး ဖောက်ထွင်းခံရတဲ့ အိမ်ရှင်ကို ပြောပြလိုက်တယ်။ ဖောက်ထွင်းခံရတဲ့ အိမ်ရှင်အဒေါ်ကြီးက မောင်ညွန့်ဆီကို ချက်ချင်းဆိုသလိုပဲ ရောက်လာတယ်။ အဒေါ်ကြီးက ဖယောင်းတိုင်နှစ်ထုပ်နဲ့ အမွှေးတိုင်နှစ်ထုပ် ပူဇော်တယ်။

မောင်ညွန့်ဟာ ကျောက်သင်ပုန်းတစ်ချပ်ယူပြီး ဟိုခြစ်ဒီခြစ်လုပ်တယ်။ မောင်ညွန့်က ဗေဒင်မှမတတ်ပဲ၊ တွက်ချင်ယောင်ဆောင်ရတာပေါ့။ အဲဒီလို တွက်ချင်ယောင်ဆောင်ပြီးတဲ့နောက် “အဒေါ့်ပစ္စည်းက မဆုံးသေးဘူး။ သူခိုးတွေက အပြီးယူမသွားသေးဘဲ တစ်နေရာမှာဝှက်ထားသေးတယ်။ အဒေါ့်အိမ်ကနေ သုံးဖာလုံလောက်ဝေးတဲ့ နေရာမှာ ရေကန်တစ်ကန်ရှိလိမ့်မယ် ရေကန်အနားမှာ မန်ကျည်းပင်ကြီးတစ်ပင်လည်း တွေ့လိမ့်မယ်။ အဲဒီမန်ကျည်းပင်ကြီးရဲ့ ရှေ့မှာ မြေပွနေတဲ့နေရာကို တွေ့ရင်တူးလိုက် အဒေါ့်ပစ္စည်းတွေ့လိမ့်မယ်”လို့ ပြောလိုက်တယ်။ အဒေါ်ကြီးလည်း ရဲအရာရှိကို အကျိုးအကြောင်း ပြောပြပြီး အဲဒီနေရာကို သွားပြီးရှာတယ်။ မန်ကျည်းပင်ကြီးကိုလည်း တွေ့ရတယ်။ ရှေ့ဘက်မှာ မြေပွနေတဲ့နေရာကိုလည်း တွေ့ရလို့ တူးလိုက်တာ စိန်ထုပ်ကို ပြန်ရသွားတယ်။

အဲဒီလိုလည်းရသွားရော အဒေါ်ကြီးဟာ ဝမ်းသာလွန်းလို့ ထပြီးတော့တောင်ခုန်တယ်။ အဲဒီတော့ မောင်ညွန့်ဝတ်ဖို့ ပလေကပ်လုံချည်အဖြူရောင် ပြောင်နှစ်ထည်၊ သူ့အမေ ဒေါ်ပုလုံးကြီးဝတ်ဖို့ သရက်ထည်လုံချည်နှစ်ထည် သွားပြီးကန်တော့တယ်။ ပြီးတော့ ဒေါ်ပုလုံးကြီးဆိုင်မှာ ကုန်ထပ်ပြီးဖြည့်ဖို့ ငွေတစ်ထောင်လည်း ကန်တော့လိုက်တယ်။

နာရီပိုင်းအတွင်းဆိုသလိုပဲ မောင်ညွန့်ရဲ့သတင်းဟာ တိုက်ကြီးမြို့တစ်မြို့လုံးကို ပြန့်သွားတယ်။ ဂါတ်က ရဲအရာရှိနဲ့ ရဲသားတွေကလည်း အဲဒီအဖြစ်အပျက် တွေ့သမျှလူကို ပြောပြနေတော့တာပဲ။ မောင်ညွန့်အမေရဲ့ ကုန်စုံဆိုင်ကလေးဟာလည်း ကုန်ပစ္စည်းပြည့်ပြည့်စုံစုံနဲ့ ဖြစ်သွားတယ်။ သားအမိနှစ်ယောက်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတယ်။ ဒေါ်ပုလုံးကြီးက မောင်ညွန့်ကို

“သားရေ… အဲဒီပညာကို ဘယ်တုန်းက တတ်တာလဲ။ မှန်လှချည်လားကွယ်။ ပစ္စည်းရှင်တော့ ဘယ်လောက်ဝမ်းသာမလဲ မသိဘူး။ အမေတောင်အတော်ဝမ်းသာမိတယ်” လို့ပြောတဲ့အခါ မောင်ညွန့်ဟာ ...

"အမေကလည်းဗျာ ဘယ်တတ်ပါ့မလဲ၊ အာရုံထဲမှာ လာပြီးပေါ်တာပေါ့" လို့ပြန်ပြောလိုက်တယ်။ အဲဒီအခါ ဒေါ်ပုလုံးက... "အဲဒါ ဘာမှမဟုတ်ဘူးဟေ့၊ ပုတီးစိပ်တဲ့အကျိုးပဲ" လို့ဖြေရှာတယ်။

မောင်ညွှန့်က ပုတီးကို ခါတိုင်းထက်တောင် ပိုပြီးစိပ်တော့တာပါပဲ။ တစ်ညမှာ အရင်လိုပဲ ခေါ်သွားပြန်ရော၊ အဲဒီအခါမှာ ချစ်တီးတိုက်ကို ဓားပြတိုက်နေတယ်။ ဓားပြတွေဟာ ချစ်တီးဆီက အပေါင်ခံထားတဲ့ စိန်ထည်ရွှေထည်တွေရော ငွေတွေရော အတော်ရသွားကြတယ်။ ဒါပေမဲ့ ဒါတေါကို ယူမသွားကြဘူးတဲ့၊ သင်္ချိုင်းကုန်းထဲကို သွားပြီး ဂူပျက်ကြီးတစ်ခုကို ဖောက်ပြီး အထဲမှာ ဝှက်ထားခဲ့ကြတယ်။

အဲဒီအခါ ဇော်ဂျီက မောင်ညွှန့်ကို နှိုက်ယူဖို့ပြောတယ်။ မောင်ညွှန့်က နှိုက်ယူပြီး အိမ်ပြန်လာတယ်။ ဇော်ဂျီဟာ အိမ်ပြန်ရောက်တော့ အရင်လိုပဲ ဝါးကျည်တောက်ထဲကို ပြန်ဝင်တယ်၊ ဝါးကျည်တောက်ကို သက်န်းစနဲ့အလိုလိုပတ်တယ်၊ သက်န်းကြိုးနဲ့ ပြန်ချည်တယ်၊ ခေါင်းအုံးအောက်ကို ပြန်ဝင်တယ်။ မောင်ညွှန့်က အိပ်ရာကနိုးလို့ကြည့်လိုက်တော့ အိပ်ရာဘေးမှာ ငွေထုပ်ကြီးရော တိုက်ရာပါ စိန်ထည်ရွှေထည်တွေရော တွေ့ရတယ်။

အဲဒီအခါမှာ မောင်ညွှန့်ဟာ အဲဒီပစ္စည်းတွေကို သယ်ပြီး စောစောက သင်္ချိုင်းကုန်းကို အရောက်ပြန်လာခဲ့တယ်။ သင်္ချိုင်းကုန်းကို ရောက်တဲ့အခါမှာ လကသာနေတုန်းပဲ။ မောင်ညွှန့်ဟာ အုတ်ဂူတွေကို လျှောက်ပြီးကြည့်လိုက်တယ်။ အဲဒီလို လျှောက်ကြည့်ပြီး 'ဦးငွေးကြွယ်'ဂူကိုလည်း တွေ့ရော ဂူကိုဖောက်ပြီး ပစ္စည်းတွေကို ထည့်ထားလိုက်တယ်။ ပြီးတော့ အိမ်ပြန်လာပြီး ပုတီးစိပ်နေတယ်။

မနက်မိုးလင်းတဲ့အခါ ဂါတ်ကရဲအရာရှိနဲ့အတူ ချစ်တီးကုလားတွေ ရောက်လာကြတယ်။ မောင်ညွှန့်ကို ရဲအရာရှိက အကျိုးအကြောင်းပြောပြတယ်။ အဲဒီတော့ မောင်ညွှန့် ဟိုခြစ်ဒီခြစ်နဲ့ တွက်ချင်ယောင်ဆောင်ပြီး ...

"ဓားပြတွေဟာ ပစ္စည်းတွေကို ယူမသွားသေးဘူး။ သင်္ချိုင်းကုန်းမှာ ဝှက်ထားသေးတယ်။ သင်္ချိုင်းကုန်းကို သွားပါ။ ဦးငွေးကြွယ်လို့ အမည်ရှိတဲ့ဂူကိုဖွင့်ပါ။ အထဲမှာ ပစ္စည်းတွေ ပြန်ရပါလိမ့်မယ်" လို့ပြောလိုက်တယ်။

အဲဒီတော့ ချစ်တီကုလားတွေက ရဲအရာရှိနဲ့အတူ သင်္ချိုင်းကုန်းကိုသွားပြီး ဦးငွေးကြွယ်ဂူကို ရှာကြတယ်။ တွေ့လည်းတွေ့ရော ပေါက်ချွန်းနဲ့ပေါက်ပြီး ဖွင့်လိုက်တယ်။ အထဲမှာ တိုက်ရာပါပစ္စည်းတွေ အကုန်ပြန်ရတယ်။ အဲဒီတော့ ရဲအရာရှိက ချစ်တီးကုလားတွေကို ဆရာညွှန့်ကို ထိုက်ထိုက်တန်တန်သွားပြီး ကန်တော့ကြလို့ ပြောလိုက်တယ်။ အဲဒီတော့ ပိုင်ရှင်ချစ်တီးကုလားက... "စိတ်သာချပါ ဆရာရယ်၊ ချစ်တီးတိုင်း ကပ်စေးမနည်းပါဘူး" လို့ပြောတယ်။

ပြီးတော့ ချစ်တီးကုလားက လက်သမားဆရာခေါ်ပြီး သစ်တွေ၊ သံတွေ ဝယ်ပြီး မောင်ညွှန့်တို့ သားအမိနေတဲ့ အိမ်ကလေးကို အသစ်ပြောင်းပြီး ဆောက်ပေးလိုက်တယ်။ မောင်ညွှန့်ဘုရားရှိခိုးဖို့ ဘုရားဆောင်လေးပါ ဆောက်ပေးတယ်။ မောင်ညွှန့်အမေ ဒေါ်ပုလုံးရဲ့ ကုန်စုံဆိုင်ကလေးကိုလည်း ပစ္စည်းတွေ ဖြည့်ပြီးတင်ပေးလိုက်တယ်။ ငွေလည်း ထိုက်ထိုက်တန်တန် ကန်တော့ခဲ့တဲ့အပြင် အကူအညီလိုတဲ့အခါ လာပါ၊ ကူညီပါ့မယ်လို့လည်း ပြောသွားတယ်။

နားကပ်တောင် မပန်နိုင်တဲ့ မောင်ညွှန့်အမေ ဒေါ်ပုလုံးကြီးဟာ နားကပ်နဲ့ ၊ လက်ကောက်နဲ့ ဆွဲကြိုးနဲ့ အပြည့်အစုံဖြစ်နေပြီ။ မောင်ညွှန့်မှာလည်း အဲဒီခေတ်က အလွန်တန်ဖိုးထားတဲ့ ရိုးမားလက်ပတ်နာရီတွေ၊ ဘာတွေနဲ့ ဖြစ်နေပြီတဲ့။

ပြီးတော့ ရွာထိပ်က အောင်ခတ်စကြာ စေတီတော်လေးကိုလည်း ရွှေအပြည့်ချလိုက်တယ်။ မောင်ညွန့်တို့သားအမိဟာ နေ့ချင်းညချင်းဆိုသလို ချမ်းသာသွားတာပေါ့။ တိုက်ကြီးပတ်ဝန်းကျင် တစ်ဝိုက်မှာဖြစ်နေတဲ့ ခိုးမှု၊ ဓားပြမှုမှန်သမျှ မောင်ညွန့်ဆီက ဗေဒင်လာမေးကြတော့တာဘဲ။ မောင်ညွန့်ကလည်း ထုံးစံအတိုင်း တွက်ချက်ယောင်ဆောင်ပြီး ဟောပြောတော့တာပဲ။ ပစ္စည်းရှင်တွေကလည်း ပစ္စည်းတွေ ပြန်ရတော့ ကန်တော့ကြတယ်။

မောင်ညွန့်ဟာ တိုက်ကြီးကို လာဘို့ 'ဟန်ဘား' စက်ဘီးကလေးတစ်စီး ဝယ်ထားတယ်။ ဂါတ်ကလည်း ခိုးမှု၊ ဓားပြတိုက်မှုပေါ်တာနဲ့ မောင်ညွန့်ဆီလာပြီး အကူအညီတောင်းတော့တာပဲ။ အချို့ကိစ္စတွေမှာ ပစ္စည်းကို တိုက်ရိုက်မရဘဲ ခိုးတဲ့လူကို တိုက်ရိုက်ဖော်ပေးနိုင်ခဲ့တယ်။ ဂါတ်ကလည်း မောင်ညွန့်ကို အားကိုးရတော့ မောင်ညွန့်ကို စောင့်ရှောက်တော့တာပေါ့။

မောင်ညွန့်ကတော့ ပုတီးစိပ်မပျက်ဘူး။ သမာဓိလည်းတော်တော်ရနေပြီ။ မကြာခဏဆိုသလို အိမ်မှာဆွမ်းကျွေးလှူရှိတယ်။ စေတီတော်လေးဘေးမှာ ရေကန်တစ်ကန်တူးပြီး ရေကန်ထဲမှာ ရှင်ဥပဂုတ္တဖောင်တော်တစ်ခု လှူဒါန်းလိုက်သေးတယ်။

တစ်ခါမှာ မောင်ညွန့်တို့ရွာတွေဟာ ထင်းရှားပါးသွားပါတယ်။ ထင်းကို ဆိုက်စရာမရှိအောင် ဖြစ်သွားတယ်။ အဲဒီတော့ သူကြီးနဲ့ ကာလသားခေါင်းက တိုင်ပင်ပြီး ယောကျ်ားမှန်သမျှ တစ်အိမ်တစ်ယောက်ထွက်၊ ရိုးမကို တက်ပြီး ထင်းခွဲရမယ်။ မလိုက်ရင် ပိုက်ဆံနဲ့ဝယ်လည်း ထင်းမရဘူးလို့ ကြေညာလိုက်တယ်။

အဲဒီတော့ မောင်ညွန့်လည်း ထင်းခုတ်တဲ့ဆီ လိုက်ရတော့တာပေါ့။ အဲဒီလိုလိုက်တဲ့အခါမှာ ဒေါ်ပုလုံးကြီးက သားဖြစ်သူမောင်ညွန့်အတွက် အလွန်ပဲ စိုးရိမ်တယ်။ အဲဒါကြောင့် ကာလသားခေါင်းကြီးကို အကူအညီတောင်းရတယ်။

"ကာလသားခေါင်းကြီးရယ်၊ မောင်ညွန့်ကို မင်းသိပါတယ်၊ တစ်ခါမှလည်း ကြမ်းကြမ်းတမ်းတမ်း မလုပ်ဖူးဘူး၊ တောတွေဘာတွေလည်း တက်ဖူးတာ မဟုတ်ဘူး၊ စောင့်ရှောက်ပါကွယ်" လို့ပြောပြီး ငွေအစိတ်လည်း ပူဇော်လိုက်တယ်။ အဲဒီအခါမှာ ကာလသားခေါင်းကြီးက...

"စိတ်ချပါ အဒေါ်ရယ်၊ ဘာမျှ မဖြစ်စေရပါဘူး၊ ကျွန်တော်တာဝန်ယူပါတယ်၊ ကျွန်တော့်လှည်းပေါ်တင်ပြီး၊ ခေါ်သွားမှာပါ" လို့ပြောလိုက်တယ်။

လှည်းတန်းကြီးက ရိုးမကိုလည်း စတက်ရော တောင်စောင်းတစ်ခုပေါ်မှာ ဘုန်းကြီးတစ်ပါး ရပ်နေတာမြင်တော့ မောင်ညွန့်ဟာ လှည်းပေါ်က လှမ်းပြီး လက်အုပ်ချီတယ်။ အဲဒီတော့ ကာလသားခေါင်းက မောင်ညွန့်လက်အုပ်ချီတဲ့ ဘက်ကို လှမ်းကြည့်လိုက်တော့ ဘာမျှမတွေ့ရတာနဲ့...

"ဟေ့ကောင် မောင်ညွန့် ဘာကိုလက်အုပ်ချီနေတာလဲ" လို့မေးလိုက်တယ်။ အဲဒီတော့ မောင်ညွန့်က...

"ဟိုတောင်စောင်းပေါ်မှာ ဘုန်းကြီးတစ်ပါး ရပ်နေတယ်လေဗျာ။ အဲဒါကို လှမ်းပြီး လက်အုပ်ချီနေတာ" လို့ပြန်ပြီးပြောတယ်။ ကာလသားခေါင်းအပါအဝင် လှည်းပေါ်က လူတွေက လှမ်းပြီးကြည့်လိုက်တယ်။ ကာလသားခေါင်းက... "ဘာဘုန်းကြီးမှ မရှိဘူး" လို့ပြောလိုက်တယ်။ ကျန်တဲ့လူတွေကလည်း ဒီအတိုင်းပဲ ပြောတယ်။ အဲဒီတော့ ကာလသားခေါင်းကြီးက...

"မင်းတော့ တောခြောက်ခံရပြီထင်တယ်၊ ဟိုကြည့်ဒီကြည့် မကြည့်နဲ့ဟေ့ကောင်။ တောဆိုတာ ဒီလိုပဲကွ၊ ခေါင်းငုံ့ထား။ မြင်ချင်ရာတွေ လျှောက်ပြီး မြင်နေပြီထင်တယ်" လို့ပြောလိုက်တယ်။

အဲဒီလိုနဲ့ သူတို့လှည်းတန်းကြီးက တောင်စောင်းနားကို ရောက်သွားတယ်။ အဲဒီတော့ မောင်ညွန့်က ဘုန်းကြီးကို လှမ်းပြီးကြည့်လိုက်တယ်။ အဲဒီလို ကြည့်လိုက်တဲ့အခါမှာ သူတို့ရွာက ပျံလွန်တော်မူသွားတဲ့ ဆရာတော်ကြီး ဖြစ်နေတာကို တွေ့လိုက်ရတယ်။

"ကာလသားခေါင်းကြီး ဘုန်းကြီးမှ ဘုန်းကြီးဗျ။ တခြားဘုန်းကြီးတောင် မဟုတ်ဘူး။ ကျုပ်တို့ရွာက ပျံလွန်တော်မူသွားတဲ့ ဆရာတော်ကြီးလေဗျာ" လို့ပြောလိုက်တဲ့အခါ ကာလသားခေါင်းကြီးက မောင်ညွန့်ခေါင်းကို ပိတ်ရိုက်ပြီး...

"ပျံလွန်တော်မူသွားတဲ့ ဆရာတော်ကြီးက ဒီမှာလာပြီး ဘယ်လိုလုပ် မတ်တတ်ရပ်နိုင်မှာလဲကွာ၊ ဟိုကြည့်ဒီကြည့် မကြည့်နဲ့လို့ ပြောတာမရဘူးလား" လို့ ပြောလိုက်တယ်။

ဒါပေမဲ့ မောင်ညွန့်မြင်နေတဲ့ ဆရာတော်က...

"မောင်ညွန့်ရေ ဒီအတိုင်းလာလို့ မရရင် ဖွတ်အတင်းခုန်ပြီး ထွက်လာခဲ့" လို့ပြောလိုက်တယ်။ အဲဒီအသံကို လှည်းပေါ်က ဘယ်သူမှ မကြားဘူး။ မောင်ညွန့်တစ်ယောက်ပဲ ကြားရတာ။ နောက်ဆုံးမှာ မောင်ညွန့်ဟာ လှည်းပေါ်ကနေ ခုန်ချပြီး အဲဒီဆရာတော်ဆီကို ပြေးသွားပါလေရော။

ကာလသားခေါင်းနဲ့ ရွာသားတွေဟာ ဝိုင်းပြီး လိုက်ကြတယ်။ ဒါပေမဲ့ ဆရာတော်က အနားရောက်တဲ့အခါ မောင်ညွန့်ကို သင်္ကန်းနဲ့ခြုံပြီး ဖုက်ထားပေးလိုက်တယ်။ အဲဒီတော့ ရှာမတွေ့တော့ဘူးပေါ့။ဆရာတော်က မောင်ညွန့်ကို သူ့ကျောင်းလေးကို ခေါ်သွားတယ်။ တောင်စောင်းမှာ ဆောက်ထားတဲ့ ကျောင်းကလေးပဲ။

ကျောင်းကို ရောက်တဲ့အခါမှာ ဆရာတော်က...

"ဟေ့ မောင်ညွန့် ဆာသလား" လိုမေးတယ်။ အဲဒီတော့ မောင်ညွန့်က...

"မိုးမလင်းခင်ကတည်းက အိမ်က ထွက်လာခဲ့ရတာ၊ ဆာတာပေါ့ဘုရား"လို့ပြန်ပြောလိုက်တယ်။

"နေဦး နေဦး ကပ္ပိယခေါ်ပြီး မင်းကိုကျွေးရမယ်" လို့ ဆရာတော်ကပြောတယ်။ ကပ္ပိယနာမည်က ဂွတိုတဲ့။ ဂွတိုဟာ ကိုယ်ပျက်နေတဲ့ ရောဂါသည် တစ်ယောက်ပဲ။ နှာခေါင်းတောင် မရှိတော့ဘူး။ လက်တွေကလည်း တိုနေပြီ။ နှာခေါင်းမှာရှိတဲ့ အနာတွေကလည်း အရည်တွေ ထွက်နေတယ်။ မောင်ညွန့်ဟာ အတော်စိတ်ပျက်သွားတယ်။ ဆရာတော်က...

"ဂွတို မောင်ညွန့်ကို ငှက်ပျောသီးကျွေးပြီး မန်ကျည်းဖျော်ရည်တိုက်လိုက်" လို့ပြောတယ်။

ဂွတိုဟာ ကျက်သရေခန်းထဲက မန်ကျည်းသီးတွေ ယူလာပြီး မောင်းထောင်ချိုင့်ထဲသို့ ရေနဲ့ထည့်တယ်။ သူ့လက်တိုကလေးတွေနဲ့ မွှေတော့တာပဲ။ ထန်းလျက်တွေကိုလည်း လက်နဲ့ချေပြီး ထည့်တယ်။ ပြီးတော့ ကျောက်ကာခွက်ကလေးထဲကို ဖျော်ရည်လောင်းထည့်လိုက်တယ်။ ပြီးတော့ ဂွတိုဟာ ငှက်ပျောသီးယူလာပြီး အခွံကို သူ့လက်တိုလေးနဲ့ ခွာတယ်။ ပြီးတော့ မောင်ညွန့်ပါးစပ်နားကို တိုးပေးလိုက်တယ်။

မောင်ညွှန့်က ပျို့နေပြီ။ ဆရာတော်က အဲဒီအချိန်မှာ ဘုရားစင်ဘက်ကို လှည့်ပြီး ထိုင်နေတယ်။ မောင်ညွှန့်ဘက်ကို လှည့်ပြီးမကြည့်ဘူး။ ပြီးတော့...

"ဆာတယ်ဆို စားလေကွာ" လို့ပြောလိုက်တယ်။ အဲဒီတော့ မောင်ညွှန့်က...

"ဆာတော့ဆာတယ် ဘုရား" လို့ ပြန်ပြီးပြောလိုက်တယ်။

"ဆာတော့ဆာပြီး ဘာက ဘာဖြစ်နေတာတုံး" လို့ ဆရာတော်က ပြန်ပြီး မေးလိုက်တယ်။ မောင်ညွှန့်ဟာ ပြန်ပြီးမဖြေနိုင်ဘူး။ အဲဒီအခါမှာ ဆရာတော်က...

"ဝိဇ္ဇာဖြစ်မယ့်လူအတွက် စာမေးပွဲပဲဟေ့" လို့ပြောလိုက်တယ်။ အဲဒီတော့ မောင်ညွှန့်ဟာ ဘာဘာညာညာ မပြောတော့ဘဲ ဂွတိုလေးပေးတဲ့ ငှက်ပျောသီးကို စားပစ်လိုက်တယ်။ ဂွတိုတိုက်တဲ့ ဖျော်ရည်ကိုလည်း သောက်ချလိုက်တယ်။ အဲဒီတော့ ဆရာတော်က...

"ငါ့တပည့် အောင်သွားပြီဟေ့" လို့ ပြောလိုက်တယ်။ ဒါပေမဲ့ မောင်ညွှန့်ဟာ ပျို့ပြီးအန်မထွက်အောင် မနည်းထိန်းထားတယ်။ ပြီးတော့ မလှမ်းမကမ်းမှာ သွားပြီးထိုင်နေတယ်။ မောင်ညွှန့်ဟာ ဂွတိုကို မကြည့်တော့ဘူး။ အဲဒီတော့ ဆရာတော်က အနားလျှောက်လာပြီး...

"မင်းကို ငှက်ပျောသီးကျွေးပြီး ဖျော်ရည်တိုက်တဲ့ ဂွတိုကို ကြည့်လိုက်စမ်းပါဦး" လို့ပြောလိုက်တယ်။ မောင်ညွှန့်လည်း လှမ်းပြီးကြည့်လိုက်တယ်။ စောစောက ဂွတိုပုံစံမဟုတ်တော့ဘူး။ အလွန်ချောမောလှတဲ့ မင်းသားတစ်ပါး ဖြစ်နေတယ်။ ပိုးဖြူခါးထောင် အင်္ကျီကို ဝတ်ထားတယ်၊ ပုဆိုးက ပိုးအစိမ်းရောင်ပြောင်၊ အနားမှာ ရွှေနဲ့ထိုးထားတဲ့ စကြာပုံတွေပါတယ်၊ အဲဒီတော့ မောင်ညွှန့်က...

"စောစောက ဂွတိုမဟုတ်ပါဘူး" လို့ ငြင်းလိုက်တယ်။ အဲဒီအခါမှာ ဆရာတော်က... "မင်းသား... ဂွတိုပုံစံလုပ်ပြလိုက်" လို့ပြောလိုက်တယ်။ အဲဒီတော့ မင်းသားက ဘယ်လိုလုပ်လိုက်တယ်မသိဘူး၊ စောစောက နှာခေါင်းပြတ်နေတဲ့ ဂွတိုပုံစံ ဖြစ်သွားရော၊ ပြီးတော့ မင်းသားပြန်ဖြစ်သွားပြန်ရော။

"ပထမံဘိုးဘိုးအောင်ရဲ့ တပည့် စကြာမင်းသားကွ၊ ငါ့ကိုမဖူးရတာကြာလို့ သူ့ဆရာဆီမှာ ခွင့်ပန်ပြီး ဒီမှာ အခိုဋ္ဌာန်လာဝင်တာ။ မောင်ညွှန့် မင်းကို ပြောရဦးမယ်၊ မင်းဟာ ဝိဇ္ဇာဖြစ်ဖို့ နီးစပ်နေပြီ။ ဒါပေမဲ့ မင်း လူပေါင်းမှားနေတယ်။ ဘုရားဟောရှိတယ်ကွ၊ အသေဝနာစ ဗလာနံတဲ့၊ လူမိုက်နဲ့ မပေါင်းရဘူးတဲ့" လို့ ပြောလိုက်တော့ မောင်ညွှန့်က...

"တပည့်တော် ဘယ်သူနဲ့မှ မပေါင်းပါဘူး ဘုရား။ အိမ်မှာပုတီးစိပ်၊ ပရိတ်ရွတ်ပဲ လုပ်နေပါတယ်" လို့ ပြန်ပြောတယ်။ အဲဒီတော့ ဆရာတော်က...

"ဒါဖြင့် မင်းအိတ်ထဲက အထုတ်ကလေးကို ထုတ်လိုက်" လို့ ပြောလိုက်တော့ မောင်ညွှန့်က ဇော်ဂျီရုပ်ပါတဲ့ အထုပ်ကလေးကို ထုပ်လိုက်ပြီး ဆရာတော်ရှေ့ကို ချပေးလိုက်တယ်။ အဲဒီတော့ ဆရာတော်က...

"ကဲ... အထဲက ဖေဇော်ဂျီရေ ၊ ကိုယ့်ဟာကိုယ်ထွက်လာခဲ့ ပေတော့" လို့ပြောလိုက်တယ်။ ဇော်ဂျီက ထွက်မလာဘူး။ အဲဒီတော့ ဆရာတော်က...

"မင်းကို ထွက်လာဖို့ ပြောနေတာ တခြားလူမဟုတ်ဘူး၊ ဦးသြဘာသတဲ့။ ကြားဖူးတယ်မဟုတ်လား။ ထွက်ခဲ့ ထွက်ခဲ့ လမ်းကောင်းကို ညွှန်ပေးမယ်" လို့ ပြောလိုက်တယ်။ အဲဒီအခါမှာ သက်နန်းနဲ့ ပတ်ထားတဲ့ အထုပ်ကလေးဟာ ပြေပြီး အထဲက ဇော်ဂျီရုပ်ကလေး ထွက်လာတယ်။ ဇော်ဂျီရုပ်ကလေးဟာ အသက်ဝင်လာပြီး ဆရာတော်ကို ဦးချတယ်။ အဲဒီတော့ ဆရာတော်က...

"ဇော်ဂျီက ဖိုဝင်တော့ စောရနက္ခတ်နဲ့ငြိပြီးတော့ သူခိုးစိတ်ပေါက်သွားတယ်။ အခု မင်းတို့ဟာက သူခိုးတော့ မဟုတ်ဘူး။ သူခိုးလက်က ပြန်ခိုးတဲ့ သူဗိုက်ပေါ့ကွာ၊ သူခိုးလက်က သူဗိုက်လုဆိုတာကြားဖူးတယ် မဟုတ်လား။ သူခိုးပဲပေါ့ကွာ။ အဲဒီတော့ မင်းတို့နှစ်ယောက်လုံး ငါးပါးသီလကျိုးနေပြီ၊ ငါးပါးသီလမလုံရင် ရှေ့တက်လို့မရဘူးကွ။ အဲဒီတော့ မင်းတို့နှစ်ယောက် ငါးပါးသီလ ပြန်ထိန်းရမယ်ဆိုပြီး ငါးပါးသီလချပေးတယ်။ ဇော်ဂျီနဲ့ မောင်ညွှန့်က လိုက်ပြီးဆိုတယ်၊ ပြီးတော့ ဆရာတော်က သာဓုခေါ်တယ်"

"မင်းတို့နှစ်ယောက်စလုံး လမ်းကောင်းကို ရောက်သွားပြီ။ ကဲ... ဖေဇော်ဂျီရေ၊ ကိုယ့်လမ်းကိုသွားတော့" လို့ ပြောလိုက်တဲ့အခါမှာ ဇော်ဂျီကလေးဟာ တောင်ဝှေးကိုထမ်းပြီး ပြတင်းပေါက်ကနေ ခုန်ထွက်သွားတယ်၊ မောင်ညွှန့်ကိုလည်း ဆရာတော်က...

"ရှေ့တက်စဉ်တွေ တက်စရာရှိသေးတယ်ကွ" လို့ပြောလိုက်တယ်။ အဲဒီအချိန်မှာ ရွာကအဖွဲ့ကတော့ ထင်းတွေရလို့ ရွာကိုပြန်သွားကြပြီ။ မောင်ညွှန့်အကြောင်းကို ကာလသားခေါင်းက ပြောပြတဲ့အခါမှာ ဒေါ်ပုလုံးဟာ မြေကြီးမှာ လှိမ့်ပြီးငိုတော့တာပဲ။

"ကျွန်မသား သူတော်ကောင်းလေး တောဖမ်းစားလို့ သေသွားပါပြီ" လို့လည်း အော်အော်ပြီး ငိုတော့တာပဲ။ ခုနစ်ရက်ပြည့်တဲ့ အခါမှာ မောင်ညွှန့်အတွက် သပိတ်သွတ်လိုက်တယ်။ တစ်လပြည့်တဲ့အခါမှာ ဆွမ်းထပ်ကျွေးပြီး မောင်ညွှန့်ကို အမျှဝေတယ်။

မောင်ညွှန့်ကို ဆရာတော်က...

"မင်းအိမ် မင်းပြန်ရမယ်၊ ရှေ့ဘာတွေဆက်ပြီး ကျင့်ရမယ်ဆိုတာ ငါလာပြောမယ်" လို့ပြောတယ်။ မောင်ညွှန့်ရဲ့ စိတ်ထဲမှာ ခဏပဲ ရှိသေးတယ်လို့ အောက်မေ့မိတယ်။ အဲဒါကြောင့် ဆရာတော်က "မင်း ဒီကိုရောက်နေတာ တစ်လရှိပြီ" လို့ပြောလိုက်တယ်။ မောင်ညွှန့်ဟာ အလွန်အံ့သြသွားတယ်။ အဲဒီတော့ ဆရာတော်က...

"ဝိဇ္ဇာလောကနဲ့ လူ့လောက အချိန်နာရီလည်း မတူဘူးကွ" လို့ပြောပြတယ်။ ပြီးတော့ ဆရာတော်က မောင်ညွှန့်ကို ဘုရားစင်မှာ ဖယောင်းတိုင်ထွန်းခိုင်းပြီး ဘုရားရှိခိုးခိုင်းတယ်။ မောင်ညွှန့်ဟာ ဘုရားကိုဦးချပြီး ပြန်မော့လိုက်တဲ့အခါမှာ ဆရာတော်ကျောင်းမှာ မဟုတ်တော့ဘဲ အိမ်က ဘုရားစင်ရှေ့ကို ပြန်ရောက်နေတာ တွေ့လိုက်ရတယ်။

သူ့အမေ ဒေါ်ပုလုံးကြီးဟာ အိမ်ရှေ့မှာ ထင်းခွဲနေတယ်။ ထင်းခွဲပြီး အိမ်ထဲလည်း ပြန်ဝင်လိုက်ရော မောင်ညွှန့်ကို တွေ့လိုက်တော့ လန့်ပြီးအော်တယ်။ ပြီးတော့...

"သား မသေဘူးနော်" လို့ပြောလိုက်တယ်။ မောင်ညွှန့်က "မသေပါဘူး အမေရယ်၊ မသေလို့ ပြန်ပြီးတွေ့ရတာပေါ့"လို့ ပြန်ပြောလိုက်တယ်။

"အမေဒီရှေ့မှာ ထင်းခွဲနေတာ ဘယ်အပေါက်က ဝင်လာတာလဲ" လို့ သူ့အမေက မေးတယ်။ "ကျွန်တော် ဒီအပေါက် ဝင်လာတာပါပဲ။ အမေ အမှုမဲ့အမှတ်မဲ့ ဖြစ်လို့မတွေ့လိုက်တာပါ" လို့ မောင်ညွှန့်ပြန်ပြီး ပြောလိုက်တယ်။ တစ်ရွာလုံးလည်း အုတ်အော်သောင်းတင်းဖြစ်တော့တာပဲ။

မောင်ညွှန့်သတင်းဟာ တိုက်ကြီးမြို့ပေါ်တင် မကဘူး။ သာယာဝတီ၊ သုံးဆယ်အထိ ပြန့်သွားတယ်။ တချို့က အထူးအဆန်းအဖြစ် လာပြီးကြည့်ကြတယ်။

မောင်ညွှန့်ဟာ ရွာထိပ် 'အောင်ဓာတ်စကြာ' စေတီတော်လေးနားမှာ ဇရပ်ကလေးတစ်လုံးဆောက်ပြီး တစ်ယောက်တည်းနေတော့တယ်။ သူ့အမေ ဒေါ်ပုလုံးကြီးက ထမင်းပို့ပေးရတယ်။ ပထမပိုင်းမှာ သက်သတ်လွတ်စားတယ်။ နောက်ပိုင်းမှာ သက်သတ်လွတ်တောင် မဟုတ်တော့ဘူး။ ထမင်းနဲ့ဆားနဲ့ပဲ စားတော့တယ်။ သူ့အမေ မေးတဲ့အခါ ဆားထမင်း အဓိဋ္ဌာန်ဝင်နေတာပါလို့ပြောတယ်။ နောက်ကျတော့ ဆားထမင်းတောင် မစားတော့ဘူး။ အသီးအနှံတွေပဲ ပို့ပေးရတယ်။ မီးလွတ်အဓိဋ္ဌာန်ဝင်တယ်လို့ ပြောတယ်။

ဆရာတော်ကတော့ မောင်ညွှန့်ဆီကို မကြာခဏကြွလာပြီး သင်ပြစရာရှိတာတွေကို သင်ပြပေးတယ်။ မောင်ညွှန့်ဟာ သီတင်းကျွတ်လပြည့်နေ့မှာ အဲဒီစေတီတော်ကလေးမှာ ဆွမ်းတော်ကြီး တင်ပွဲလုပ်တယ်။

ရွာထဲက လူတွေကိုလည်း သစ်သီးဆွမ်းကပ်ပြီး ဓမ္မစကြာရွတ်ခိုင်းတယ်။ လူတွေကလည်း မောင်ညွှန့်ပြောတဲ့အတိုင်း ရွတ်ကြပါတယ်။ အဲဒီလို ရွတ်ပြီးတဲ့အခါ…

"အားလုံး ငါးပါးသီလဲမြဲကြပါ" လို့ပြောပြီး အသံပျောက်သွားတယ်။ လူတွေက မောင်ညွှန့်အသံလာရာဆီကို လှည့်ကြည့်ကြတယ်။ မောင်ညွှန့်ကို မတွေ့ရဘူး။ မောင်ညွှန့်ကို ဝိုင်းပြီးရှာကြတယ်။ ဘယ်လိုရှာရှာ မတွေ့တော့ဘူး၊ မောင်ညွှန့်ဟာ ပျောက်ခြင်းမလှ ပျောက်သွားတယ်။ အဲဒီကတည်းက မောင်ညွှန့်ကို ဘယ်သူမှမတွေ့ရတော့ဘူး။ နားလည်တဲ့လူကြီးတွေက– မောင်ညွှန့်ကို "အရှင်ထွက် ထွက်သွားတာ" လို့ပြောကြတယ်။

အရူးညာကလိသည် သူ၏စကားကိုအဆုံးသတ်လိုက်လေ၏။ ထိုနောက် ၎င်းက… "ဒေါ်သာဉာဏ် နားထောင်ချင်တဲ့ ဝိဇ္ဇာအကြောင်းကတော့ ဒါပါပဲ" ဟု ပြောလိုက်လေ၏။

ထိုအခါ ဒေါ်သာဉာဏ်က…

"မောင်ညွှန့်ကတော့ ထွက်သွားပြီ၊ ညာကလိကရော ဘယ်တော့ထွက်မလဲ" ဟုမေးလေ၏။ ထိုအခါ အားလုံး ဝါးခနဲပိုင်း၍ ရယ်မောလိုက်ကြလေတော့၏။ ကျွန်ုပ်လည်း ၎င်းတို့လေးဦးအား မုန့်ဖိုးသုံးထောင်စီပေးလိုက်လေ၏။ ၎င်းတို့လည်း ကျွန်ုပ်ခြံအတွင်းမှ ပျော်ရွှင်ဝမ်းမြောက်စွာ ပြန်သွားကြလေတော့သတည်း။

⁂ ⁂ ⁂



# လောကဟိတဂမ္ဘီရ

**ထိုဘုရားနှစ်ဆူအရင်းတွင် ဇော်ဂျီသည်**
**တစ်စုံတစ်ခုလုပ်၍ နေသည်။**
**ရလိုသော် အရှေ့တံခါးကို ဖွင့်၍ဝင်လျှင်**
**မြင်ရ၏။ မြင်သော် မရယ်မပြုံး ပါနှင့်**
**ရယ်ပြုံးမိသော မျက်စိမိုက်၏။**

တစ်နေ့သ၌ ကျွန်ုပ်သည် အကြောင်းမည်မည်ရရ မရှိဘဲ အပျင်းပြေသဘောနှင့် သန်လျင်ဘက်သို့ ခရီးထွက်ခဲ့လေ၏။ သန်လျင်သို့ရောက်လျှင် သဘော်ဆိပ်အနီးရှိ ကုလားဆိုင်တစ်ဆိုင်၌ ဘာဂျီကြော်နှင့် ထမင်းထုပ်တစ်ထုပ်ကို ဝယ်ယူ၍ ကျိုက်ခေါက်ဘုရားသို့ ခရီးထွက်ခဲ့လေ၏။ ကျိုက်ခေါက်ဘုရားသို့ ရောက်လျှင် ဘုရားဖူးခြင်း၊ ပိုးစိပ်ခြင်းစသော အလုပ်များကို လုပ်ပြီးနောက် အရိပ်ကောင်းကောင်းနေရာ၌ ထိုင်လျက် ထမင်းထုပ်ကိုဖြေ၍ တစ်ယောက်တည်းမြိန်ရှက်စွာ စားသောက်ခဲ့လေ၏။ ထမင်းထုပ်အတွင်း၌ ကိုရွှေကုလား၏ စေတနာပို၍ ထည့်ပေးလိုက်သော ငရုတ်သီးစိမ်းနှင့် ဆားအနည်းငယ်ပါရှိလေရာ ကျွန်ုပ်သည် ငရုတ်သီးစိမ်းကို ချွတ်ခနဲ ချွတ်ခနဲ ကိုက်၍ ဆားဖြင့်တို့ကာ ထမင်းလုတ်အတွင်း၌ မြုပ်၍ လွေးရသည်မှာလည်း အရသာရှိလှပေ၏။

ထိုသို့ တစ်ယောက်တည်း ပျော်ပွဲစားနေစဉ်၌ ကျွန်ုပ်သည် ငယ်စဉ်ကလေးဘဝက ဖတ်ခဲ့ဘူးသော စာအုပ်တစ်အုပ်ကို မမျှော်လင့်ဘဲ အမှတ်ရမိလေ၏။ ထိုစာအုပ်ကား “လောကဟိတဂမ္ဘီရ” ဟူသော မှတ်သားစရာများ ဟိုမှသည်မှ စပ်ပေါင်းထည့်ထားသည့် ကျမ်းဖြစ်ပေသည်။

ထိုကျမ်းသည် ဆီးပူညောင်းကျ ပျောက်ဆေးနည်းလည်းပါ၏။ နွားလားဥသဘာ ဗေဒင်ဟောကိန်းလည်း ပါ၏။ ကဝိဋ္ဌမိုင်းအတ္ထုပ္ပတ္တိလည်း ပါဝင်၏။ သင်္ကြန်တွက်ရိုးလည်း ပါဝင်၏။ သို့ရာတွင် အထက်ကဖော်ပြခဲ့သော အထက်ပါ အကြောင်းအရာများကို ကျွန်ုပ်သည် မှတ်မိခြင်းမရှိဘဲ ထိုကျမ်း၏ စာမျက်နှာ ၁၀၈ တွင် ပါရှိသည့် ဇော်ဂျီသိုက်ဆိုသည်ကိုသာ အသည်းစွဲအောင်မှတ်မိ၍နေ၏။ ထိုဇော်ဂျီသိုက်၌လည်း အကြောင်းအရာ အမြောက်အမြားစွာပါရှိသည့်အနက် အောက်၌ ဖော်ပြလျက်ရှိသော အကြောင်းအရာကိုသာ စွဲမြဲစွာမှတ်မိ၍နေ၏။

သန်လျင်မြို့က ကျိုက်ခေါက်ဘုရားကို တက်၍သွားသော် မနီးမဝေးအရပ်၌ ဘုရားနှစ်ဆူရှိ၏။ ထိုဘုရားနှစ်ဆူအောက်တွင် ဥမင်ရှိသည်။ ထိုဥမင်၌ ဇော်ဂျီရှိ၏။ ထိုဘုရားနှစ်ဆူအရင်းတွင် ဇော်ဂျီသည်

တစ်စုံတစ်ခုလုပ်၍နေသည်။ ရလိုသော် အရှေ့တံခါးကို ဖွင့်၍ဝင်လျှင် မြင်ရ၏။ မြင်သော် မရယ်မပြုံးပါနှင့်၊ ရယ်ပြုံးမိသော် မျက်စိမိုက်၏။ လင်းစေလိုသော် ပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်၍ ထို ဆရာဇော်ဂျီပြုံးဘိသကဲ့သို့ မြင်စေလိုသော် "မေဃမဟာကပ္ပိ" ဤမန္တန်ဖြင့် သုံးခွန်းခေါ်၊ လက်ဆယ်ချောင်းတို့ဖြင့် ရှိခိုးပြီးလျှင် အလိုရှိတိုင်း တောင်း၍ ယူလေတော့၊ ဆရာဇော်ဂျီကပေးသည်။ ဤဇော်ဂျီသည် ဘုရားကို ပြုပြင်သောသူဖြစ်ပေသည်။

ကျွန်ုပ်လည်း အထက်ပါစာကို သိရသည့်အခါ စမ်း၍ကြည့်ဦးမှပဲဟု စိတ်ကူးလျက် ထမင်းကို ကပျာကယာစား၍ အနီးရှိရေကိုသောက်၍ လက်ဆေးကာ ထမင်းထုပ်ပေးသော ဖက်အောက်မှ သတင်းစာစက္ကူဖြင့် လက်ကိုသုတ်ကာ ဆေးပေါ့လိပ်ကို မီးညှိ၍ဖွာပြီးလျှင် စာ၌ပါရှိသော မန္တန်ကိုရွတ်ဆိုရန်အတွက် ကျိုက်ခေါက်ဘုရားအနီးမှ စေတီနှစ်ဆူကိုရှာဖွေရာ စေတီပျက်ကလေးနှစ်ဆူ လွယ်ကူစွာပင် တွေ့ရလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ထိုအပင်အနီး၌ အောက်ပါမန္တန်ကို ဌာန်နှင့်မာန်နှင့် ရွတ်လေတော့၏။

ဉ်ု မေဃ မဟာကပ္ပိ
ဉ်ု မေဃ မဟာကပ္ပိ
ဉ်ု မေဃ မဟာကပ္ပိ

ကျွန်ုပ်သည် မေဃမဟာကပ္ပိ မန္တန်ကို ရွတ်ပြီးနောက် အခြေအနေထူးခြားခြင်းရှိမရှိကို အကဲခတ်ကြည့်ရှုရာ မည်သို့မျှ ထူးခြားခြင်းမရှိသဖြင့် အလကားစာတွေပါ။ ပေါက်တတ်ကရတွေ လျှောက်ရေးထားတာပါဟု တစ်ကိုယ်တည်းရေရွတ်ရင်း ကျိုက်ခေါက်စေတီတော်ပေါ်သို့ ပြန်၍ တက်လာလေ၏။

စေတီပေါ်သို့ရောက်လျှင် ဆေးလိပ်သောက်ရင်း အမောအပန်းဖြေကာ လွယ်အိတ်အတွင်းမှ စာအုပ်တစ်အုပ်ကိုထုတ်၍ ဖတ်နေခဲ့လေ၏။ ထိုအချိန်၌ ဖိုးသူတော်ကြီးတစ်ဦးသည် ဘုရားဖူးရောက်ရှိလာပြီးလျှင် ထမ်းပိုးဆိုင်းထမ်းများကိုချလျက် ဘုရားရှိခိုးကာ ယင်း၏ ငွေရောင်ကြေးစည်ကလေးကိုထုရင်း မေတ္တာပို့လေ၏။ ထိုသို့ မေတ္တာပို့ပြီးနောက် အသံသာသော သူ၏ကြေးစည်ကလေးကို သုံးချက်တိတိတီးလိုက်ပြီးနောက် အောက်ပါဂါထာကို ဆိုလေ၏။

တောကြီးသုံးတောင်၊ တောင်ကြီးခုနစ်လုံး ငါခေါင်းအုံး၏။
(နောင် – ဝေ – ဝေ )

ငါ့အမျိုးကား နဂါးမင်း၊ အဟံဝန္တိ ငါ့အဆိပ်ကား မြင်းမိုရ်တောင်တည်း။
(နောင် – ဝေ – ဝေ )

ကြေးစည်ထု၏။

ငါ့အဖေကား ဇော်ဂျီဖြစ်သတည်း။
(နောင် – ဝေ – ဝေ )

ကြေးစည်ထု၏။

နင့် အတတ်ကား အတတ်မဟုတ်။ မြေတွင်မြှုပ်၏။

ငါ့ အတတ်ကား မိုးကြိုးစက်သွား ယန္တရားသို့ ခြောက်ပါးအညီကြွလေပြီ။ သစ်ကိုရွယ်လည်း သစ်ကြီးဖောင်ဖောင်ကျိုးသတည်း။
(နောင် – ဝေ – ဝေ )

ကြေးစည်ထုပြန်၏။

မြေကိုရှယ်လည်း မြေကြီးအောက်ထပ် ဘဝင်ပြောင်းပြန် သန္တာလန်၏။
(နောင် – ၀ – ၀ )

ကြေးစည်ထုပြန်၏။

ဘုရားဖူးရောက်လာသော ဖိုးသူတော်ကြီးသည် ဆိုလိုက်၊ ကြေးစည်တီးလိုက် ရှိလေ၏။ ယင်း၏ ကြေးစည်မှာလည်း ကြေးရောင်မဟုတ်ဘဲ အဖြူရောင်ဖြစ်နေသဖြင့် ငွေဖြင့်ပြုလုပ်ထားခြင်းဖြစ်မည်ဟု ယူဆရပေသည်။ ကြေးစည်၏အသံမှာ လွန်စွာသာယာနာပျော်ဖွယ် ရှိလှပေသည်။

ကျွန်ုပ်လည်း ဖိုးသူတော်ကြီး၏ ကြေးစည်ကို စိတ်ဝင်စားသဖြင့် မေးမြန်းမိလေ၏။

“ဦးသူတော်ကြီး ကြေးစည်ကို ငွေနဲ့ထုထားသလား”

“ငွေနဲ့လုပ်ထားတော့ ဟုတ်တာပေါ့ဗျာ။ ဒါပေမဲ့ ရိုးရိုးငွေတော့ မဟုတ်ဘူးဗျ၊ ငွေယားကို နာဂမောက်၊ နာဂသိန်း၊ နာဂမ၊ နာဂမှိုင်း၊ နာဂထဆိုတဲ့ ငါးမျိုးနဲ့ ငါးကြိမ်ထိုးတဲ့ငွေနဲ့ လကွယ်ကနေ လပြည့်နေ့အတွင်း ပြီးအောင် ထုထားတဲ့ နာယကဂုဏ်ကို ဖြစ်စေတဲ့ ငွေစည်ဗျ၊ ကြေးစည်မဟုတ်ဘူး” ဟု ဖိုးသူတော်ကြီးက ပြောလေ၏။

“တယ်ဆိုတဲ့စာပါလား” ဟု ကျွန်ုပ်က ပမာမခန့် ပြန်ပြောလိုက်ရာ ဖိုးသူတော်ကြီးက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီးနောက် ...

“တယ်ဆိုတဲ့ စာပါလားတဲ့ ဟုတ်လား၊ ဒီစကားကို နိမိတ်ကောက်ရရင် ကိုယ့်လူက စာဆိုတော် ဟဲဟဲ စာရေးဆရာ တစ်ယောက်ဖြစ်ရမယ်” ဟု ပြောလိုက်ရာ ကျွန်ုပ်လည်း မျက်လုံးပြူးရလေတော့၏။

“ဟောလိုက်တာ ဒက်ထိပါပဲ” ဟု ကျွန်ုပ်က ပြောလိုက်ပြန်ရာ ဖိုးသူတော်ကြီးက

“ဒက်ထိဟုတ်လား။ ဒက် စနေ၊ ထိ စနေ၊ စနေနှစ်လုံးပါလား။ ဟဲ ဟဲ မဟုတ်မှလွဲရော ကိုယ့်ဆရာက အလုပ်နှစ်ခုနဲ့ပဲ၊ စာရေးဆရာအလုပ်အပြင် အခြားအလုပ်တစ်ခုရှိပါသေးလား” ဟု ပြောပြန်၏။

“ဟ.. မှန်လှချည်လား ဦးသူတော်ကြီး” ဟု ကျွန်ုပ်ကဆိုပြန်ရာ ဖိုးသူတော်ကြီးက ...

“ဟ... ဆိုတဲ့ အာမေဍိတ်က ‘ဟတ္ထ’ သဒ္ဒါကိုဆိုတာပဲ။ ဟတ္ထဆိုတာလက်ပဲ၊ လက်သမား အလုပ်လား။ မဟုတ်နိုင်ဘူး။ ဟ ... နောက်မှ မှန်လှချည်လားဆိုတဲ့ စကားဆက်ပြီး လာတယ်။ လက်နဲ့မှန်ဆိုတဲ့ စကားနီးစပ်နေတယ်။ လက်ကိုမှန်လိုကြည့်တဲ့ လက္ခဏာဆရာ အလုပ်လည်း လုပ်တယ်ထင်တယ်”

“နိမိတ်ကောက်ပုံ တယ်ပြီး နေရာကျပါလား၊ အယူတော်မင်္ဂလာ ဦးနိုးကျနေတာပဲ” ဟု ကျွန်ုပ်ကပြောလိုက်ရာ ဖိုးသူတော်ကြီးက ... “နိမိတ်ကောက်ပုံ တယ်ပြီးနေရာကျပါလား” တဲ့။ “နိမိတ်တဘောင်ဆိုတာက အထည်လို ဒြပ်မရှိတဲ့အရာကိုဖော်ပြတယ်။ ကောက်ဆိုတဲ့စကားနဲ့ တယ်ပြီးနေရာကျပါလားဆိုတဲ့ စကားဟာ နေရာကိုတွေ့တဲ့သဘော။ အယူတော်မင်္ဂလာဆိုတာက ယူမယ်ဆိုတဲ့သဘော။ ဦးနိုးဆိုတာကတော့ မအိပ်တဲ့လူ၊ ဘယ်တော့မှ မအိပ်တဲ့လူဟာ ဦးနိုးပဲ။ ဒါတွေကို စုပေါင်းပြီး စဉ်းစားလိုက်ရင် ဘယ်တော့မှ မအိပ်တဲ့သူ၊ တစ်နည်းဆိုရရင် မသေတဲ့ အသက်ရှည်တဲ့ အထည်လို့ ဒြပ်လိုလည်းတကယ်မရှိတဲ့ ဇော်ဂျီလို ပုဂ္ဂိုလ်မျိုး ဒီနေရာမှာ ရှိတယ်ဆိုတဲ့ သတင်းရပြီး သူ့ဆီက တစ်ခုခု

တောင်းယူဖို့ လာခဲ့တာနဲ့တူပါရဲ့” ဟု ပြောလိုက်ရာ ကျွန်ုပ်သည် အသက်ရှုရပ်လုခမန်း အံ့သြ၍သွားလေတော့၏။

“ဖိုးသူတော်ကြီး မှန်ပါတယ်။ လာတုန်းကလည်း အဲဒီစိတ်ကူးနဲ့ လာခဲ့တာမဟုတ်ပါဘူး။ ဒီရောက်မှ ငယ်ငယ်တုန်းက ဖတ်ဖူးတဲ့စာကိုသတိရလို့ ဇော်ဂျီလာစေတယ်ဆိုတဲ့ မန္တန်တော့ ရွတ်မိပါရဲ့”ဟု ကျွန်ုပ်က တောင်းပန်တိုးလျှိုးသော လေသံဖြင့် ပြောလိုက်ရာ ဖိုးသူတော်ကြီးက … “ဒါဖြင့် ကျုပ်ပြောတာ မှန်တယ်ပေါ့” ဟု ဆိုပြန်သည်။

“မှန်ပါတယ်၊ ကျွန်တော်စာရေးဆရာလည်း လုပ်ပါတယ်၊ လက္ခဏာဆရာလည်းလုပ်ပါတယ်” ဟု ပြောလိုက်ရာ ဖိုးသူတော်ကြီးက …

“လက္ခဏာဆရာဆိုရင် ကျုပ်ရဲ့လက်ကိုကြည့်ပြီး ဟောစမ်း” ဟုဆိုကာ သူ၏လက်ဝါးကြီးကို ကျွန်ုပ်အားဖြန့်၍ ပြလေ၏။ ကျွန်ုပ်လည်း ဖိုးသူတော်ကြီး၏ လက်ဝါးကိုဖြန့်ကြည့်လိုက်ပြီးနောက် ..

“ဖိုးသူတော်ကြီးရဲ့ ဉာဏ်လမ်းကြောင်းက ရှည်တော့ ဉာဏ်ကောင်းမယ်၊ ကံလမ်းကြောင်းက ရှည်တော့ ကံလည်းကောင်းတယ်။ အသက်လမ်းကြောင်းက ရှည်တော့ အသက်လည်း ရှည်မယ်” ဟု ကျွန်ုပ်က ပြောလိုက်ရာ ဖိုးသူတော်ကြီးက … “အသုံးမကျတဲ့ လက္ခဏာဆရာပဲ၊ ဉာဏ်လမ်းကြောင်းက ရှည်တော့ ဉာဏ်ကောင်းမယ်၊ ဒါတော့ ကလေးတောင်သိတယ်။ ကံလမ်းကြောင်းရှည်တော့ ကံကောင်းမယ်တဲ့၊ ဒါတော့ ကိုယ့်လူပြောမှလား၊ ဒါပဲတတ်သလား” ဟု ကျွန်ုပ်အား နှိမ့်ချ၍ ပြောလေ၏။

“လက္ခဏာကျမ်းတွေမှာ ဒီလိုပဲပါတာပဲ” ဟု ကျွန်ုပ်က ပြောရာ ဖိုးသူတော်ကြီးက ..

“ကိုယ့်လူ ဘယ်လို လက္ခဏာကျမ်းတွေ ဖတ်သလဲ” ဟု ပြန်မေးခွန်းထုတ်လေ၏။

“ကိုင်ရိုကို အများဆုံးဖတ်ပါတယ်”

“ကိုင်ရိုဆိုတာ ဘယ်သူလဲ” ဟု ဖိုးသူတော်ကြီးက ပြန်၍ မေးလိုက်လေ၏။

“ကိုင်ရိုဆိုတာ ကမ္ဘာကျော် လက္ခဏာဆရာကြီးပေါ့” ဟု ကျွန်ုပ်က ဖြေလိုက်ရာ ဖိုးသူတော်ကြီးက “သူ့ရဲ့ကျမ်းက ဒီလိုပဲရေးထားသလား” ဟုမေးလေ၏။
“ဟုတ်ပါတယ်၊ ဒီလိုပဲရေးထားပါတယ်” ဟု ကျွန်ုပ်က ပြောလျှင် ယင်းဖိုးသူတော်ကြီးက လေးနက်စွာ စဉ်းစားပြီးနောက် …

“ဒီလိုဖြစ်လိမ့်မယ်၊ ကိုင်ရိုဟာ လက္ခဏာပညာအပြင် တခြားပညာရပ်တွေ ဥပမာ လောကီပညာလိုဟာမျိုးတွေကိုပါ လေ့ကျင့်တတ်မြောက်ထားလိမ့်မယ်။ အဲဒီပညာရဲ့ အကူအညီနဲ့ ဟောပြောတာဖြစ်နိုင်တယ်။ ဒါကြောင့် ကမ္ဘာကျော်တာဖြစ်မှာပါပဲ။ သူ့လိုလေ့ကျင့်မထားပဲ သူ့ရဲ့ ကျမ်းစာအုပ်ကလေး ကြည့်ပြီးဟောရုံနဲ့တော့ တယ်ပြီးနေရာကျမှာ မဟုတ်ပါဘူး” ဟုပြောလေ၏။

ထိုအခါ၌ ကျွန်ုပ်သည် လွယ်အိတ်အတွင်း အဆင်သင့်ပါလာသော လက်ဝါးပုံစံတစ်ခုကိုထုတ်၍ ဖိုးသူတော်ကြီးရှေ့သို့ချကာ …

“ဟောဒီ လက်ပုံစံကိုကြည့်ပြီး ဟောစမ်းပါဦး” ဟုပြောလိုက်လေ၏။

ဖိုးသူတော်ကြီးသည် လက်မအရင်း သောကြာဂြိုလ်ခုံ အထက်နားဆီသို့ လက်ဖြင့်ထောက်ကာ... "တနင်္ဂနွေဂြိုလ်ကြီးကလည်း တယ်ကောင်းပါလား" ဟု ဆိုလေ၏။

"သောကြာဂြိုလ်ခုံ မဟုတ်လား ဦးသူတော်ကြီးရဲ့" ဟု ကျွန်ုပ်က ပြောလိုက်ရာ ယင်းက ...

"ဘယ်ကသာ သောကြာရမှာလဲ၊ သောကြာက အောက်ဘက်ကိုပြောတာ ၊ အပေါ်ဘက်က တနင်္ဂနွေ" ဟုဆိုလေ၏။ ထို့နောက် လက်ညိုးနေရာကို သေချာကြည့်ပြန်၏။

"အလွန်ကောင်းတာပဲ" ဟုဆိုကာ ခေါင်းတဆတ်ဆတတ်ညိတ်၍ ဉာဏ်လမ်းကြောင်းနှစ်ခွ ဖြစ်နေပုံ၊ ယင်းအနီး၌ ကံလမ်းကြောင်း တက်နေပုံ၊ ထိုလမ်းကြောင်း၌ ငါးရုပ်သဏ္ဌာန်ဖြစ်နေပုံ တို့ကို ကြည့်ရှုပြီးလျှင် ... "သူက ဘာလဲ ၊ ပြဇာတ်အလုပ် လုပ်သလား။ လူသိများတဲ့ လူထဲမှာပါတာပဲ။ စစ်ဘက်မှာလည်း လုပ်တဲ့လူနဲ့တူတယ်။ (အင်္ဂါဂြိုလ်ခုံကို လက်ညှိုးဖြင့်ထောက်၍) ခရီးလည်း မကြာခဏ သွားတဲ့လူပဲ" ဟု ပြောလေသည်။

ဖိုးသူတော်ကြီး၏ တွေးဆချက်များသည် မှန်ပေသည်။ ထိုလက္ခဏာရှင်ကား ပြဇာတ်လည်းလုပ်၏။ ခရီးလည်းသွား၏။ စစ်ဘက်၌လည်း အမှုထမ်း၏။ ထို့နောက် လက်ချောင်းကလေးများကို ပြန်ကြည့်ကာ...

"မိဘတွေ မရှိရှာတော့ဘူး" ဟု ပြောပြန်၏။

ကျွန်ုပ်က... "ဘာကိုကြည့်နေတာလဲ" ဟုမေးရာ ဖိုးသူတော်ကြီးက...

"ဒီလိုကြားဖြတ်မေးလို့ ကိုယ့်လူအတွက် ဘယ်အကျိုးရှိမလဲ။ ကိုယ့်လူ နားလည်ထားတာနဲ့ ကျုပ်နားလည်ထားတာ မတူဘူး။ ဂြိုလ်တွေနေပုံကို မတူဘူး။ ကဲ... ကျုပ်တစ်ခုပြောမယ်၊ သူ့လက်ကြီးကိုကြည့်စမ်း၊ ရှည်သွယ်တဲ့ အမျိုးအစားရော၊ လေးထောင့်ကျတဲ့ အမျိုးအစားရော။ ရောထွေးမနေဘူးလား။ ရောထွေးနေတာမှ လမ်းကြောင်းပုံစံတွေကလည်း ခပ်ရောရောပဲ။ တိကျတဲ့ သဘောတွေလည်းပါတယ်။ စိတ်ကူးယဉ်ဆန်တဲ့ သဘောတွေလည်းပါတယ်။ တစ်နည်းပြောရရင် ဘုန်းကြီးကျောင်းတွေမှာ မကြာခဏ စားရလေ့ရှိတဲ့ ဟင်းလေးအိုးကြီးနဲ့ တူတယ်။ ခပ်လွယ်လွယ်ပြောရရင် ဟင်းလေးအိုးကြီးလက်ပဲ" ဟု ပြောလေ၏။

"မဟုတ်နိုင်တာပဲ ဦးသူတော်ရယ်၊ ဟင်းလေးအိုးလက်ပုံစံဆိုတာ ကျွန်တော်ဖြင့် မကြားဖူးပေါင်ဗျာ" ဟု ကျွန်ုပ်ကပြောလိုက်ရာ ဖိုးသူတော်ကြီးက သဘောကျစွာ ရယ်မောလျက်

"စုပေါင်းစပ်ပေါင်းဖြစ်နေတဲ့ သဘောကိုပြောတာ ကိုယ့်လူ အင်္ဂလိပ်လိုပြောမှသဘောပေါက်မယ့် လူမျိုးလား" ဟု ကျွန်ုပ်အား ခပ်ငေါ့ငေါ့ပြောလေ၏။

ထိုသို့ပြောပြီးနောက် လက်ပုံစံရှင်၏ မွေးသက္ကရာဇ်ကိုမေးသဖြင့် ကျွန်ုပ်က ပြောပြရလေ၏။ ထိုအခါဖိုးသူတော်ကြီးက ... "ဒီလိုဆိုရင် ဒီလက်ပုံစံဟာ မကြာသေးခင်က အောင်မြင်မှုတစ်ခုရရှိခဲ့ပြီပဲ" ဟု ဟောကိန်းထုတ်လေ၏။

"ဘာမျှ မအောင်မြင်သေးပါဘူး ဖိုးသူတော်ကြီး" ဟု ကျွန်ုပ်က ငြင်းရာ ဖိုးသူတော်ကြီးက...

"မဖြစ်နိုင်ပါဘူး တစ်ခုခု အောင်မြင်ရမယ်" ဟု ဟောပြန်လေ။ ထိုအချိန်မှစ၍ ကျွန်ုပ်က "မအောင်မြင်ပါဘူး ဖိုးသူတော်ကြီးရယ်" "အောင်မြင်ပါတယ်" နှင့် ငြင်းခုံရာမှအစပြု၍ စကားအပေါက်အလမ်း မတည့်ဖြစ်ကာ ကျွန်ုပ်လည်း ပြန်ခဲ့လေတော့၏။

ကျွန်ုပ် ရန်ကုန်သို့ ပြန်ရောက်သည့်အခါ၌ ဖိုးသူတော်ကြီးကို ပြခဲ့သော လက္ခဏာရှင်နှင့် ပက်ပင်းတွေ့ဆုံခဲ့လေ၏။ ကျွန်ုပ်က ဖိုးသူတော်ကြီး ဟောပြောခဲ့ပုံကို အသေးစိတ် ပြန်လည်ပြောပြရာ လက္ခဏာရှင်က…

“ဖိုးသူတော်ကြီး ဟောတာ အမှန်ပဲ” ဟု ပြောလေ၏။ “ခင်ဗျားက ဘာတွေအောင်မြင်လို့လဲ” ဟု မေးရာ ယင်းလက္ခဏာရှင်က…

“ဆယ်တန်းအောင်တယ်လေဗျာ” ဟုပြောလေ၏။

“ခင်ဗျား ကျောင်းတက်တာလည်း မတွေ့ရဘဲ ဘယ်လိုအောင်တာလဲ” ဟု ကျွန်ုပ်ကမေးရာ ယင်းက “စာမေးပွဲအောင်တာလည်း ခင်ဗျားကျေးဇူးပါပဲ။ ခင်ဗျားအိမ်လာတုန်းက စာမေးပွဲမှတ်စု ရောင်းတဲ့လူတစ်ယောက်က မှတ်စုစာအုပ်ကို ခင်ဗျားရဲ့ ကန်တော့ပွဲမှာ လှူသွားတယ်လေဗျာ။ ကျုပ်အဲဒီစာအုပ်ကိုယူပြီး နည်းနည်းပါးပါး ပြန်ရွေးပြီးဖြေခဲ့တာ အောင်သွားတယ်ဗျ။ အခု စာပေးစာယူတက်နေပြီ။ ပြီးတော့ တပ်ကလည်းဆုငွေတွေ ထုတ်ပေးတယ်လေဗျာ။ အဲဒါကြောင့် ကလေးကိုတောင် သွားပြီး ရှင်ပြုပေးလိုက်သေးတယ်။ ဖိုးသူတော်ကြီးပြောတာ မှန်တာပေါ့ဗျာ” ဟု ရယ်ကာ မောကာနှင့် ပြောဆိုလေ၏။

“ခင်ဗျားနှယ်ဗျာ၊ ဒီလောက်အလုပ်များတဲ့ အထဲက ကျောင်းတက်နိုင်သေးတာ အံ့ပါရဲ့” ဟု ကျွန်ုပ်က ချီးကျူးလိုက်မိလေ၏။

ထို့နောက်တွင်ကား ကျွန်ုပ်သည် လက္ခဏာပညာ၌ ထက်မြက်လှသော ဖိုးသူတော်ကြီးကို ရှာဖွေရန် သန်လျင်သို့ တစ်ခေါက်ပြန်ခဲ့လေတော့သတည်း။

မှတ်ချက်။ ။ လက္ခဏာရှင်မှာ စာရေးဆရာ ပျဉ်းမနားမြင့်လှိုင်ဆိုသူ ဖြစ်လေသတည်း။

⁂ ⁂ ⁂


မင်းသိခ်

# မှန်ထဲကလူ

“အာလာဒင်ရေ၊ စေတနာနဲ့ ပြောမယ်နော်
မှန်ကြီးကို ပိတ်တဲ့အတိုင်း ထားပါ
ခေတ်ဆီတွေ ရေနံဆီတွေနဲ့
ဆေးကြောပြီး မဖွင့်လိုက်ပါနဲ့
ဒုက္ခရောက်လိမ့်မယ် ဒီမှန်ကိုကြည့်ပြီး
ရူးသွားတဲ့လူ သုံးယောက်ရှိပြီတဲ့”

တစ်ခါက ရန်ကုန်မြို့ရှိ စိန့်ပေါလ်ကျောင်းကြီး၏ထောင့်တွင် အရိပ်ခိုကာ မိုးကာဖျင်ကြီးတစ်ချပ်ကို ခင်းလျက် ၎င်းအပေါ်တွင် ရှေးဟောင်းမီးခွက်များ မှန်အိမ်များတင်၍ ရောင်းချသော ကုလားကြီးတစ်ယောက် ရှိခဲ့ဖူးလေ၏။

ထိုကုလားကြီး၏အမည်မှာ ‘အီဗရာဟမ်’ ဖြစ်သော်လည်း ကျွန်ုပ်တို့က ၎င်းအား ‘အာလာဒင်’ဟု ပင် ခေါ်ကြလေ၏။ ၎င်းအာလာဒင်၏ ဆိုင်တွင် ရှေးဟောင်း မီးခွက်များ၊ မှန်အိမ်များသာမက ဓားဟောင်းများ၊ ပုလင်းဟောင်းများ၊ ကြွေပန်းကန်ဟောင်းများ ရှိလေ၏။

ကျွန်ုပ်သည် အားလပ်သောအချိန်များ၌ အာလာဒင်၏ဆိုင်သို့ သွား၍ ဟိုပစ္စည်းကိုင်၊ ဒီပစ္စည်းကိုင်နှင့် အချိန်ဖြုန်းတတ်လေ၏။ ထို့ကြောင့် အာလာဒင်ဆိုသော ကုလားကြီးနှင့် ကျွန်ုပ်သည် ခင်မင်ရင်းနှီးနေပြီဖြစ်၏။ တစ်နေ့တွင် ကျွန်ုပ်သည် အာလာဒင်၏ဆိုင်သို့ ရောက်သွားပြီး ပစ္စည်းအဟောင်းများကို ကြည့်ရှုနေစဉ် သစ်သားပေါင်တပ်ရှေးဟောင်းကြည့်မှန် တစ်ချပ်ကို တွေ့မိသဖြင့် ဆွဲယူ၍ ကြည့်မိလေ၏။

ထိုသို့ကြည့်မိရာ ထိုကြည့်မှန်သည် ကတ္တရာသုတ်၍ အင်္ဂလိပ်သတင်းစာဟောင်းတစ်ရွက်ဖြင့် မှန်သားကိုကပ်၍ ပိတ်ထားကြောင်းတွေ့ရလေ၏။ ထိုသတင်းစာဟောင်းကို စေ့စေ့စပ်စပ်ကြည့်မိရာ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က သတင်းစာဖြစ်ကြောင်းနေ့စွဲကို တွေ့ရလေတော့၏။

"ဦးအီဗရာဟမ်၊ ခင်ဗျားမှန်ကလည်း သတင်းစာစောင်းစက္ကူကြီးကပ်ပြီး ပိတ်ထားတော့ ဘယ်လိုလုပ် ကြည့်ရမှာတုံး" ဟု ကျွန်ုပ်ကမေးရာ အလာဒင်က...

"ဒွန်နယာကြီးမှာ အတော်ခက်ခဲတဲ့လူပဲ၊ ဒီဆိုင်ဟာ မှန်ရောင်းတဲ့ဆိုင်မဟုတ်ဘူးလေ၊ ရှေးဟောင်းပစ္စည်းရောင်းတဲ့ဆိုင်ပဲ။ ဒီလိုပဲသုံးမရစွဲမရ အဟောင်းအစုတ်တွေ တွေ့ရမှာပေါ့။ အဲဒီမှန်ရယ်၊ ဟောဟိုမှန်အိမ်ရယ်၊ ဟောဒီ ဘူးသီးခြောက်ပုလင်းရယ်ဟာ ဒီဆိုင်ကိုတစ်ချိန်တည်း ရောက်လာတာ။ လာပြီးရောင်းတဲ့လူက 'ကိုချိတ်ပန်း'တဲ့။ ကျုပ်ကလည်း ခင်ဗျားပြောသလိုပဲမှန်ကြီး ကတ္တရာစေးသုတ်ပြီး သတင်းစာက္ကူနဲ့ပိတ်ထားတာကို မကျေနပ်လို့ ပြောမိတော့ ကိုချိတ်ပန်းက... "အာလာဒင်ရေ၊ စေတနာနဲ့ ပြောမယ်နော်။ မှန်ကြီးကို ပိတ်တဲ့အတိုင်းထားပါ။ ဓာတ်ဆီတွေ၊ ရေနံဆီတွေနဲ့ ဆေးကြောပြီး မဖွင့်လိုက်ပါနဲ့၊ ဒုက္ခရောက်လိမ့်မယ်။ ဒီမှန်ကိုကြည့်ပြီး ရူးသွားတဲ့လူ သုံးယောက်ရှိပြီတဲ့" လို့ သူကပြောတယ်။

"ကျုပ်ကလည်းဆက်ပြီး မမေးတော့ပါဘူး၊ ဒါကြောင့် မှန်သားကို ကတ္တရာစေးပိတ်ပြီး သတင်းစာစောင်းတစ်ရွက်ကပ်ပြီး ပိတ်ထားတဲ့မှန်အကြောင်းကို ဒီထက်ပိုပြီး ဘာမျှ မပြောနိုင်ပါဘူးဗျာ။ စိတ်ဝင်စားရင် ဝယ်သွား၊ ဒါပဲ ပြောတတ်ပါတယ်" ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ထိုမှန်ကြီးကို ဝယ်ခဲ့လေ၏။

မှန်မှာ အလျားနှစ်ပေ၊ အနံတစ်ပေခွဲရှိ၍ သစ်သားကျွန်းပေါင် တပ်ထားလေ၏။ သစ်သားပေါင်ကိုလည်း ရှေးဟောင်းအနောက်တိုင်း မှော်ဆရာများ အသုံးပြုလေ့ရှိသော ရှုနေခေါ် သင်္ကေတတံဆိပ်များထွင်းထားသည်ကို တွေ့ရလေ၏။

၎င်းရှုနေးတံဆိပ်များကို လေ့လာနိုင်ရန်အတွက် ဖော်ပြလိုက်ပါသည်။

အိမ်သို့ရောက်သောအခါ ကျွန်ုပ်သည် သတင်းစာစက္ကူများကို ကြိုးစား၍ခွာပြီးလျှင် မှန်မျက်နှာပြင်ကို ရေနံဆီဖြင့် ပွတ်ကာ နှပ်ထားပြီး အချိန်အတော်ကြာမျှ ပွတ်တိုက်ရလေ၏။ သုံးရက်ခန့် ကြိုးကြိုးစားစား လုပ်လိုက်သောအခါ ရှေးဟောင်းမှန်ကြီးသည် ကြည့်၍ရသော အဆင့်သို့ ရောက်သွားလေတော့၏။ ကျွန်ုပ်သည် လွန်စွာမှ ကျေနပ်သွား၏။ ထို့ကြောင့် မှန်ကြီးကို နံရံတွင် ချိတ်လိုက်၏။

နောက်တစ်နေ့နံနက် အိပ်ရာမှထသောအခါ မျက်နှာသစ်ပြီးနောက် ခေါင်းဖြီးရန်အတွက် မှန်ကိုကြည့်လိုက်ရာ မှန်ကြီးသည် မျိုးကောင်း၍ လွန်စွာကြည်လင်သော မှန်ဖြစ်ကြောင်း တွေ့ရလေ၏။ ကျွန်ုပ်အခန်း၏ အရိပ်သည် မှန်ထဲတွင်ထင်ဟပ်နေ၏။ စားပွဲပေါ်တွင်တင်ထားသော စာအုပ်များကိုလည်း မှန်ထဲတွင် အတိုင်းသား မြင်ရလေ၏။

မှန်နှင့်ဆန့်ကျင်ဘက်နံရံတွင် ချိတ်ထားသော ပန်းချီကားကိုလည်း မှန်ထဲတွင် တွေ့မြင်ရလေ၏။ ကျွန်ုပ်သည် မှန်ရှေ့တွင်ရပ်ပြီး မှန်တွင်းမှ ကျွန်ုပ်၏ရုပ်ကို ကျွန်ုပ်ကြည့်လိုက်၏။ မှန်ထဲတွင် ကျွန်ုပ်၏ရုပ်ပေါ်နေ၏။ သို့ရာတွင် တစ်ခုထူးခြားသည်မှာ အပြင်မှ ကျွန်ုပ်သည်ခေါင်းမဖြီးရသေး။ မှန်ထဲမှ ကျွန်ုပ်သည် ဆံပင်ကို ခေါင်းအလယ်မှခွဲ၍ အကျအနဖြီးထားသည်ကို တွေ့ရ၏။ အပြင်မှ ကျွန်ုပ်သည် စွပ်ကျယ်အင်္ကျီသာ ဝတ်ထား၏။ မှန်အတွင်းမှ ကျွန်ုပ်သည် ရုပ်အင်္ကျီကုတ်အင်္ကျီတို့ ဝတ်ထား၏။ လည်ပင်းတွင်လည်းနက်ကတိုင်ခေါ် လုပသော လည်စည်းကလေးတစ်ခု စည်းထား၏။

ကျွန်ုပ်သည် တအံ့တသြဖြစ်သွားပြီးလျှင် ကျွန်ုပ်၏ နှုတ်ခမ်းမွေးကို ကျွန်ုပ်၏လက်ဖြင့် စမ်းကိုင်မိ၏။ မှန်ထဲမှ ကျွန်ုပ်ကလည်း အပြင်က ကျွန်ုပ်အတိုင်းပင် နှုတ်ခမ်းမွေးကို လှမ်း၍ ကိုင်လိုက်၏။ ထို့နောက် မှန်ထဲမှကျွန်ုပ်က အပြင်ကကျွန်ုပ်ကို လှမ်း၍စကားပြော၏။

"ဘယ်လိုလဲ ကိုအောင်ထွန်း၊ မအံ့ဩသင့်တာတွေ အံ့ဩနေပြီလား။ အပြင်ကလူနဲ့ မှန်ထဲကလူဟာ အမြဲတမ်း ဆန့်ကျက်ဘက်လေဗျာ၊ အပြင်က ခင်ဗျားက ညာဘက်လက်ကို မြှောက်ရင် မှန်ထဲက ခင်ဗျားအရိပ်က ဘယ်ဘက်လက်ကို မြှောက်လိမ့်မယ်။"

"အပြင်က ခင်ဗျားက ဘယ်ဘက်မျက်လုံးနီနေရင် မှန်ထဲက ညာဘက်မျက်လုံးနီနေလိမ့်မယ်။ ဘယ်တော့မှ မတူဘူး။ မှန်လည်းမမှန်ဘူး။ ဒါပေမဲ့ ဒီပစ္စည်းကို မှန်လို့တော့ ခေါ်ရမယ်နော်။ မမှန်လို့တော့ မခေါ်ရဘူး။ အဲဒီလိုခေါ်ရင်တော့ ခင်ဗျားကို ရူးနေပြီလို့ လူတွေကပြောကြလိမ့်မယ်။"

"အခုလည်း အပြင်ကခင်ဗျားက စွပ်ကျယ်အင်္ကျီပဲ ဝတ်ထားတယ်။ မှန်ထဲက ခင်ဗျားအရိပ်က ကုတ်အင်္ကျီဝတ်ထားတယ်။ နက်ကတိုင်စည်းထားတယ်ဗျား အဲဒါဆန်းသလား။ အပြင်က ခင်ဗျားက ကိုအောင်ထွန်းဆိုရင် အထဲက ခင်ဗျားဟာ ကိုထွန်းအောင်ပေါ့ဗျာ။ နည်းနည်းလေး ဟိုဘက်ဒီဘက် ပြောင်းလိုက်ရင်ရပါတယ်"

"တစ်ခုပြောဦးမယ်၊ ဒီနေ့ ရုံးတက်ရင်ပိုက်ဆံအပိုထည့်သွား၊ ရုံးက စာရေးတစ်ယောက်ရဲ့ ယောက္ခမကြီးသေလို့ အသုဘအလှူငွေ ကောက်လိမ့်မယ်" ဟု ပြောလေ၏။

ကျွန်ုပ်သည် လွန်စွာ စိတ်ချောက်ချားသွား၏။ ရူးချင်သကဲ့သို့လည်း ဖြစ်သွား၏။ မှန်ကြီးကို ရိုက်ခွဲလိုက်ရမည်လား၊ သို့မဟုတ် ကတ္တရာစေးသုတ်၍ သတင်းစာစက္ကူကပ်ကာ နဂိုအတိုင်း ပိတ်ပစ်လိုက်ရမလားဟု ကြံမိလေ၏။

ထိုအခါ အတွင်းမှ ကျွန်ုပ်က... "မကြံကောင်းမစည်ကောင်းတွေ မကြံပါနဲ့ ကိုအောင်ထွန်းရယ်၊ ဒါကြီးခွဲပစ်လို့ ဘယ်ဖြစ်မလဲ။ ခင်ဗျားတို့ ပြောနေတဲ့ ဂမ္ဘီရဆိုတာ ဒါမျိုးမဟုတ်လား။ ပြီးတော့ ကတ္တရာစေးသုတ်ပြီး ပိတ်လိုက်ရင်လည်း တစ်ဖက်သားကို ချုပ်နှောင်သလို ဖြစ်မှာပေါ့၊ ဘယ်ကောင်းမလဲ၊ ဒီအတိုင်းထား။"

"အားတဲ့အခါ မှန်ကိုလာကြည့်ပြီး ကျုပ်နဲ့စကားပြော၊ အနာဂတ်အကြောင်းလည်း ကျုပ်ပြောပြနိုင်တယ်၊ အတိတ်အကြောင်းလည်း ကောင်းကောင်းပြောနိုင်တယ်၊ အတိတ်က ရာဇဝင်သမိုင်းတွေအကြောင်း၊ ခင်ဗျားသိချင်တာရှိရင် ကျုပ်ကိုမေး၊ ကျုပ်ပြောပြမယ်။"

"ဥပမာဗျား၊ ကျန်စစ်သား ဘယ်နှစ်ခုနှစ်မှာ မွေးသလဲသိချင်တယ်ဆိုပါတော့၊ (၃၈၂)ခုနှစ်မှာ မွေးတယ်။ ဘာနေ့သားလဲသိချင်တယ် ဆိုပါတော့၊ အင်္ဂါသားဗျာ။ အဲဒီတော့ မဟာဘုတ်မှာ အထွန်းဖွားပေါ့။ ပုဂံခေတ်မှာ အထွန်းဖွားမင်းဆက် ဘယ်နှစ်ပါးရှိသလဲသိချင်တယ်လို့ မေးတယ်ဆိုပါတော့၊ (၁၂)ပါးရှိတယ်ဗျာ"

"အဲဒီတော့ မှန်ကို ခွဲမပစ်ပါနဲ့၊ ကတ္တရာစေးလည်း သုတ်မပစ်ပါနဲ့၊ အားတဲ့အခါ မှန်လာကြည့်ပြီး ကျုပ်နဲ့စကားပြောပါ။ ကျုပ်ကလည်း တခြားလူမဟုတ်ဘူးလေ၊ ခင်ဗျားပဲ မဟုတ်လား။ ခင်ဗျားတို့ အပြင်လောကမှာက ငါနဲ့သူတစ်ပါးဆိုတဲ့ မျဉ်းကြောင်းဟာ အတော့်ကိုခြားနားတယ်။ ကျုပ်တို့ မှန်လောကမှာတော့ ငါနဲ့သူတစ်ပါးဟာ တစ်ထပ်တည်းလောက်နီးနီးဖြစ်နေတယ်။ သူတစ်ပါးဆိုတာလည်း ငါပဲ၊ ငါဆိုတာလည်း သူတစ်ပါးပဲ" ဟု မှန်ထဲက ကျွန်ုပ်က အပြင်က ကျွန်ုပ်အား ပြောလေ၏။

ကျွန်ုပ်သည် ရုံးသို့ ထွက်လာခဲ့၏။ ရုံးသို့ ရောက်သောအခါရုံးမှ စံမတူဆိုသော စာရေးတစ်ဦး၏ ယောက္ခမသေဆုံးသဖြင့် အသုဘအလှူငွေ ကောက်ခံနေသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်၏ စိတ်၌ "မှန်ထဲက လူပြောတာ မှန်သားပဲ" ဟု တွေးထင်မိလေ၏။ အိမ်ရောက်သောအခါ မှန်ကို သွားကြည့်၍ ခေါင်းဖြီးပြန်၏။ မှန်တွင်းမှ လူ ပေါ်လာပြန်၏။ ထိုအခါ ကျွန်ုပ်ကစ၍...

"ခင်ဗျားပြောတာ မှန်တယ်ဗျ၊ ရုံးလည်း ရောက်ရော စာရေးတစ်ယောက်ရဲ့ ယောက္ခမဆုံးလို့ အလှူငွေတွေ ထည့်ရတယ်ဗျ" ဟု ပြောလိုက်လျှင် မှန်တွင်းမှလူသည် ဟက်ဟက်ပက်ပက် လှောင်ရယ် ရယ်ပြန်၏။

"ကိုအောင်ထွန်းကလည်း လုပ်ပြီဗျာ၊ ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား လုပ်နေပြန်ပြီ၊ မှန်ပါတယ်ဗျ၊ ခင်ဗျားကိုထပ်ပြီး ပြောလိုက်ဦးမယ်။ ရှေ့လထဲမှာ အမေရိကန်သမ္မတ ကနေဒီလုပ်ကြံခံရမယ်ဗျ။ ကနေဒီ လုပ်ကြံခံရတဲ့ အဖြစ်အပျက်နဲ့ သမ္မတ လင်ကွန်းလုပ်ကြံခံရတဲ့ အဖြစ်အပျက်က ပြောင်းပြန်ဗျ။ သမ္မတ လင်ကွန်းကို လုပ်ကြံတဲ့လူက ပြဇာတ်ရုံထဲကို ဝင်ပြီး လုပ်ကြံတာဗျာ ပြီးမှ ဂိုဒေါင်ထဲမှာ ဝင်ပြီးပုန်းတာ။"

"ကနေဒီကို လုပ်ကြံတဲ့လူက ဂိုဒေါင်ထဲကထွက်ပြီး လုပ်ကြံတာ ပြီးမှ ပြဇာတ်ရုံထဲဝင်ပြီး ပုန်းတာဗျ။ ဒါတွေကလည်း အဆန်းတော့မဟုတ်ပါဘူးဗျာ။ အဖြစ်အပျက်တွေဟာ လူတွေလိုပဲ ဆင်တူယိုးမှား ပြန်ပြီး ဝင်စားတတ်တယ်ဗျ။"

"သန်ဘက်ခါကျရင် ခင်ဗျားတို့ရပ်ကွက် မီးလောင်လိမ့်မယ်။ လွန်ခဲ့တဲ့ နှစ်(၃၀)က ဒီရပ်ကွက်ဟာ တစ်ခါလောင်ပြီးပြီလေဗျာ။ အရပ်လူကြီးအိမ်က ထဘီစုတ်တောင် မကျန်အောင် ပါသွားလိမ့်မယ်။ အရင်တစ်ခါတုန်းက စိတ်မနှံ့တဲ့ မိန်းမကြောင့်၊ အရူးကြောင့်လောင်တာဗျ။ ဒီတစ်ခါလောင်မှာကတော့ ကလေးကြောင့်ဗျ။ ကလေးနဲ့ အရူးက ဘာကွာလို့လဲဗျာ။ နောက်တစ်ခါ လောင်ရင် သဘင်သည်ကြောင့်များ လောင်မလား မသိဘူး" ဟု မှန်တွင်းမှ လူက ပြောလေ၏။

ကျွန်ုပ်လည်း လက်ဖက်ရည်ဆိုင်သို့ ထွက်လာပြီး လက်ဖက်ရည်သောက်ရင်း သန်ဘက်ခါတွင် ဤရပ်ကွက် မီးလောင်မည်ဖြစ်ကြောင်း၊ လောင်မည်မှာလည်း ကလေးကြောင့် လောင်မည်ဖြစ်ကြောင်း အတည်ပေါက်နှင့် ပြောလေတော့၏။

ထိုရက်သို့ရောက်သောအခါ၌ ဘတ်စ်ကားထောင်သောအိမ်မှ ကလေးတစ်ဦးက မီးခွက်ဖြင့်ဆော့ရာ မီးစတင်လောင်ကျွမ်းလေတော့၏။ ရပ်ကွက်လူကြီးအိမ်ပါသွား၏။ ထိုလူကြီးသည် ကျွန်ုပ်က ကြိုသိနေသည်။ ကျွန်ုပ်၏ အကြံအစည် ပါနိုင်သည်ဟုဆိုကာ မီးသတ်အရာရှိများကို တိုင်တန်း၍ အမှုဖွင့်သဖြင့် ကျွန်ုပ်မှာအတော်ပင် ရှင်းယူရလေ၏။

အေးအေးဆေးဆေး ဖြစ်သွားသောအခါ၌ ရပ်ကွက်လူကြီးကို ကျွန်ုပ်က လူရှင်းသောနေရာသို့ ခေါ်သွားပြီးလျှင် ထူးဆန်းသော ကျွန်ုပ်၏မှန်အကြောင်း ပြောပြရာ ရပ်ကွက်လူကြီးက 'မယုံဘူး' ဟုဆိုလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း မှန်ကိုဖြုတ်၍ ရပ်ကွက်လူကြီးအား အိမ်တွင် နှစ်လခန့် ချိတ်ထားရန် ငှားလိုက်လေတော့၏။ ရပ်ကွက်လူကြီးသည် မှန်ရပြီး နောက်တစ်နေ့တွင် အိမ်တွင်းမှ အော်ဟစ်ခုန်ပေါက်၍ ပြေးထွက်လာ၏။ ပါးစပ်ကလည်း...

" မှန်ထဲကလူက ကျုပ်မဟုတ်ဘူးဗျို့၊ တခြားတစ်ယောက်ဖြစ်နေတယ်၊ လုပ်ကြပါဦးဗျို့" ဟု အော်ဟစ်နေလေ၏။ အကျိုးအကြောင်းကို မေးရာ ထိုလူကြီးသည် ကျွန်ုပ်ငှားလိုက်သောမှန်ကို ကြည့်သည်ဟု ဆို၏။ အပြင်မှ သူသည် စွပ်ကျယ်လက်ပြတ်ကို ဝတ်ထား၏။ မှန်တွင် အရိပ်ထင်နေသောသူသည် ဇာတ်မင်းသားကဲ့သို့ ထိုင်မသိမ်းအင်္ကျီ ကိုဝတ်ထား၏။ မှန်တွင်းမှ လူက အပြင်ကရပ်ကွက်လူကြီးအား...

"ခင်ဗျားက မှန်အပြင်က ကိုသောင်းဌေး၊ ကျုပ်က မှန်ထဲက ကိုဌေးသောင်း" လို့ ပြောတယ် ဟု ရပ်ကွက်လူကြီးက ရှင်းပြလေ၏။ ထို့ကြောင့် အနီးအပါးမှ လူများက ရပ်ကွက်လူကြီးကိုချုပ်ကာ စိတ်ကျန်းမာရေးဆေးရုံသို့ ပို့လိုက်လေတော့၏။

ထိုရပ်ကွက်လူကြီး၏ မိန်းမသည် ထိုမှန်ရောက်ပြီးမှ သူ၏ယောကျ်ားရူးသွပ်သွားသည်ဟု သံသယဖြစ်ကာ ထိုမှန်ကို ပေးလိုက်သော ကျွန်ုပ်အား လာရောက်ဆဲဆိုကြိမ်းမောင်းလေ၏။ ထို့နောက်မှန်ကိုဖြုတ်ကာ ဆွမ်းခံဘုန်းကြီးအား လှူလိုက်လေတော့၏။

များမကြာမီ ထိုဘုန်းကြီးလည်း စိတ်ကယောက်ယက်ဖြစ်ကာ လူထွက်သွားသည်ဟု ကြားသိရလေ၏။ ဆရာတော်သည် ထိုမှန်ကိုကြည့်၍ ရပ်ကွက်လူကြီးလည်း ရူးသည်၊ သူ့ကျောင်းမှ

ဦးပဉ္ဇင်းတစ်ပါးလည်း စိတ်နောက်သွားသည်ဟု သံသယဖြစ်ကာ ထိုမုန့်ကို အလယ်တွင်ချကာ ဘုန်းကြီးများက ဝန်းရံပြီးလျှင် ပရိတ်တော်များ ရွတ်ဖတ်ခဲ့လေ၏။

ထိုသို့ ပြုလုပ်ပြီးမှ ကျောင်းသို့ မကြာခဏလာလေ့ရှိသော အပျိုကြီးအား စွန့်လိုက်လေတော့၏။ ၎င်းအပျိုကြီးသည် မုန့်ရပြီး နောက်ထူးထူးခြားခြားကြီး နုပျိုလာသည်ဟုဆို၏။ အသက် ၅၀ အရွယ်မှ သူ၏တူမ အသက် ၃၀ အရွယ်နှင့် ရွယ်တူကဲ့သို့ နုပျိုသွားသည်ဆို၏။

ထို့နောက် အတန်ကြာသောအခါ သူ၏တူမထက်ပင် နုပျိုသွားသည်ဟုဆို၏။ ထိုအပျိုကြီးသည် မုန့်ထဲမှ အပျိုကြီး၏ ညွှန်ကြားချက်အတိုင်း စားသောက် နေထိုင်ခဲ့သဖြင့် ဤသို့ဖြစ်သည်ဟု ဆို၏။ ထိုအပျိုကြီးစားသောက်ခဲ့သော အစားအသောက်များကို တစ်ဆင့်စကားဖြင့် လေ့လာကြည့်ရာ အများစုမှာ ပဲပင်ပေါက်များသာ ဖြစ်သည်ဟု ဆို၏။

ထိုအပျိုကြီးသည် ထိုထူးဆန်းသောမုန့်ကြီးအား နေပြည်တော်ပျဉ်းမနားတွင်နေသော သူ၏အစ်မထံသို့ ပို့လိုက်ရာ သူ၏အစ်မသည် ထိုမုန့်ကြီးရပြီးနောက် တစ်နေ့တွင် သွက်သွက်ခါအောင် ရူးသွားသဖြင့် မုန့်ကြီးကို တခြားလူများမကြည့်နိုင်အောင် ကတ္တရာစေးသုတ်၍ သတင်းစာစက္ကူဟောင်းများ ကပ်ကာ ရှေးဟောင်းပစ္စည်းများ ရောင်းသော 'အီဗရာဟမ်' ဆိုသော ကုလားအား ရောင်းပစ်လိုက်လေတော့သတည်း။

⁂ ⁂ ⁂


မင်းသိခ

# ရေမွှေးသရဲ

ဆုပန်ထွာသည် ၁၀ တန်းပြန်ဖြေမည်ဟု ဆုံးဖြတ်လိုက်ပြီးနောက် သူ၏ 'မလှဘူးဆိုရင် ငိုချင်တယ်' ဟူသည့် အမျိုးသမီးအကျီချုပ်ဆိုင်ကိုလည်းကောင်း၊ 'မလှလျှင်သွား လှလျှင်ခါး' ဟူသည့် အမျိုးသမီးအပ်ချုပ်သင်တန်းကိုလည်းကောင်း သူ၏ လက်ထောက်ဖြစ်သော လှမျိုးတစ်ရာဆိုသည့် မိန်းကလေးကိုလွှဲ၍ 'မြကျွန်းသာ' ဘော်ဒါဆောင်သို့ သွားရောက်ကာ စာရင်းသွင်းခဲ့လေ၏။

မြကျွန်းသာဘော်ဒါဆောင်သည် ထိုမြို့တွင် လွန်စွာ နာမည်ကြီး၏။ တစ်နှစ်စာ လခအပြီးပေးထားရ၏။ ထိုဘော်ဒါဆောင်မှာ နာမည်ကြီးဆရာများ ငှားရမ်းပေး၏။ စာပြမည့်ဆရာသာမက နေမကောင်းလျှင်ကြည့်မည့် ဆရာဝန်ပါ ခေါ်ထားပေး၏။

ဘော်ဒါဆောင်မှ စီစဉ်ထားသော ဆရာများကို သဘောမကျလျှင် မိမိနှစ်သက်ရာ ဆရာကိုပင့်၍ သင်ယူနိုင်သော အခွင့်အရေးကိုလည်း ပေးထား၏။ ဆုပန်ထွာ ထိုဘော်ဒါဆောင်သို့ ရောက်သောအချိန်မှစ၍ အခန်းဖော်များက…

"ဒီမှာရှိတဲ့ ဆရာဆရာမတွေဟာ အတော့်ကိုကောင်းပါတယ်။ သူတို့သင်လို့ တစ်နှစ်တည်း အောင်သွားကြတာချည်းပဲ၊ တစ်ခုတော့ရှိတယ် သင်္ချာဆရာကိုတော့ ရွေးရလိမ့်မယ်" ဟုပြောကုန်၏။ အများစုသည် ဘော်ဒါဆောင်မှ ခေါ်ထားသော သင်္ချာဆရာကို မကြိုက်ကြပေ။ ထို့ကြောင့် သူတို့သည် သူတို့အားသင်ပြပေးမည့် သင်္ချာဆရာကို စုံးစမ်းကြရာ သင်္ချာဆရာ၏အမည်နှင့် လိပ်စာကိုရကြလေ၏။

ထိုဆရာ၏အမည်မှာ 'ဆရာကိုဖြစ်သဲ' ဟူ၍ ဖြစ်၏။ သူတို့ သွားရောက်စုံစမ်းသောအခါ ဆရာကိုဖြစ်သဲက ကျောင်းလခအပြီးပေးထားရမည်ဆို၏။ ထိုအချက်ကို ဆုပန်ထွာတို့ အုပ်စုက သဘောတူ၏။ သူသင်ပေးနေစဉ်အတွင်း မည်သူထုတ်သည့် သင်္ချာစာအုပ်ကိုမျှ မဖတ်ရ မကိုင်ဆောင်ရဟူ၍လည်းဆို၏။ ထိုအချက်ကိုလည်း ဆုပန်ထွာတို့လူစုက သဘောတူ၏။

သင်တန်းတက်ရန် လာသည့်အခါ "ရေမွှေးဆွတ်မလာရ" အထူးသဖြင့် (ရယ်ဗလွန်) ရေမွှေးကို မဆွတ်ရဟူ၍လည်း ဆို၏။ ထိုအချက်ကိုပြောသောအခါ ဆုပန်ထွာတို့လူစုသည် တစ်ဦးမျက်နှာကို တစ်ဦး

လှည့်၍ကြည့်ကြ၏။ သို့ရာတွင် ၁၀တန်း အောင်ချင်လွန်းကြသဖြင့် ထိုအချက်ကိုလည်း သဘောတူလိုက်ကြရလေ၏။

ဆုပန်ထွာတို့လူစုသည် ဆရာ၏စိတ်ကြိုက် လိုက်လျောပြီးလျှင် စတင်သင်ယူကြလေ၏။ အစစအရာရာ အဆင်ပြေသည်ဟုဆိုရပေမည်။ စာမေးပွဲဖြေပြီးသည်အထိ တစ်စုံတစ်ရာ ပြဿနာ မပေါ်ပေါက်ခဲ့ပေ။ ဆုပန်ထွာလည်း ၁၀တန်းတွင် သင်္ချာဘာသာ ဂုဏ်ထူးဖြင့်အောင်၍ သွားလေတော့၏ ထို့နောက် တက္ကသိုလ်သို့ ဆက်၍တက်၏။ တက္ကသိုလ်မှ ကျောင်းပြီး၍သွားသောအခါ တက္ကသိုလ်ကျောင်းတွင်ပင် ဆရာမအလုပ်ကို ဆက်၍လုပ်လေ၏။

ကျောင်းဆရာမလုပ်ရင်း စာမေးပွဲများကို ဖြေဆိုခဲ့ရာ မဟာဝိဇ္ဇာတန်းပင် အောင်မြင်ခဲ့ပြီဖြစ်၏။ တစ်နေ့တွင် ဆုပန်ထွာသည် ကျောင်းသို့လာရာ ကျောင်းမရောက်မီ တစ်နေရာ၌ သွက်သွက်ခါအောင် ရူးနေသော အရူးကြီးတစ်ဦးနှင့်တွေ့လေ၏။ ထိုအရူးကြီးသည် စုတ်ပြဲနေသော အဝတ်အစားများကို ဝတ်ထား၏။ တစ်ကိုယ်လုံးတွင် မိန်းမဓာတ်ပုံများကို နေရာအနှံ့ကပ်ထား၏။

"ရေမွှေးသရဲကြောက်သူ"ဆိုသောစာကို ကတ်ပြားတွင်ရေး၍ လည်ပင်းတွင် ဆွဲထား၏။ လူများသည် ထိုအရူးကို အထူးအဆန်းသဖွယ် ဝိုင်းအုံကြည့်ရှုနေကြလေ၏။ ထိုအနီးသို့ ဆုပန်ထွာရောက်သွားသောအခါ အရူးက ဆုပန်ထွာအား –

"ဟဲ့ … ဆရာမလေး ၊ နင့်ကိုငါသိပါတယ်။ နင် ငါ့ရဲ့ သင်္ချာဝိုင်းကို တက်ဖူးတယ်မို့လား" ဟု ပြောသဖြင့် ဆုပန်ထွာလည်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လှမ်းကြည့်လိုက်ရာ ဆုပန်ထွာတို့ ၁၀ တန်းတုန်းက သင်္ချာသင်ပေးခဲ့သော သင်္ချာဆရာကိုဖြစ်သဲ ဖြစ်နေ၏။ ထို့ကြောင့် ဆုပန်ထွာက ကြောက်ကြောက်ရွံ့ရွံ့ဖြင့်…

"ဟုတ်ပါတယ် ဆရာကိုဖြစ်သဲရယ် .. ကျွန်မဆရာ့တပည့်ပါ။ ဒီတက္ကသိုလ်မှာပဲ ဆရာမပြန်လုပ်နေပါတယ်။ ကျွန်မနာမည် ဆုပန်ထွာလေ" ဟု ပြန်၍ဖြေလျှင် ၎င်းအရူးက –

"အေး… ကောင်းပြီ၊ ငါကောင်းကောင်းမှတ်မိပြီ။ ဆရာမလေး ဆုပန်ထွာ ရေမွှေးမသုံးနဲ့နော်။ မလွဲသာလို့သုံးရင်လည်း ရယ်ဗလွန်ရေမွှေးတော့ မသုံးနဲ့။ အဲဒါ မသုံးဘူးဆိုရင် ဆရာက က,ပြမယ်" ဟုဆိုကာ က,လေတော့၏။ ဘေးမှကြည့်နေသူများကလက်ခုပ်ဝိုင်းတီးပေးကြလေ၏။ ၎င်းက ကွေးနေအောင် ကနေလေတော့၏။ သူဘာသာသာသူ စပ်ထားသော သီချင်းကိုလည်းဆို၏။ ထိုသီချင်းတွင် "ရေမွှေးသရဲ… ကြောက်တယ်… ကြောက်တယ်" ဟုလည်းပါ၏။

ဆုပန်ထွာကမူ မကြည့်ရက်သဖြင့် ထွက်လာခဲ့ပြီဖြစ်၏။ ကျောင်း၏ ကော်ရစ်ဒါကွေ့တွင် 'မြကျွန်းသာ' ဘော်ဒါတွင် အတူနေခဲ့ဖူးသော ကျောင်းနေဖက်သူငယ်ချင်း လှမူယာအေးနှင့် ပက်ပင်းတိုးလေတော့၏။ ထိုအခါ ဆုပန်ထွာက…

"မမလှကို ပြောရဦးမယ်။ အခုပဲ ပန်ထွာတော့ ဆရာဦးဖြစ်သဲနဲ့ တွေ့ခဲ့တယ်။ သွက်သွက်ခါအောင် ရူးနေရှာတယ်။ လူတွေက လက်ခုပ်ဝိုင်းတီးပြီး သူက က,နေတယ်။ ပန်ထွာတော့ မကြည့်ရက်တော့လို့ ထွက်လာခဲ့တယ်" ဟုပြောလျှင် လှမူယာအေးက…

"ဟုတ်မှာပေါ့ ပန်ထွာရယ်၊ မမလှလည်း မကြာခဏအဲဒီသတင်းမျိုးကြားရတယ်။ ဆရာဟာ သိပ်ပြီး သနားဖို့ကောင်းတယ်။ သူဟာ မိန်းကလေးတစ်ယောက်နဲ့ မေတ္တာရှိတယ်။ အဲဒီမိန်းကလေးဟာ ဆရာ့ကို လေးလေးစားစား မြတ်မြတ်နိုးနိုး ရှိပါတယ်။"

"ဒါပေမဲ့ အဲဒီမိန်းကလေးဟာ ဆရာနဲ့ မေတ္တာမရှိခင် အခြားယောက်ျားလေးတစ်ယောက်နဲ့ မေတ္တာရှိခဲ့ဖူးတယ်။ အဲဒီလူက အရက်ကိုအလွန်အကျွံသောက်တာကြောင့် သူက အဆက်ဖြတ်လိုက်တာ၊ အဆက်ဖြတ်ပြီး ၂ နှစ်ကျော်ကြာမှ ဆရာဦးဖြစ်သဲနဲ့တွေ့တာ၊ အဲဒီမိန်းကလေးနာမည်က "မျက်ချိုလှ" တဲ့၊ သူ့ရဲ့ရည်းစားဟောင်း နာမည်က "ကိုကာလူး" တဲ့၊ မျက်ချိုလှနဲ့ တို့ဆရာနဲ့ လက်ထပ်ခါနီးမှာ ဆရာ့ဆီကို

စာတိုက်က ရေမွှေးလေးတစ်ပုလင်းနဲ့ စာလေးတစ်စောင် ရောက်လာတယ်။ ရေမွှေးပုလင်းက ရယ်ဗလွန်ရေမွှေးပါ။ ရေမွှေးပုလင်းပုံစံက အပ်ချည်လုံးပုံစံလေး .. စာကတော့

**မိတ်ဆွေကြီး ကိုဖြစ်သဲရေ ....**

**ပြောရမှာအားနာပါတယ်။ အခု ဆရာလက်ထပ်မယ့် မိန်းကလေးဟာ ကျွန်တော့်ရည်းစားဗျ။ သူနဲ့ ကျွန်တော်နဲ့ ခွာပြဲသွားပေမဲ့ အခုထိကျွန်တော့် ရင်ထဲမှာစွဲငြိနေတုန်းပဲ။ ဆရာနားလည်အောင် တိုတိုပဲရေးမယ်ဗျာ။ လက်တွဲဖြုတ်ပေမဲ့ နှလုံးသားတွဲမဖြုတ်သေးဘူးဗျ။ မျက်ချိုလှဆွတ်လေ့ရှိတဲ့ ရယ်ဗလွန် ရေမွှေးနံ့လေးဟာ ကျွန်တော့်နှာခေါင်းမှာ သင်းပျံ့နေတုန်းပဲ။ ကျွန်တော့်နှလုံးသားကိုလည်း အဲဒီရေမွှေးသရဲဟာ ခြောက်လှန့်တုန်းပဲ။ အဲဒီ ရေမွှေးပုလင်းဟာ ကျွန်တော့်ကို ခြောက်နေတာအကြိမ်များပြီ။ ဒီတစ်ခါ ဆရာ့ကိုခြောက်ရတော့မယ် ။**

ဒါပါပဲ<br>ရေမွှေးသရဲအခြောက်ခံရသူ

"ဆရာဟာ အဲဒီရေမွှေးနဲ့ အဲဒီစာလေးကြောင်းကို မျက်ချိုလှကို ပြောမပြခဲ့ဘူး။ စာကို မီးရှို့လိုက်တယ်။ ရေမွှေးပုလင်းကိုလည်း လွှင့်ပစ်လိုက်တယ်။ တိုတိုပြောရရင် ဆရာနဲ့ မျက်ချိုလှဟာ လက်ထပ်လိုက်ကြတယ် ဆိုပါတော့။"

"သူတို့မင်္ဂလာဆောင်ကလည်း ကြီးကျယ်လိုက်တာ မပြောပါနဲ့တော့။ ဆရာ့ဘက်ကလည်း တပည့်တွေက အင်နဲ့အားနဲ့ ချီတက်ပြီး လက်ဖွဲ့ကြတယ်။ မျက်ချိုလှဘက်ကလည်း ဆွေကြီးမျိုးကြီးဆိုတော့ ဘာပြောကောင်းမလဲကွယ်။ သူတို့နှစ်ယောက် မင်္ဂလာဆောင်ပြီးရင် နေဖို့အိမ်ကလည်း အင်းလျားကန်ကို မျက်နှာမူပြီးဆောက်ထားတယ်။ ဆရာက မင်္ဂလာဆောင်တဲ့ည "ဘတ်ချလာနိုက်"ကို အဲဒီအိမ်မှာပဲကျင်းပတယ်။ သူ့ သူငယ်ချင်းတွေအားလုံးကို အဲဒီအိမ်ကို ဖိတ်လိုက်တယ်။ အကောင်းစား အစားအသောက်တွေ၊ အကောင်းစားအဖျော်ယမကာတွေ စီစဉ်ပေးတယ်။"

"မင်္ဂလာဆောင်မှာရတဲ့ လက်ဖွဲ့တွေအားလုံးကိုလည်း အဲဒီအိမ်ကိုသယ်ပြီး သတို့သား၊ သတို့သမီးတို့ရဲ့ အိပ်ခန်းထဲမှာ ထည့်ထားတယ်။ဆရာ့ကို အခန်းထဲဝင်ခွင့်မပေးဘူး။ တပည့်မတွေ အခန်းဝမှာ ရွှေကြိုးတားထားတယ်။ ဆရာဟာ ငွေသုံးသိန်းလောက်ကုန်ပြီးမှ အဲဒီရွှေကြိုးတွေကို ဖွင့်နိုင်ပြီး အခန်းထဲကို ဝင်ခွင့်ရတယ်။"

"မျက်ချိုလှနဲ့ သူ့သူငယ်ချင်းတွေကတော့ လက်ဖွဲ့ပစ္စည်းတွေကို ဖောက်နေကြတယ်။ ခါတ်ပုံအယ်လ်ဘမ်တွေဆိုရင် မျက်ချိုလှက မသိမ်းဘူး။ ပစ္စည်းဝိုင်းဖောက်ပေးတဲ့ သူငယ်ချင်းတွေကို တစ်ခုစီလက်ဆောင်ပေးလိုက်တယ်။ ရေမွှေးပုလင်းတွေလည်း မနည်းပါဘူး။ အဲဒီအထဲမှာ အပ်ချုပ်စက်ခေါင်းပုံသဏ္ဌာန် ရေမွှေးပုလင်းလေးကို သွားပြီးတွေ့တယ်။ ဘူးခွံမှာတော့ ရယ်ဗလွန်ဆိုတဲ့စာလေးပါတယ်။ မျက်ချိုလှဟာ ရေမွှေးဘူးလေးကို ဖွင့်လိုက်တယ်။ အဲဒီထဲမှာ ဖန်နဲ့လုပ်ထားတဲ့ အပ်ချုပ်စက်ပုံစံ ရေမွှေးပုလင်းလေးကိုတွေ့ရတယ်။ မျက်ချိုလှဟာ ရေမွှေးပုလင်း အဖုံးလေးကို ဖွင့်လိုက်ပြီး ရင်ဝဘက်ကို ပုလင်းခေါင်းလေးလှည့်ပြီး လက်မလေးနဲ့ နှိပ်လိုက်တယ်။"

"အဲဒီလို နှိပ်လိုက်တော့ ရေမွှေးတွေ ထွက်လာတယ်။ ဒါပေမဲ့ မျက်ချိုလှက 'အား'ခနဲအော်ပြီး လဲသွားတယ်။ ကြည့်လိုက်တော့ လက်မမှာ သွေးတွေထွက်နေတယ်။ အဲဒီအခါ အနားမှာရှိတဲ့ လူတွေက "ရေမွှေးပုလင်းကို မကိုင်နဲ့ မကိုင်နဲ့"ဆိုပြီး မျက်ချိုလှကို ပွေ့ထားကြတယ်။ ပြီးတော့ ရေမွှေးပုလင်းကိုကြည့်တော့ ရေမွှေးထွက်အောင်နှိပ်တဲ့ ခေါင်းလေးဘေးမှာ အပ်တစ်ချောင်း

ထောင်လျှက်သားတွေ့ရတယ်။ အဲဒီအပ်ကလေးဟာ ရေမွှေးပုလင်းခေါင်းကို နှိပ်တဲ့ လူကိုစူးအောင် ဒဏ်ရာရအောင်ပဲ ဖန်တီးနိုင်တယ်။ အထဲက ထွက်လာတဲ့ ရေမွှေးကတော့ အဆိပ်ရည်၊ သေစေနိုင်တယ်”

“ဘာဖြစ်ဖြစ် မျက်ချိုလှရဲ့ လက်မကဒဏ်ရာလေးကနေ အဆိပ်ကဝင်သွားပြီး မျက်ချိုလှဟာ စကားမပြောနိုင်ဘဲခွေကျသွားပြီး အသားတွေလည်း ပြာနှမ်းသွားပြီ။ ဆရာဟာ မျက်ချိုလှကိုပွေ့ပြီး ဆေးရုံကိုပို့ခဲ့တယ်။ ဆရာဟာ ရေမွှေးပုလင်းထည့်တဲ့ စက္ကူဘူးကလေးကိုတော့ အိတ်ထဲထည့်လိုက်တယ်။ မျက်ချိုလှဟာ အသက်ထွက်သွားခဲ့တယ်။”

“အရေးပေါ်လူနာ လက်ခံတဲ့အခန်းကိုရောက်တော့ ဆရာဝန်တွေက မျက်ချိုလှကို စစ်ဆေးကြည့်ရှုပါသေးတယ်။ အဲဒီအချိန်မှာပဲ အပြင်ကဘက်နေ ခြောက်ကပ်ကပ်နဲ့ ရယ်လိုက်တဲ့အသံကြီးကို ဆရာကိုဖြစ်သဲ သေချာကြားလိုက်ရတယ်။

“အဲဒီကတည်းက ဆရာကိုဖြစ်သဲဟာ ရေမွှေးကြောက်တဲ့ ရောဂါရသွားပါတယ်။ ရေမွှေးတောင်မှ ရယ်ဗလွန်ရေမွှေးဆိုရင် ပိုပြီးကြောက်ပါတယ်။”

“သင်္ချိုင်းကုန်းမှာ မျက်ချိုလှကို ဂူကလေးသွင်းထားခဲ့ပါတယ်။ ဆရာဟာ အဲဒီကို တစ်ပတ်တစ်ခါသွားပြီး ပန်းခြင်းလေး တွေချတယ်။ ပန်းခွေလေးတွေချတယ်။ အုတ်ဂူကို တိုက်ချွတ်ဆေးကြောတယ်။ တစ်နေ့ကုန် အုတ်ဂူပေါ်မှာ တစ်ယောက်တည်း စကားတွေပြောနေတတ်တယ်။ ပြန်ခါနီးကျမှ အုတ်ဂူလေးကို နမ်းပြီးပြန်လာလေ့ရှိတယ်”

“ဆရာဟာ မျက်ချိုလှဘေးက ရခဲ့တဲ့ ရေမွှေးပုလင်းထည့်တဲ့ စက္ကူဘူးလေးကိုပြပြီး ရေမွှေးဆိုင်တွေမှာ ဒီရေမွှေးမျိုး မကြာခဏသွားပြီး ဝယ်လေ့ရှိတယ်။ တစ်ခါမှတော့ ရေမွှေးဆိုင်က ကောင်မလေးက အဲဒီရေမွှေးမျိုးရှာနေတုန်းမှာ အနားမှာရှိတဲ့ သူ့အစ်မက ဘာရေမွှေးလဲလို့ မေးလိုက်တယ်။ အဲဒီတော့ အဲဒီ မိန်းကလေးက သူ့အစ်မကို “ရယ်ဗလွန်ရေမွှေးပါ အစ်မရယ်၊ ကိုကာလူးကြီး ဝယ်လေ့ရှိတဲ့ ရေမွှေးမျိုးလေ” လို့ပြန်ပြီးဖြေလိုက်တယ်။

“အဲဒီတော့ ဆရာကိုဖြစ်သဲက အဲဒီမိန်းကလေးကို ဒီရေမွှေးမျိုးဝယ်တဲ့ ကိုကာလူးဆိုတာကို မင်းကသိသလား လို့မေးတယ်။ အဲဒီတော့ မိန်းကလေးက သိပါတယ်၊ သူက ဒီဆိုင်မှာဝယ်နေကျပဲ။ ရေမွှေးတင်မကဘူး၊ တခြားပစ္စည်းတွေလည်း ဝယ်လေ့ရှိတယ်။ သူက ဒီလမ်းထဲက တိုက်နံပါတ် (၄) အခန်းနံပါတ်(၈)မှာနေပါတယ်။ ကားပွဲစားတစ်ယောက်ပါလို့ပြန်ပြီးဖြေတယ်။”

“အဲဒီမှာ ဆရာကိုဖြစ်သဲက ကိုကာလူးရဲ့ သဲလွန်စကိုသိသွားပြီး ရှာတော့တာပဲ။ နောက်ဆုံးမှာ ဆရာဟာ ကိုကာလူးနဲ့ ပက်ပင်းတွေ့သွားတယ်။ ကိုကာလူးက အဖြစ်မှန်ကို ဝန်ခံပါတယ်။ သူဝန်မခံတာကတော့ မျက်ချိုလှရဲ့ မင်္ဂလာဆောင်မှာ အပ်စိုက်ထားတဲ့ ရေမွှေးပုလင်းလေး ပို့မိတာကိုတော့ ဝန်မခံဘူး။”

“ဒါပေမဲ့ ဆရာကိုဖြစ်သဲဟာ ကိုကာလူးဆီက ကားတစ်စီးဝယ်မယ်ဆိုပြီး ကိုကာလူးကို ကားဖိုးငွေအိမ်မှာချေမယ်ဆိုပြီး ခေါ်သွားတယ်။ လမ်းလူပြတ်တဲ့ နေရာလည်းရောက်ရော ကိုကာလူးရဲ့ မျက်နှာကို ရေမွှေးနဲ့ ရှူးခနဲဖြန်းလိုက်တယ်။ ကိုကာလူးကလည်း အငိုက်မိပြီး လန့်သွားတယ်။ ကားဘီးရိတ်ကိုလည်းနင်းလိုက်တယ်။”

“အဲဒီအခါမှာ ဆရာဟာအသင့်ပါလာတဲ့ ဓားမြှောင်နဲ့ ကိုကာလူးလည်ပင်းကို ထိုးစိုက်တယ်။ ကိုကာလူးလည်း အသက်ပျောက်သွားတယ်။ သူ့အလောင်းမှာတော့ ရယ်ဗလွန်ရေမွှေးနံ့တွေ ထောင်းနေတာပဲ။ ဆရာဟာ အဲဒီကတည်းက အစပျောက်သွားတယ်။ အမှုကလည်း သဲလွန်စမပေါ်ဘူး။ ဒါပေမဲ့ တစ်နေ့မှာတော့ ဆားပုလင်းနှင်းမောင်ဆိုတဲ့ စုံထောက်တစ်ယောက်ဟာ ဆရာ့လက်ကို လက်ထိတ်လာပြီးခတ်ရင်း ဆရာ ... အားတော့နာပါတယ်။ ကားပွဲစား ကိုကာလူးကို သတ်တဲ့တရားခံဟာ ဆရာပါပဲ။ ရယ်ဗလွန်ရေမွှေးလေ ဆရာရဲ့လို့ပြောလိုက်တဲ့အချိန်မှာပဲ ဆရာကိုဖြစ်သဲဟာ သွက်သွက်ခါအောင် ရူးသွားတော့တာပါပဲ။”

"နောက်ဆုံးမှာ ဒီအမှုအတွက် ဆရာကိုဖြစ်သဲကို တရားရုံးမှာစွဲတင်ခဲ့ပါတယ်။ ဒါပေမဲ့ ရူးသွပ်နေသောကြောင့် တရားသေလွတ်လိုက်ရတယ်။ အမှုက လွတ်သွားပေမဲ့လည်း ဆရာရဲ့ရောဂါဟာ မပျောက်ပါဘူး။ အခု ဆုပန်ထွာမြင်တဲ့အတိုင်းပါပဲ၊ သွက်သွက်ခါအောင် ရူးသွားတော့တာပါပဲ" ဟု လှမှူယာအေးက ဆုပန်ထွာ၏ စကားကို သိမ်းကျုံး၍ အဖြေပေးလိုက်လေတော့သတည်း။

⁂ ⁂ ⁂



# မိန်းမရုပ်တစ်ဦး

တစ်ခုသော နွေရာသီနေ့လယ်ပိုင်းတွင် အိုက်စပ်လွန်းလှသဖြင့် ကျွန်ုပ်ငှားရမ်းနေထိုင်သော တိုက်တန်းလျား၏ အရှေ့အရိပ်တွင် ကုလားထိုင်တစ်လုံးချကာ ရေနွေးကြမ်းတစ်ကရားဖြင့် တစ်ဖက်လမ်းသို့ လှမ်းမျှော်ကြည့်ရင်း အချိန်ဖြုန်းနေလေ၏။ ထိုအချိန်၌ လမ်းအတွင်းမှ မိတ်ဆွေတစ်ဦး အနီးသို့ရောက်လာပြီးလျှင်...

"ဘယ်လိုလဲ ကိုအောင်ထွန်း၊ ရေနွေးတစ်ခရားနဲ့ ဇိမ်ကျနေပါလား" ဟုပြောလေ၏။

"ဇိမ်ကျတယ်ရယ် မဟုတ်ပါဘူးဗျာ၊ ဟိုကြည့် ဒီကြည့် ကြည့်နေတာပါ" ဟုပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ထိုလူက...

"ဒါနဲ့နေပါဦး ကိုအောင်ထွန်းရဲ့။ ခင်ဗျားနဲ့ မျက်နှာချင်းဆိုင်တိုက်ခန်းက လူငှား ရသွားပြီနဲ့တူတယ်။ ပြတင်းပေါက်မှာ ရောင်စုံလိုက်ကာလေးတွေ တပ်ထားတာ တွေ့ရတယ်" ဟု ကျွန်ုပ်အား ပြောလိုက်ပြန်စဉ် ထိုအခန်းမှ မိန်းမသည်ဆင်းလာ၏။ ကျွန်ုပ်အနီးမှ မိတ်ဆွေသည် ထိုမိန်းမကို လှမ်း၍ကြည့်ပြီးလျှင်...

"အလို ဘယ်သူများလဲမှတ်တယ် လေဒီဂျစ်ခင်ခင်ပါလား" ဟု ပြောလိုက်သဖြင့် ကျွန်ုပ်က

"ခင်ဗျားသိသလား" ဟု မေးလိုက်ရာ ထိုသူက...

"လေဒီဂျစ်ခင်ခင်ကို မသိတဲ့သူမရှိပါဘူး။ မြစ်နားမှာ သူရပ်နေတုန်း မျောလာတဲ့ သပွတ်အူက အလေးပြုသွားရတဲ့မိန်းမပေါ့၊ ရှုပ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး" ဟုပြောလိုက်၏။

ထို့နောက် ရက်များမကြာမီ၌ လေဒီဂျစ်ခင်ခင်အိမ်၌ အိမ်တက်မင်္ဂလာ ဖိတ်ကြားသဖြင့် ကျွန်ုပ်လည်း ရောက်ရှိသွားရလေ၏။ ထိုအိမ်တက်ပွဲတွင် မုန့်လေးကြာဆံချက်ကျွေး၏။ လက်ဖက်ရည် ကော်ဖီတိုက်၏။ လေဒီဂျစ်ခင်ခင်သည် စားသောက်နေသော စားပွဲဝိုင်းတိုင်းသို့ သွားရောက်၍ ညှော်ခံစကားပြော၏။ ကျွန်ုပ်တို့ ဝိုင်းသို့လည်းရောက်လာ၏။

"သြော် .. ဒီကအစ်ကိုက ကိုအောင်ထွန်းဆိုတာမှတ်တယ်" ဟု ပြောလိုက်သဖြင့် ကျွန်ုပ်က ...

"ဟုတ်ကဲ့... ဟုတ်ကဲ့" ဟုပြန်၍ ဖြေရလေ၏။ ထိုအခါ ခင်ခင်က...

"နာမည်ကိုသိနေလို့ အံ့သြသွားသလား။ ခုံလေးချပြီး ရေနွေးကြမ်းသောက်ရင်း ခင်ခင်တို့ အိမ်ဘက်ကို ကြည့်ကြည့်နေတတ်လို့ ဘယ်သူလဲလို့ စုံစမ်းရင်း သိသွားတာပါ။ ခင်ခင်က ခင်ခင်ဆိုတဲ့အတိုင်း ခင်တတ်မင်တတ်ပါတယ်။ အဲဒီလို ခင်တတ်တာကိုပဲ အချို့ ရှုပ်တယ်လို့ ထင်တတ်ကြတယ်။ ရှုပ်တာက လွယ်ပါတယ်။ ခင်တတ်ဖို့က ခက်တယ်" ဟု ပြောလေ၏။ ကျွန်ုပ်လည်း သွက်လက်လှသော ခင်ခင်၏ ပြောပုံဆိုပုံကို သဘောကျမိလေ၏။

"ဒါနဲ့နေစမ်းပါဦး ခင်ခင်ရယ်၊ သိရတာလည်း ဝမ်းသာပါတယ်။ ဘာအလုပ်လုပ်ပါသလဲဗျာ" ဟု မေးလိုက်ရာ... "အမှန်အတိုင်းပြောရရင် ခင်ခင့်မှာအလုပ်မရှိပါဘူး။ တကယ်ခင်ခင် လုပ်နေတဲ့အလုပ်ကတော့ လူတွေကို လိုက်ပြီးကူညီတဲ့ အလုပ်ပါပဲ။ ဥပမာပြောရရင် အစ်ကိုထွန်းအောင် အခုအမှုဖြစ်နေတယ်ဆိုပါစို့ အဲဒီအမှုနဲ့ သင့်တော်တဲ့ ရှေ့နေရအောင် ရှာပေးတယ်။ သမီးပျောက်သွားတယ် ဆိုပါတော့ အဲဒီသမီးကို မတွေ့တွေ့အောင် ရှာပေးတယ်။ အဲဒီသမီးဟာ ရိုးရိုးပျောက်တာမဟုတ်ဘဲ ယောကျ်ားနောက်လိုက်သွားတာဆိုရင်တော့ သူ့ယောကျ်ားဆီကလုယူပြီး မိဘဆီ ပြန်ပို့ပေးတယ်" ဟု ခင်ခင်ကပြောလိုက်လျှင် ကျွန်ုပ်က ...

"ခင်ဗျားပြောတဲ့အတိုင်းဆိုရင် မခင်ခင်ရေ... ခင်ဗျားဟာ ဥပဒေနဲ့ မလွတ်ကင်းတဲ့ အလုပ်တွေ လုပ်မိတတ်တယ်" ဟုပြောလိုက်ရာ ခင်ခင်က...

"မှန်တာပေါ့ အကိုရယ်... တစ်ပတ်မှာ ငါးရက်လောက် အမှုချိန်းရှိတယ်။ ကျန်တဲ့နှစ်ရက်ကလည်း ရုံးပိတ်ထားလို့ မသွားရတာ" ဟု ပြန်၍ ဖြေလျှင် ကျွန်ုပ်သည် ရယ်မိသေးတော့၏။ ထို့နောက် ခင်ခင်က...

"ဒါနဲ့ အကိုရယ် မေးရမှာတော့ အားနာပါတယ်။ အစ်ကို ဘာအလုပ်လုပ်လဲ" ဟု တဲ့တိုးကြီး မေးလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က...

"အလုပ်ရယ်လို့ မည်မည်ရရ မရှိပါဘူး မခင်ခင်ရေ" ဟု ပြန်ဖြေလိုက်လျှင်...

"ဒီလိုဆိုရင်တော့ ခင်ခင်က အကူအညီတောင်းချင်တယ်။ ခင့်အစ်ကိုဝမ်းကွဲတစ်ယောက်ဟာ ဆေးရုံတက်နေတယ်။ ညစောင့်ပေးမယ့် လူမရှိဘူး။ ယောကျ်ားအဆောင်ဆိုတော့ ခင်ခင်ကိုယ်တိုင် သွားစောင့်လို့မရဘူး။ အဲဒါလေး တစ်ဆိတ်လောက် ခင်ခင်ကို ကူညီတဲ့အနေနဲ့ လူနာကို သွားစောင့်ပေးပါလား" ဟု အကူအညီတောင်းလေ၏။

ထိုအခါ ကျွန်ုပ်က...

"ခင်ခင်ရယ် အကူအညီပေးချင်ပါတယ်၊ ဒါပေမဲ့ ဆေးရုံတွေဘာတွေဟာ အခြောက်အလှန့်ရှိတယ်။ အဲဒါမျိုးတွေကို ကျုပ်က သိပ်ကြောက်တယ်ဗျာ။ ဒါကြောင့် ညဘက်ဆေးရုံမှာ စောင့်ရတဲ့အလုပ်ကတော့ မလုပ်ဝံ့ပါဘူးဗျာ" ဟု ပြောလိုက်လျှင် ခင်ခင်က ဟက်ဟက်ပက်ပက် ရယ်လေ၏။

"အစ်ကိုက တကယ်သတ္တိကောင်းတာပဲနော်၊ မဟာဗန္ဓုလနဲ့ဘယ်လိုများ တော်သလဲ" ဟု မေးလေတော့၏။ ထိုအခါ ကျွန်ုပ်က...

"ခင်ခင်ပြောချင်သလိုသာပြောတော့ ကျုပ်ကတော့ ကြောက်တတ်တာအမှန်ပဲ" ဟု ပြောလိုက်ရာ ခင်ခင်က သနားသောမျက်လုံးဖြင့် ကျွန်ုပ်ကိုကြည့်လေ၏။

“တကယ်ကြောက်တတ်တယ်ဆိုရင်တော့ ခင်ခင်က မကြောက်ရတဲ့နည်းတစ်ခုပေးမယ်” ဟု ပြောလိုက်ရာ ကျွန်ုပ်က...

“ပေးစမ်းပါဗျာ...” ဟု ဝမ်းသာအားရတောင်းမိလေ၏။

“ဒီမှာ အစ်ကိုရေ... အခြောက်အလှန့်ရှိတယ်ဆိုတဲ့နေရာမှာ ညအိပ်ရမယ်ဆိုရင် ကတ်ကြေးတစ်လက်ယူသွား၊ ကတ်ကြေးကို ပါးစပ်ဖြဲလိုက် စေ့လိုက် အကြိမ်ကြိမ်လုပ်ပြီး နောက်ဆုံးမှာ ပါးစပ်ဖြဲပြီးအနားမှာ ချထားလိုက်၊ အခြောက်အလှန့်တွေ မလာတော့ဘူး။ နောက်တစ်ခုကတော့ ကုလားပဲ လက်တစ်ဆုပ်နဲ့ သဲလက်တစ်ဆုပ်ယူသွား ... အနားမှာပုံထား၊ ပျင်းလို့ အခြောက်ခံချင်ပါတယ် ဆိုရင်တောင် မလာတော့ဘူး” ဟု ခင်ခင်က ပြောလေ၏။

ကျွန်ုပ်လည်း မှတ်သားလိုက်ရလေ၏။ ထို့နောက်ခင်ခင်၏ အစ်ကိုလူနာအတွက် စောင့်ပေးရန် တာဝန်ယူလိုက်၏။ ကတ်ကြေးတစ်လက်လည်း ယူသွား၏။ သဲတစ်ဆုပ် ပဲတစ်ဆုပ်လည်း ယူသွား၏။ ခင်ခင်ပြောသည့်အတိုင်းလုပ်ထားလိုက်၏။ မည်သည့်အခြောက်အလှန့်မျှ မလာတော့ပေ။ ကျွန်ုပ်သည် ခင်ခင်ကို လွန်စွာကျေးဇူးတင်ရ၏။ လူနာဆေးရုံမှ ဆင်းသွားသောအခါ၌ ခင်ခင်သည် ကျွန်ုပ်အား တိုက်ပုံအင်္ကျီတစ်ထည် ၊ ယောပုဆိုးတစ်ထည်နှင့် ငွေ ၅၀၀ ကန်တော့လိုက်လေ၏။ ကျွန်ုပ်ကလည်း ‘နေပါစေ နေပါစေ’ ဟုဆိုကာ ယူထားလိုက်လေ၏။

တစ်နေ့တွင် ခင်ခင်နှင့် ကျွန်ုပ်သည် တွေ့ကြပြန်၏။ ၎င်းက ကျွန်ုပ်အား...

“ဘာတွေ အလုပ်များနေတာလဲ အစ်ကို ...” ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က

“ဘာမျှအလုပ်မများပါဘူး ခင်ခင်ရယ် ... ကျုပ်ရဲ့ ရင်ဘတ်မှာ အနာကလေးတစ်လုံး ပေါက်နေတယ်။ အဲဒီအနာကို ဆရာဝန်ပြကြည့်တော့ ဆရာဝန်က ဒီနေ့ဆေးရုံမှာ ခွဲပေးမယ်လို့ပြောတယ်။ ကျုပ်ကလည်း နာမှာသိပ်ကြောက်တဲ့လူသားဗျ။ အဲဒါအတွက် ယောက်ယပ်ခတ်နေတာပါ” ဟု ပြောလိုက်ရာ ခင်ခင်က...

“အစ်ကို့ကို အနာသက်သာတဲ့ ဂါထာတစ်ခု သင်ပေးမယ်။ အဲဒါက ဘာလဲဆိုတော့ ‘ဆွာဆွန်း’ ဆိုတဲ့ ဂါထာကို (၈)ကြိမ်ရွတ်ပြီး အခွဲခံလိုက်ပါ။ အစ်ကို မနာဘဲခွဲပြီးတာကို အံ့သြဖွယ်ရာကို တွေ့စေရပါလိမ့်မယ်” ဟု ပြောလေ၏။

ကျွန်ုပ်လည်း ထိုနေက ဆေးရုံ၌ ခင်ခင်ပြောသည့်အတိုင်း ‘ဆွာဆွန်း’ (၈) ကြိမ်ရွတ်၍ အခွဲခံ၏။ မည်သို့ဖြစ်သည်မသိ၊ ခွဲလို့ခွဲမှန်းပင် မသိပေ။ အနာအကျင် လုံးဝမရှိဘဲ ပြီးသွား၏။ ထို့ကြောင့် ကျွန်ုပ်စိတ်၌ ဒီမိန်းကလေးသည် အလွန်တော်သော မိန်းကလေးဖြစ်၏။ သို့သော် အများက ရူပ်တယ်ဟု ပြောဆိုနေကြ၏။

ရူပ်ရူပ် မရူပ်ရူပ် ကျွန်ုပ်သူ့ကိုခင်၏။

⁂ ⁂ ⁂



# မမကြီးဖမ်းပေးသော စားပြဲမှုတစ်ခု

'ဒါပေမဲ့ မပူပါနဲ့။ လုပ်ရဲကိုင်ရဲတဲ့
လူငယ်တွေပါ။ ကျွန်မရွေးထားတာက
လုပ်ရဲကိုင်ရဲတဲ့ လူငယ်တွေပါ။ သူတို့ကို
မအိပ်ရအောင် ကျွန်မက ကြက်သား
ကာလသားဟင်း ချက်ထားတယ်လေ'

တစ်နေ့တွင် မမကြီးသည် ရဲစခန်းသို့ရောက်လာပြီးလျှင် စခန်းမှူးနှင့် တွေ့ဆုံလေ၏။

"ဒီကအစ်မကြီးက ဘာကိစ္စလဲ ခင်ဗျ"

"အရေးကြီးတဲ့ သတင်းတွေ ပေးချင်လို့ပါ။ နာမည်ကြီးဓားပြမဲညိုဟာ လွတ်လာပြီရှင့်"

"ကျွန်တော်တို့ဆီ အဲဒီသတင်း ဝင်ပြီးပါပြီ"

"အဲဒီလို ဓားပြကြီးတွေဟာ လွတ်လာလာချင်းမှာ တစ်ပွဲတစ်လမ်း တိုက်တတ်ခိုက်တတ်တယ်ရှင့်။ ဘာဖြစ်လို့လဲဆိုတော့ နောက်ပေါက်ဓားပြတွေက သူတို့ကို လေးစားအောင်ပေါ့"

"အခု အစ်မကြီးပြောတဲ့စကားကို ရာဇဝတ်မှုဆိုင်ရာ စိတ်ပညာစာအုပ်မှာ ဖတ်ဖူးသလိုလိုပါပဲ"

"ပေါ့တော့ မပေါ့စေချင်ဘူးရှင့်။ မဲညိုနဲ့ ဓားပြလက်သစ်ကလေးတွေဟာ ကျွန်မတို့အိမ်နားက လက်ဖက်ရည်ဆိုင်တွေ၊ အကြော်ဆိုင်တွေမှာ မတရားတွေ့နေရတယ်။ အဲဒီအနားက မြို့အထွက်နေရာရှင့်။ လူတော့ နည်းနည်းပြတ်တယ်။ ကျွန်မတို့အိမ်မပါဘဲ အစွန်ဘက်ကျတဲ့ ပိုက်ဆံရှိတဲ့ အိမ်သုံးအိမ်ရှိတယ်။

သူတို့ အလုပ်လုပ်ရင်တော့ အစွန်ဆုံးအိမ်ကို လုပ်ကြလိမ့်မယ်ထင်တယ်။ အဲဒီအိမ်က ယောကျ်ားရင့်မာကြီးမရှိဘူး။ အပျိုကြီး ညီအစ်မတွေစုနေကြတာ။ ဝင်ချင်ရင်တော့ သကြိန်အကြိုရက်လောက်မှာ ဝင်ကြလိမ့်မယ်။ အဲဒီလေး နည်းနည်းဂရုစိုက်ပေးဖို့ အကြံလာပေးတာပါ"

"ကောင်းပါပြီဗျာ။ အစ်မကြီးပြောတဲ့အကြံကို အလေးအနက်ထားပါ့မယ်။ ကျွန်တော်တို့ဆီကလည်း လူချထားပေးပါ့မယ်။ နောက်ထပ်ရော အစ်မကြီးအနေနဲ့ ဘာများစီစဉ်ချင်ပါသေးသလဲ။ တစ်ခုတော့ရှိတယ်။ သူတို့ကို ဓားပြတွေမှန်း သိပေမဲ့ မတိုက်သေးဘဲနဲ့ ကျွန်တော်တို့ဘက်က ကြိုပြီးဖမ်းထားခွင့်မရှိပါဘူး"

"အဲဒီလိုလုပ်ဖို့ မဟုတ်ပါဘူးရှင်။ အရေးအကြောင်းဖြစ်လာလို့ အကြောင်းကြားရင် ရှင်တို့ဆီက ချက်ချင်းရောက်လာဖို့ပါပဲ"

"ဒါတော့ မပူပါနဲ့အစ်မကြီးရယ်။ အကြောင်းကြားတာနဲ့ ဒီကောင်တွေကို ဝိုင်းပြီးသားဖြစ်အောင် ကျွန်တော့်ဆီက ကျွမ်းကျင်တဲ့ လူဆိုးထိန်းဆရာဘဆွေနဲ့ ဆရာနိုင်လင်းစိုးတို့ကို လက်နက်အပြည့်အစုံ၊ လူအပြည့်အစုံနဲ့ လွှတ်လိုက်ပါ့မယ်"

"ဟုက်ကဲ့၊ ကျေးဇူးတင်ပါတယ်"

မမကြီးသည် အိမ်သို့ ပြန်ရောက်သောအခါ၌ မြို့အထွက်မှ အိမ်သုံးအိမ်အနက် အပျိုကြီးညီအစ်မသုံးယောက် နေသောအိမ်သို့ သွားရောက်ကာ အစ်မကြီးဆုံးဖြစ်သော မလှသွယ်နှင့် သွားရောက်တွေ့ဆုံ၍ ...

"အသွယ်ရေ ... အသွယ်တို့အိမ်ကို ဓားပြတိုက်ဖို့ အရိပ်နိမိတ်တွေ တွေ့နေရတယ်။ သတိဝိရိယနဲ့ နေကြနော်" ဟု ပြောလိုက်ရာ မလှသွယ်က ...

"ဟုတ်လား မမကြီး။ အိမ်မှာကလည်း အပျိုကြီး ညီအစ်မသုံးယောက်ပဲရှိတာ၊ ယောကျ်ားသားမရှိဘူး။ ခက်တော့တာပဲ ကယ်ပါဦး" ဟု ပြောလေ၏။ ထိုအခါ မမကြီးက ...

"မပူပါနဲ့ ဒီက ကယ်ဖို့ရောက်လာတာပဲ" ဟုဆိုကာ လျှပ်စစ်သမားကို တယ်လီဖုန်းဆက်၍ ခေါ်လိုက်ပြီးလျှင် မီးခံသေတ္တာဖွင့်လိုက်သည်နှင့် ခေါင်မိုးပေါ်တွင် ထွန်းထားသော မီးလင်းသွားစေရန် ပြုလုပ်ခိုင်း၏။ ထိုသို့ပြုလုပ်ခိုင်း ပြီးနောက် သေချာအောင် စစ်ဆေးပြီးမှ မမကြီးက ...

"အသွယ်ရေ .. ဓားပြဟာ မီးခံသေတ္တာသော့ တောင်းရင် ငြင်းမနေနဲ့ ပေးသာပေးလိုက်။ ဖွင့်ပေးဆိုလည်း ဖွင့်သာပေးလိုက်။ အသွယ်က မီးသံသေတ္တာ ဖွင့်လိုက်တာနဲ့ ခေါင်မိုးပေါ်မှာ တပ်ထားတဲ့မီးက လင်းပြီးသားပဲ။ အဲဒါဆိုရင် ဓားပြတိုက်နေတယ်လို့ သိရပြီ။ အဲဒီအချိန်မှာ စခန်းကရဲတွေက ဝိုင်းပြီးသားပဲ၊ တစ်ဂိုဏ်လုံးကို လက်ရဖမ်းမိနိုင်တယ်" ဟု ပြောလိုက်လေသည်။ ထို့နောက် မမကြီးသည် ရဲစခန်းသို့ တယ်လီဖုန်းဆက်၍ ဒီညအပျိုကြီးသုံးယောက်အိမ်ကို ဓားပြတိုက်မှာသေချာကြောင်း၊ အဆင်သင့်ရှိစေလိုကြောင်း တိုင်ကြားလေသည်။ ထိုအခါ စခန်းမှူးကိုဝင်းလွင်က...

"စိတ်ချပါ အစ်မကြီး၊ ကျွန်တော်တို့ဘက်က အသင့်ရှိနေပါတယ်" ဟု ပြောလိုက်လေ၏။ ည ၈ နာရီလောက်တွင် ရဲသား ၅ ယောက်နှင့် ရဲကြပ်ကိုဘဆွေ၊ ရဲကြပ်နိုင်လင်းစိုးဆူသူတို့သည် မမကြီးအိမ်သို့ ရောက်လာလေ၏။ ထိုအခါ မမကြီးက ...

"ကိုနိုင်လင်းစိုးတို့အဖွဲ့ ဟိုးအစွန်ဆုံးက အပျိုကြီးမသုံးယောက် အိမ်ဘေးမှာ ကင်းပုန်းဝပ်နေကြပေါ့။ ရှင်တို့နဲ့ ပါလာတဲ့ စကားပြောစက်သုံးလုံးထဲက တစ်လုံးကို ကျွန်မနဲ့ထားခဲ့ပေါ့။ အဲဒီ စကားပြောစက်နဲ့ အကြောင်းကြားမယ်။ ရှင်တို့ ဝင်ကြပေါ့။ ရှင်တို့ဆီကနေ ကွဲထွက်လာတဲ့ဓားပြကို အမိဖမ်းဖို့ ဒီနားကလူတွေနဲ့ ညှိထားတယ်။ ဒီနားက လူငယ်တွေကတော့ သေနတ်တွေဘာတွေ ဘယ်ရှိမလဲ။ လေးခွနဲ့ပေါ့။"

"ဒါပေမဲ့ မပူပါနဲ့။ လုပ်ရဲကိုင်ရဲတဲ့ လူငယ်တွေပါ။ ကျွန်မရွေးထားတာက လုပ်ရဲကိုင်ရဲတဲ့ လူငယ်တွေပါ။ သူတို့ကို မအိပ်ရအောင် ကျွန်မက ကြက်သားကာလသားဟင်း ချက်ထားတယ်လေ။ သူတို့ ထမင်းစားရင် စောင့်ကြလိမ့်မယ်။ သူတို့နဲ့ လူချင်းမမှားအောင် စကားဝှက်ပေးထားမယ်။ အဲဒီစကားဝှက်က 'မှော်ဘီ'တဲ့။ 'ရပ်ဘယ်သူလဲ' လို့ မေးတဲ့အခါ 'မှော်ဘီ' လို့ဖြေခဲ့ရင် ကိုယ့်လူလို့ နားလည်ပါ" ဟု မှာကြားလိုက်သေး၏။

အပျိုကြီးမလှသွယ်တို့ အိမ်မိုးပေါ်မှ မီးလုံးကို မျက်ခြည်မပြတ်စောင့်ကြည့်နေလေ၏။ ၈ နာရီခွဲသောအခါ၌ ထိုအိမ်အမိုးပေါ်မှ မီးလုံးသည် ဖျက်ခနဲ လင်းလာလေ၏။ ထိုအခါ မမကြီးသည် စကားပြောစက်ဖြင့် ရဲကြပ်နိုင်လင်းစိုးတို့အား ခေါ်ကာ အကြောင်းကြားလိုက်လေ၏။

ရဲကြပ်နိုင်လင်းစိုးတို့သည် သေနတ်ဖောက်၍ ဝိုင်းပြီးလျှင် ဓားပြများကို အရအမိ ဖမ်းဆီးလေ၏။ ဓားပြအချို့ လွတ်၍ထွက်သွားသော်လည်း မမကြီး၏ လူများဖြင့် ပက်ပင်းတိုးကာ အဖမ်းခံလိုက်ကြရလေ၏။ ထို့ကြောင့် ထိုညက ဓားပြဖမ်းပွဲကြီးသည် အောင်မြင်စွာပြီးဆုံးသွားလေ၏။ ထိုသို့ ပြီးဆုံးသွားပြီးနောက် ထောင်ထွက်ဓားပြ၏ ဒုက္ခပေးမှုလည်း နောက်ထပ် ပေါ်မလာတော့ချေ။ စခန်းမှူး ဦးဝင်းလွင်လည်း မမကြီးနှင့်တွေ့ဆုံကာ ဓားပြများ၏သတင်းရပုံကို စစ်ချက်ယူ၏။ စခန်းမှူးဦးဝင်းလွင်က ...

"တစ်ခုပဲမေးစရာရှိတယ် ဒေါ်မမကြီးရယ်။ ဓားပြတွေ ဒီညတိုက်မယ်ဆိုတာ ခင်ဗျားက ဘာကြောင့် အတတ်သိနေတာတုံး" ဟု မေးရာ မမကြီးက ...

"ဒီလိုဦးဝင်းလွင်၊ ဟိုးရွာထိပ်ညောင်ပင်နားက ကလေးတစ်ယောက်ကို မုန့်ဖိုးပေးပြီး ကြည့်ခိုင်းထားရတယ်။ ရွာဦးညောင်ပင်က နတ်စင်မှာ ဓားလုံလက်နက်တွေတင်ပြီး မီးတွေထွန်း ပူဇော်တာတွေ့ရင် ဘယ်သူပဲလုပ်လုပ် အန်တီ့ကိုပြောလို့ မှာထားတယ်။ အဲဒီကလေးက လာပြီးပြောတယ်လေ။ အဲဒီကတည်းက ဓားပြတွေ ဒီညလုပ်ရှားမယ်ဆိုတာ အပိုင်သိပြီ။ ဒါကြောင့် ဦးဝင်းလွင်ကို အကြောင်းကြားလိုက်တာပေါ့" ဟုပြောလိုက်ရာ ဦးဝင်းလွင်က ...

"ဒေါ်မမကြီးရယ် တော်လိုက်တာဗျာ။ ခင်ဗျား ရဲထဲဝင်ပါလား။ ခင်ဗျားလို ရဲမေမျိုး ကျွန်တော်တို့ရဲတပ်ဖွဲ့မှာ လိုနေတယ်ဗျ။ ဟာ... ဆရာမင်းသိခ်က ဆာပုလင်းနှင်းမောင်ဆိုပြီး စုံထောက်ဝတ္ထုရေးတယ်ဗျာ။ ခင်ဗျားကို ကျွန်တော်တို့က 'ဆားပုလင်းနှင်းမေ'ဆိုပြီး ရေးချင်တယ်" ဟုပြောလိုက်ရာ မမကြီးက ..

"သိပ်လည်း မမြှောက်ပါနဲ့ စခန်းမှူးကြီးရယ်၊ ကျွန်မမျက်နှာ မထားတတ်လို့ပါ" ဟု ပြောကာ နှစ်ယောက်သား ရယ်မောလိုက်ကြလေတော့သတည်း။

✻ ✻ ✻


မင်းသိမ်

# မိတ်ဆွေကောင်း တစ္ဆေဖြူ

လွန်စွာချမ်းအေးလှသော ဆောင်းညတစ်ညတွင် ကျွန်ုပ်သည် မီးဖိုအနီးရှိ ရွက်ဖျင်တဲလေးတွင်ထိုင်ပြီး မီးလှုံရင်း စာအုပ်တစ်အုပ်ကို အာရုံသွင်းလျက် တစိုက်မတ်မတ် ဖတ်နေလျက်ရှိ၏။ အချိန်အားဖြင့် ည ၁၂ နာရီထိုးသောအခါ၌ လူတစ်ယောက်က တွေ့ချင်သည်ဟုဆို၍ ကျွန်ုပ်အနားသို့ ရောက်လာ၏။ ထိုသူသည် ခိုက်ခိုက်တုန်အောင် ချမ်းနေသဖြင့် မီးဖိုအနီးသို့တိုးရန် ကျွန်ုပ်က ညွှန်ပြလိုက်ရလေ၏။ ထို့နောက် တပည့်တစ်ဦးအား ကော်ဖီပူပူလေးဖျော်ခိုင်း၍ ထိုသူအား အချမ်းပြေရန် တိုက်ရလေ၏။ ထိုသူသည် ကော်ဖီပူပူတစ်ခွက် သောက်ပြီးသောအခါ၌ နေသာထိုင်သာ ရှိသွားပုံရ၏။

ထိုအခါ ကျွန်ုပ်က...

"လာတဲ့ကိစ္စ ဆိုစမ်းပါဦးဗျာ။ အချိန်ကလည်း သန်းခေါင်ရောက်နေပြီ။ ဘာများ အကြောင်းထူးလို့လဲ" ဟု မေးလိုက်ရာ ၎င်းဧည့်သည်က...

"အကြောင်းထူးလို့ လာတာပေါ့ဆရာရယ်။ ကျွန်တော်က မြို့ကြီးတစ်မြို့ရဲ့ အစွန်မှာ မြေကွက်ကြီးတစ်ကွယ်ဝယ်ယူပြီး အကြောရောဂါသည်တွေကို ကုနေတဲ့ အကြောဆရာခင်ဗျ။ တင်ပဆုံလွဲတာတို့၊ အကြောတင်သွားတာတို့၊ ဒူးလည်သွားတာတို့၊ လေဖြတ်တာတို့ကို ကုတဲ့ဆရာဆိုပါတော့ခင်ဗျာ။ ကျွန်တော့်အလုပ်က တော်တော်လေး ကောင်းပါတယ်။ ဝေဒနာသည်တွေနဲ့ ခြံမှာလည်း နေ့တိုင်းစည်ကားနေတာပါပဲ။ ပြီးတော့ ကျွန်တော်က အကြောလိမ်းဆေးကလေးလည်း ဖော်ပြီးရောင်းပါတယ်ခင်ဗျ။"

"ကျွန်တော့်ရဲ့ လိမ်းဆေးက အထူးအထွေ မဟုတ်ပေမဲ့ လိမ်းလို့အတော်လေး ကောင်းပါတယ်။ ဒီခေတ်မှာက လိမ်းဆေးကနည်းတယ်။ လိမ်ပြီးရောင်းတဲ့ 'လိမ်ဆေး' ကများပါတယ်။ ကျွန်တော့်ဟာက

လိမ်းဆေးအစစ်ဗျ။ ဆေးအိုးထဲမှာ မိုးကြိုးသွားထည့်ပြီး စိမ်ထားသေးတယ်ဗျ။ ကျွန်တော့်ရဲ့ လိမ်းဆေးနာမည်ကလည်း မိုးကြိုးသွားတဲ့။"

"ရောဂါရှိတဲ့နေရာများ လိမ်းမိရင် လျှပ်စစ်လိုက်သလိုပဲ။ ထန် ထန် ထန် ဖြစ်သွားတာပဲ။ ကျွန်တော့်အိမ်မှာကလည်း ကျွန်တော့်ပညာကို ဆက်ခံချင်တဲ့ တပည့်တွေ အများကြီး လာနေကြတယ်။ ကျွန်တော်က ထမင်းကျွေး အဝတ်အစားဆင်ပြီး ပညာအလကား သင်ကြားပေးပါတယ်။ အကြောကိုင်တာက ၈ ရက်တည်းပါပဲ။ ဒါပေမဲ့ ကျွမ်းကျင်အောင်ဆိုပြီး အိမ်မှာခေါ်ထားရတယ်။ အဲဒီလို ခေါ်ထားတဲ့အထဲမှာ မိန်းကလေးတစ်ယောက်လည်းပါတယ်။ သူကဟိန္ဒူလူမျိုးခင်ဗျ။ နာမည်က 'ချန္ဒရား'တဲ့။

"ဒီကလေးမလေးက ကျွန်တော်ထမင်းစားဖို့ ထမင်းချက်ပေးတယ်ခင်ဗျ။ အချတ်အပြုတ်လည်း မဆိုးဘူး။ သန့်လည်း အလွန်သန့်တယ်ခင်ဗျ။ အဲဒီတော့ ကျွန်တော့်မှာ စားရေးသောက်ရေး ပြေလည်တာပေါ့ဗျာ။ အဲဒီအခါမှာ ကျွန်တော့်တပည့်ထဲက တပည့်ဆိုးဖြစ်တဲ့ လမင်းနဲ့ပေါက်ဖော်ဆိုတဲ့ ကောင်လေးနှစ်ယောက်က ဒီကောင်မလေးကို ဖြားယောင်းသွေးဆောင်ပြီး ခေါ်သွားပါလေရော။ ခေါ်သွားတာက ပြင်ဦးလွင်ကိုခင်ဗျ။"

"အဲဒီမှာက ကျွန်တော့်ဆီက ပညာသင်ပြီး အနှိပ်ခန်းဖွင့်ထားတဲ့ ဆရာဆီကို ခေါ်သွားတာခင်ဗျ။ အဲဒီဆရာကလည်း အတော်အောင်မြင်တယ်ခင်ဗျ။ ဒါပေမဲ့ သနားစရာကောင်းတာက သူကလက်တစ်ဖက်မရှိဘူး။ ကျန်တဲ့လက်တစ်ဖက်နဲ့ပဲ နှိပ်ရတာခင်ဗျ။ သူ့နာမည်က ဆရာထိန်ဝင်းတဲ့။ အဲဒီ ဆရာထိန်ဝင်းဆီကို ခေါ်သွားကြတာခင်ဗျ။"

"အဲဒီကို မသွားခင် ကျွန်တော်ဆေးရုံတက်နေတုန်းမှာ အဲဒီနှစ်ကောင်ဟာ 'ချန္ဒရား'လေးကို ဟိုသိမ်ကျောင်းနောက်က ကျည်စုရွာကို ညကြီးသန်းခေါင် ခေါ်သွားသေးတယ်။ အဲဒီမှာ ပယောဂကုတဲ့ ဂိုဏ်းတစ်ဂိုဏ်းကို တက်ကြတယ်။ ကျန်တဲ့ တပည့်တွေကိုလည်း တက်ဖို့ဆွယ်သွားတယ်။ ကျန်တဲ့တပည့်တွေကလည်း နားယောင်ပြီးလိုက်ကြတယ်။ ကျွန်တော့်အဖွဲ့အစည်းကိုလာပြီးတော့ ဖြိုခွဲတာပေါ့ဗျာ" ဟု ပြောလိုက်လျှင် ကျွန်ုပ်က –

"ဂိုဏ်းတက်တာပဲဗျာ။ နေ့ခင်းတက်လည်းရပါတယ်။ ညကြီးသန်းခေါင် ဘာဖြစ်လို့ သွားပြီးတက်ရတာလဲ" ဟု မေးလိုက်ရာ –

"ဒါတွေက ဒီနှစ်ကောင်ရဲ့ ထွင်လုံးပေါ့ဗျာ။ ချန္ဒရားလေးကို ညဘက်ခေါ်သွားချင်လို့ပေါ့။ ကောင်မလေးက အတော်အ,တယ်ခင်ဗျ။ သူတို့ပြောစကားကို အဟုတ်ကြီးမှတ်လို့ လိုက်သွားတာပေါ့။ အဲဒီညမှာ ဘာတွေဖြစ်ကြတယ်ဆိုတာတော့ ကိုယ်စောင့်နတ်ပဲ သိမှာပေါ့။ အသေးစိတ် ကျွန်တော်ဘယ်သိပါ့မလဲ။ အဲဒီ ဟိန္ဒူမလေးက ချောချောလေးခင်ဗျ။ ဒါပေမဲ့ တစ်ခုလပ်မလေးခင်ဗျ။"

"သူတို့ အဲဒီကိုသွားတဲ့ညမှ ဆေးရုံပေါ်မှာ ကျွန်တော်ပက်လက်ကြီးလန်လို့ အောက်စီဂျင်ပေးထားရတယ်။ ဒါပေမဲ့ အဲဒီညက ကျွန်တော်အိမ်မက်မက်တယ်ဗျ။ အိမ်မက်ထဲမှာ တစ်ကိုယ်လုံးထုံးသုတ်ထားသလို ဖြူနေတဲ့လူတစ်ယောက် ကျွန်တော်နဲ့လာပြီးတွေ့တယ်။ သူက သူ့နာမည်ကို တစ္ဆေဖြူလို့ပြောတယ်။ အဲဒီ တစ္ဆေဖြူက...

"ဒီမှာ ဆရာ၊ ခင်ဗျားတပည့်တွေ ခင်ဗျားကိုသစ္စာဖောက်ပြီး တခြားမှာ ဂိုဏ်းသွားတက်ကြပြီ။ အဲဒီအထဲမှာ ခင်ဗျားကို ထမင်းချက်ကျွေးတဲ့ချန္ဒရားလည်း ပါသွားတယ်လို့ သူကသတင်းပေးတယ်။ အဲဒါနဲ့ ကျွန်တော်လည်း ခြံကိုဖုန်းဆက်ကြည့်တော့ ခြံက အဲဒီလူတွေမရှိဘူးဆိုတာ ကျွန်တော်ခန့်ထားတဲ့ လက်ထောက်ဆရာ ဦးအောင်ကပြောတယ်။ အဲဒီလူတွေလည်း ပြန်လာရော ဆရာဦးအောင်က တန်းစီပြီး ကြိမ်လုံးနဲ့ ရိုက်တော့တာပဲ။ ဆရာရဲ့ ခွင့်ပြုချက်မရဘဲ ဟိုသွားဒီသွား သွားရမလားပုဒ်မနဲ့ ရိုက်တာပေါ့ဗျာ။"

"နောက်ပြီး မိန်းကလေးတစ်ယောက်ကို ညကြီးသန်းခေါင်ခေါ်သွားတဲ့ ပုဒ်မလည်းပါတာပေါ့။ အဲဒီအခါမှာ ကျွန်တော့်တပည့်ပေါက်ဖော်နဲ့ လမင်းက အတော်ကလေးပေါက်ကွဲပြီး ချန္ဒရားကို တစ်ခါတည်းသုတ်ပြေးဖို့ စဉ်းစားတော့တာပဲ။ ချန္ဒရားကလည်း အသိဉာဏ်မရှိတော့ နားထောင်တာပေါ့ဗျာ။ လိုက်သွားရှာတယ်။ ဟိုလည်းရောက်ရော အနိုပ်ခန်းဖွင့်ဖို့ အခန်းငှားရမယ်ဆိုတော့ ငှားစရာပိုက်ဆံမရှိလို့ ချန္ဒရားရဲ့ ဆွဲကြိုးကို ရောင်းပစ်လိုက်ရတယ်။"

"အဲဒီအချိန်မှာပဲ ကျွန်တော်ဟာ ဆေးရုံက ဆင်းလာတယ်။ ဆေးရုံက ဆင်းတဲ့ညမှာပဲ အိပ်မက်ထဲမှာ တစ္ဆေဖြူရောက်လာတယ်။ ထွက်ပြေးတဲ့သုံးယောက် ပြင်ဦးလွင်က ခင်ဗျားတပည့် လက်ပြတ်ဆီရောက်နေတယ်တဲ့။ အမြန်ဆုံးခေါ်လိုက်တဲ့။ အဲဒါနဲ့ ကျွန်တော်လည်း လက်ထောက်ဆရာအောင်ကို လွှတ်ပြီးခေါ်ခိုင်းတယ်။ သုံးယောက်စလုံး ပြန်ပါလာတယ်။ ဒီရောက်တော့ အဲဒီတပည့်လေး နှစ်ယောက်ကို ဆုံးမရတာပေါ့။"

"ချန္ဒရားကိုတော့ ကောင်းကောင်းနေဖို့ပဲ ဆူလိုက်တယ်။ ပြီးတော့ အဲဒီတပည့်လေးနှစ်ယောက် ထွက်မပြေးနိုင်အောင်ဆိုပြီး မှတ်ပုံတင်၊ အဝတ်အစားတွေ သိမ်းထားလိုက်တယ်။ ဒါပေမဲ့ မရပါဘူး။ တပည့်နှစ်ယောက်ဟာ အဲဒီညမှာပဲ ထွက်ပြေးသွားတယ်။ သူတို့ ထွက်ပြေးနိုင်အောင်လို့ဆိုပြီး ချန္ဒရားက ဆွဲကြိုးရောင်းထားတဲ့ လက်ကျန်ငွေလေးပေးလိုက်တယ်။ အဲဒီနှစ်ယောက် ထွက်ပြေးတဲ့ညမှာပဲ အိပ်မက်ထဲမှာ တစ္ဆေဖြူရောက်လာတယ်။ တစ္ဆေဖြူက...

"အဲဒီနှစ်ကောင်ထွက်ပြေးတဲ့နေရာကို ပြောပြတယ်။ ပြီးတော့လည်း နည်းနည်း သတိထားပါတဲ့။ ဒီနားကို ဒီနှစ်ကောင်ပြန်လာလိမ့်မယ်တဲ့။ ပြန်လာပြီး ခြံထဲက သစ္စာမရှိတဲ့ တပည့်တစ်ယောက်နဲ့ချိတ်ပြီး တရုတ်နယ်စပ်က ဝယ်လာတဲ့ အဆိပ်ပုလင်းသုံးပုလင်း သွင်းလိမ့်မယ်တဲ့။ အဲဒီအဆိပ်က အမှုန့်တဲ့။ သူများစားတဲ့ အစားအသောက်ထဲခတ်ဖို့ပဲ။ တိုတိုပြောမယ်ဗျာ အဆိပ်ပုလင်းသုံးပုလင်း ခြံထဲရောက်နေပြီး ဘယ်နေ့ ခင်ဗျားစားမိမလဲ မသိဘူး။ ခင်ဗျားသတိထားနိုင်အောင်လို့ ပြောလိုက်မယ်။ ခင်ဗျားကို ခတ်မှာက တခြားမဟုတ်ဘူး။ ခင်ဗျားကို ထမင်းချက်ကျွေးတဲ့ ကောင်မလေးဗျာ။"

"သူပဲလုပ်ရတာ လွယ်တယ်လေဗျာ။ ဘယ်နေ့ခတ်မယ်ဆိုတာကိုလည်း ပြောလိုက်မယ်။ ပြင်ဦးလွင်က ဝယ်လာတဲ့ ဆွယ်တာအင်္ကျီအနက်ကလေး ဝတ်တဲ့နေ့ဟာ ခတ်တဲ့နေ့ပဲ။ အဲဒါလေး မဝတ်အောင်တော့ ခင်ဗျားနည်းခင်ဗျားဟန်နဲ့ ပိတ်ပေတော့။ အဲဒါလေးဝတ်ပြီးကျွေးတဲ့နေ့ ဘာမျှမစားနဲ့။ အဲဒါဝတ်တဲ့နေ့ကို အထဲမှာ ခတ်ထားပြီးပြီ လို့ သတိပေးလို့ ကျွန်တော်လည်း ချန္ဒရားကိုခေါ်ပြီး အဲဒီအင်္ကျီ မဝတ်ဖို့၊ အဲဒီအင်္ကျီကိုဝတ်ရင် လာဘ်တိတ်မယ်ဆိုတဲ့အကြောင်း ဥပါယ်တံမျဉ်နဲ့ ပြောရတာပေါ့။"

"ချန္ဒရားကလည်း လိုက်နာတယ်။ တစ္ဆေဖြူကိုလည်း အိပ်မက်ထဲမှာလာပြီး သတိပေးခဲ့လို့ ကျေးဇူးတင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်က အဆိပ်ပြီးတဲ့သူပါ။ လူတွေ ဖန်တီးတဲ့အဆိပ်၊ သဘာဝအဆိပ်၊ မြွေဆိပ်၊ ကင်းဆိပ်၊ ခွေးဆိပ်ကအစ ကျွန်တော်နိုင်တယ်။ ဒီတစ်သက်မှာတော့ ကျွန်တော်ဟာ အဆိပ်နဲ့သေဖို့အကြောင်းမရှိဘူး။"

"အဲဒီလိုဖြစ်ပြီး ၁၅ ရက်လောက်ကြာတဲ့အခါမှာ ထွက်ပြေးသွားတဲ့ တပည့်နှစ်ယောက်ခြံတွင်းကို သွင်းထားတဲ့အဆိပ်ပုလင်းကို ဖမ်းမိခဲ့တယ်။ အမှန်ကတော့ အဲဒီအဆိပ်ပုလင်းကို တကူးတက ရှာတာမဟုတ်ဘူး။ နိုင်ငံခြားက ဝယ်လာတဲ့ တဲရှော့အထုပ်တွေကို ရှာရင်းနဲ့တွေ့တာပါ။ အဲဒီညကလည်း အိပ်မက်ထဲမှာ တစ္ဆေဖြူရောက်လာပြန်တယ်။ တစ္ဆေဖြူက... "ဒီမှာ ဆရာ၊ ဟိုကောင်တွေ သွင်းထားတဲ့ အဆိပ်ပုလင်းကိုကိုင်ပြီး သစ်ကနက်ဘုရားမှာ သစ္စာဆိုလိုက်။ ကိုရင့်ကိုသေကြောင်းကြံတဲ့ တပည့်နှစ်ယောက်လည်း အဆိပ်မိပြီး သေလိမ့်မယ်။ ကိုယ်ထိလက်ရောက် အဆိပ်ခတ်တဲ့ ချန္ဒရားလည်း သားအိမ်ကျတဲ့ရောဂါ၊ အမျိုးသမီးရောဂါနဲ့ မရှုမလှခံရလိမ့်မယ်။ ဆေးရုံတက်လည်းမပျောက်ဘူး။ ခင်ဗျားကမှ ပျောက်မယ်လို့ပြောတယ်။"

"အဲဒါကြောင့် ကျွန်တော်လည်း တစ္ဆေဖြူပြောတဲ့အတိုင်း ကျွန်တော်ကိုးကွယ်ထားတဲ့ သစ်ကနက်ဘုရားလေးမှာ အဲဒီအဆိပ်ပုလင်းကိုကိုင်ပြီး သစ္စာဆိုတယ်။ သစ္စာဆိုပြီး မကြာခင်မှာပဲ တပည့်ဆိုးနှစ်ယောက်အစာမိပြီး သေဆုံးသွားတဲ့အကြောင်း ကြားရတဲ့အပြင် ကိုယ်ထိလက်ရောက်

အဆိပ်ခတ်တဲ့ ချန္ဒရားလည်း မိန်းမရောဂါနဲ့ အိပ်ရာထဲ ဗုန်းဗုန်းလဲသွားတယ်။ သူ့အနားသွားရင် နံစော်နေလို့ လူနာမေးမယ့် လူဆိုတာမရှိတော့ဘူး။”

“အဲဒီအဖြစ်အပျက်တွေ ဖြစ်ပြီးတဲ့နောက် တစ္ဆေဖြူက ကျွန်တော့်ကို အိပ်မက်ပေးပြန်တယ်။ အိပ်မက်ထဲမှာ တစ္ဆေဖြူက ကျွန်တော့်ကို…

“ကျုပ်ဟာ ခင်ဗျားရဲ့ မိတ်ဆွေကောင်းပဲဗျာ။ ကျုပ်ရဲ့ ပုံလေးတစ်ခုပုံတူ ခင်ဗျားခြံထဲမှာ ထုထားပါလား။ ပြီးတော့ သစ်သားနဲ့လည်း အသေးတစ်ခုထုပြီး ဆောင်ပေါ့။ ကျုပ်နဲ့တွေ့ချင်ရင် တစ္ဆေဖြူလို့ ခေါ်ပြီး စကားပြောပေါ့လို့ ပြောပြီးပျောက်သွားတယ်” ဟု ၎င်းဧည့်သည်က ပြောပြလေ၏။ ထို့နောက် ထိုသူကပင်…

“ကျွန်တော်သိချင်တာက အဲဒီတစ္ဆေဖြူဆိုတာ လူတော့မဟုတ်ဘူး။ ဝိညာဉ်ပဲ။ အကောင်းလား အဆိုးလား၊ သူပြောတဲ့အတိုင်းလုပ်သင့်သလား မလုပ်သင့်ဘူးလား။ လုပ်သင့်တယ်ဆိုရင်တော့ ခြံထဲမှာ ပန်းပုဆရာ ကိုတင်ငွေဆိုတာရှိတယ်။ သူ့ကိုခေါ်ပြီး လုပ်ခိုင်းမယ်။ အသေးတစ်ခုလည်းလုပ်ထားတယ်။ တစ္ဆေဖြူနဲ့ ဆက်သွယ်မယ်။ သူပြောတဲ့ပုံစံအတိုင်း ဆိုရင်တော့ အင်္ကျီလုံချည်မပါဘူး။ တစ်ကိုယ်လုံး အဖြူပဲ။ ခေါင်းမှာလည်း ဦးထုပ်အချွန်ကလေး ဆောင်းထားတယ်။ ဆရာတို့သုံးနေတဲ့ နံ့ရုပ်နဲ့ အတော်တူတယ်။ ဒါပေမဲ့ သူက အသေးမဟုတ်ဘူး။ လူရုပ်နဲ့ အတော်တူတယ်” ဟု ပြောလိုက်ရာ ကျွန်ုပ်က…

“မိတ်ဆွေကောင်းပါဗျာ။ ခြံထဲမှာ အရုပ်ကလေးတစ်ရုပ်ထုချင်လည်းထုပေါ့။ ခင်ဗျားကို သူက ကူညီတာပဲ။ ကူညီတာမှ ခင်ဗျားအသက်ကိုကယ်တာ” ဟု ပြောလိုက်ရာ ထိုအကြောပြင်ဆရာလည်း ကျွန်ုပ်ကိုနှုတ်ဆက်၍ ဝမ်းမြောက်စွာ ပြန်သွားလေတော့သတည်း။

⁂ ⁂ ⁂



# မနောဖေဒင်

**"ဖေဒင်တွေ ဘာတွေတော့ မယုံပါဘူး။
ဒါပေမဲ့ ဆရာလုပ်လိုက်တာနဲ့ ကျွန်တော့်
ရင်ထဲမှာ အဲဒါဟာအစွဲဖြစ်သွားပြီ။
ကျွန်တော်ဟာ အဲဒီရက်ကိုအကြောင်းမဲ့
ကြောက်ရတော့မယ်"**

ကျွန်ုပ်သည် နှစ်ပေါင်းများစွာ ဖေဒင်တွက်ချက်၍ ဟောပြောသောအလုပ်ဖြင့် အသက်မွေးခဲ့လေ၏။ အချိန်ကာလ ကြာညောင်းလာသောအခါ ဖေဒင်ဟောပြောခြင်းကို မငြီးငွေ့သော်လည်း ဖေဒင်တွက်ချက်ခြင်းကိုမူ မလုပ်ချင်လောက်အောင် ငြီးငွေ့လာ၏။

ထို့ကြောင့် ဖေဒင်ဟောပြောသောအခါ တွက်ချက်ခြင်းမပြုတော့ဘဲ စိတ်ကို ငြိမ်အောင်ထားပြီးလျှင် မနောအိမ်၏ နောက်သို့စိတ်ကိုပို့လိုက်၏။ ထိုမနောအိမ်၏ နောက်မှ ထင်ဟပ်သောရောင်ပြန်များကို ဖေဒင်ကြည့်သူအား ဟောပြောလိုက်၏။ ထိုသို့ဟောပြောသောအခါ၌ ဟောချက်များသည် ကွတ်တိမှန်လေ၏။ ထို့ကြောင့် ဖေဒင်ကြည့်သူများက လွန်စွာသဘောကြလေ၏။

အချို့မှာ တွက်ချက်ပြီးဟောပါမည်ဆိုလျှင်တောင် "မဟောပါနဲ့ဆရာ၊ အာရုံနဲ့ဟောပေးပါ" ဟု ပြောကြလေ၏။ အခါတိုင်းထက်ပို၍နာမည်ကြီးလာလေ၏။ ကြည့်သောပရိတ်သတ်လည်း အခါတိုင်းထက် ပိုမိုများပြားလာလေ၏။

တစ်နေ့တွင် ကျွန်ုပ်ထံသို့ ကျောင်းသားအရွယ် သူငယ်လေးသုံးဦး ဖေဒင်လာ၍ မေးလေ၏။ ထိုသို့မေးရာတွင် နှစ်ယောက်သော သူငယ်လေးများမှာ ကျွန်ုပ်အား ရိုသေစွာဆက်ဆံ၏။ ကျွန်ုပ်၏ပညာကို လေးလည်းလေးစား၏။ ကျွန်ုပ်သည် တစ်ယောက်ကို ဆရာဝန်ဖြစ်မည်။ နိုင်ငံခြားတွင် နေရမည်ဟု ဟောလိုက်၏။

တစ်ယောက်သော သူငယ်လေးအား စစ်ဘက်တွင် အကျိုးပေးမည်ဟု ဟောလိုက်လေ၏။ နောက်ဆုံးသူငယ်လေးမှာမူ ကျွန်ုပ်ကိုလည်း လေးလေးစားစား မဆက်ဆံ။ ကျွန်ုပ်၏ပညာကိုလည်း များစွာအထင်ကြီးပုံမရပေ။ ထိုသူငယ်လေးက ထိုင်လိုက်သည်နှင့်...

"ဆရာ့ကို ကျွန်တော်ပြောရဦးမယ် ... ကျွန်တော်က ဗေဒင်ကို ယုံလည်းမယုံဘူး။ ဝါသနာလည်း မပါဘူး။ သူငယ်ချင်းသုံးယောက်လာတယ်။ နှစ်ယောက်ကကြည့်တယ်။ ကျွန်တော်တစ်ယောက်တည်း မကြည့်ရင် မကောင်းလို့ ကြည့်လိုက်တာ။ ကျွန်တော့်ကိုတော့ ဖြီးဖြန်းဟောလို့ မရဘူးဆရာ။ အတိအကျ ဟောနိုင်မှ ဟောလိုက်ပါ" ဟုပြောလေ၏။

ကျွန်ုပ်လည်း စိတ်ကို မနောအိမ်၏နောက်ကွယ်သို့ ပို့လိုက်၏။ သို့ရာတွင် မည်သည့်အကြောင်းအရာမျှ ထင်ဟပ်မလာ၍ ဟောရခက်နေ၏။ ကျွန်ုပ်သည် မျက်စိကိုစုံမှိတ်၍ အာရုံကိုစောင့်လင့်နေ၏။ ခုနစ်များနေရာတွင်ပျက်၍ လနှင့်ရက်နေရာတွင် ထင်ရှားသော စာလုံးကြီးများကို တွေ့ရ၏။ (သီတင်းကျွတ်လဆုပ် ၈ ရက်)ဟူ၍ တိတိကျကျ ဖတ်၍ရသော စာတန်းကြီး မြင်ရ၏။

ကျွန်ုပ်သည် မည်သည့်အဓိပ္ပာယ်ရှိသနည်းဟု မနောအိမ်မှ နောက်ကွယ်ကို ပြန်မေးလိုက်ရာ အသံတိုးတိုးဖြင့်သာ "အဲဒီကောင် သေမဲ့ရက်" ဟုကြားရလေ၏။ ထိုအသံမှာ "အဲဒီကောင်မယ့်ရက်" ဟူ၍ဖြစ်လေ၏။ ထို့ကြောင့် ကျွန်ုပ်က သူငယ်အား...

"ဒီမှာ သူငယ်... ခုနစ်တော့ မပြောနိုင်ဘူး။ လနဲ့ရက်ကိုတော့ သေချာမှတ်သွား၊ သီတင်းကျွတ်လပြည့်ကျော် ၈ရက်။ အဲဒါဟာ မင်းသေမယ့်ရက်ပဲ။ ပိုပြီးသေချာအောင် လောင်းကြေးစားကြေးလုပ်ပြီး ရှေ့နေတွေဘာတွေနဲ့ စာချုပ်ချင်ချုပ်ထားလိုက်" ဟု ပြောလိုက်ရာ ထိုသူငယ်က...

"ဗေဒင်တွေ ဘာတွေတော့ မယုံပါဘူး။ ဒါပေမဲ့ ဆရာလုပ်လိုက်တာနဲ့ ကျွန်တော့်ရင်ထဲမှာ အဲဒါဟာအစွဲဖြစ်သွားပြီ။ ကျွန်တော်ဟာ အဲဒီရက်ကို အကြောင်းမဲ့ ကြောက်နေရတော့မယ်။ ခပ်ရှင်းရှင်းပြောရရင် ဆရာဟာ လူယုတ်မာပဲ" ဟု ကျွန်ုပ်အား မညှာမတာပြောလေ၏။

ကျွန်ုပ်လည်း ထပ်ပြီးအာရုံယူကြည့်ရာ ထိုသူငယ်သည် အာရုံတွင် သွက်သွက်ခါအောင် ရူးနေသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က အာရုံကို "ဘယ်တော့ရူးမလဲ" ဟု ထပ်ပြီးမေးကြည့်ရာ ကျွန်ုပ်နားတွင် အသံတိုးတိုးဖြင့် တစ်စုံတစ်ယောက်က ပြောလိုက်သော အောက်ပါအသံကို ကြားလိုက်ရလေ၏။

"ဒီကနေ နှစ်လတိတိပြည့်တဲ့နေ့မှာ အဲဒီလိုဖြစ်မှာ" ဟုပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က

"ဟေ့ကောင်... မင်းဟာ ငါ့ကို ယုတ်မာတယ်ပြောလို့ ထပ်ပြီးပြောလိုက်ဦးမယ်။ ဒီကနေပြန်သွားပြီး နှစ်လတိတိပြည့်တဲ့နေ့မှာ မင်းသွက်သွက်ခါအောင် ရူးသွားလိမ့်မယ်" ဟု ပြောလိုက်ရာ ထိုသူငယ်က...

"တော်တော့ဗျာ" ဟုဆိုကာ ထွက်သွားလေတော့၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး နှစ်အတန်ကြာသောအခါ ကျွန်ုပ်သည် ည ၉ နာရီခန့်လောက်တွင် မိတ္ထီလာမြို့မှဖြတ်၍ ခရီးသွားမိလေ၏။ မြို့မှထွက်ခါနီး ခေါက်ဆွဲဆိုင်တစ်ဆိုင် တွေ့သောအခါ ကားကိုရပ်၍ ခေါက်ဆွဲတစ်ပွဲနှင့် ၁၂ မျိုးဟင်းချိုတစ်ခွက် မှာယူလေ၏။ ထိုအချိန်၌ ကျွန်ုပ်၏ စားပွဲသို့ သူငယ်လေးတစ်ဦးရောက်လာပြီး...

"ဆရာနဲ့တူပါတယ်ဆိုပြီး ကြည့်နေတာ၊ ကားမှာရေးထားတဲ့ ဆရာ့နာမည်တွေ့လို့ သေချာတယ်ဆိုပြီး လာခဲ့တာ။ ကျွန်တော်က ဟိုဘက်က ဗမာထမင်းဆိုင်ကပါ။ ဆရာ့ဆီမှာ လွန်ခဲ့တဲ့ ၅နှစ်လောက်က ကျွန်တော်တို့ သူငယ်ချင်း ၃ယောက် လက္ခဏာလာပြီးကြည့်ဖူးတယ်လေ။ ကျွန်တော်က ဆရာဝန်ဘွဲ့ ရပါတယ်။ နိုင်ငံခြားမှာ အလုပ်လုပ်ဖို့လုပ်မီးပြီးတော့ ဆက်သွယ်ထားတယ်။"

"တစ်ယောက်ကတော့ တပ်ထဲဝင်သွားတယ်။ အခုအခါမှာ ဗိုလ်ကြီးရာထူး ရနေပါပြီ။ တစ်ယောက်ကတော့ ဒီဆိုင်ကကောင်ပဲ။ ဒီကောင်ဟာ တရုတ်ကပြား ဆရာ၊ သူ့နာမည်က "အန်းကောက်"တဲ့။ ဆရာ့ဆီမှာ လက္ခဏာမေးပြီး နှစ်လတိတိကြာတဲ့အခါမှာ ရှူးသွားတော့တာပဲ။ တစ်ခုတော့ရှိတယ်ဆရာ။ လက္ခဏာဆရာ၊ ဗေဒင်ဆရာဆို ဒီကောင်က သိပ်ပြီးမုန်းတယ်။ ဒီမြို့နဲ့ ဟိုဘက်မြို့က လက္ခဏာဆိုင်နှစ်ဆိုင်ကို မီးရှို့မှုနဲ့ အဖမ်းခံရသေးတယ်။ ဒီကောင် ဒီဆိုင်နောက်ဖေးမှာ ရှိတယ်ဆရာ။ သူ့စိတ်ထဲမှာ လက္ခဏာဆရာလို့ထင်ရင် ဓားမြှောင်နဲ့ဝင်ပြီး ထိုးတော့တာပဲ။ ဆရာ့ကို သူမှတ်မိတယ်။ ဆရာ့ကို သူမြင်ရင် ဓားမြှောင်နဲ့ ထိုးလိမ့်မယ်။ ဆရာ ဒီမှာမစားသင့်ဘူး။ အကောင်းဆုံးကတော့ မစားဘဲနဲ့ ပါဆယ်ထုပ်သွားရင် ကောင်းမယ်။ ဒီကောင်တွေ့သွားရင် ဆရာမချောင်ဘူး။ ကျွန်တော်က စိုးရိမ်လို့ပြောတာပါဆရာ" ဟုပြောစဉ်၌ပင် လူငယ်တစ်ဦးသည် ဆိုင်ဘေးမှ အပြင်သို့ ထွက်လာပြီးလျှင် မလှမ်းမကမ်းမှနေ၍ ကျွန်ုပ်အား ခါးထောက်ကြည့်နေလေ၏။ ထို့နောက် ကျွန်ုပ်ကို မှတ်မိသွားသောအခါ၌ ခါးတွင် အသင့်ပါလာသော ဓားမြှောင်ကိုဆွဲထုတ်၍...

"ဩော် ... ခင်ဗျားကိုး။ တယ်သတ္တိကောင်းပါလား။ ခင်ဗျားဒီဆိုင်မှာ ခေါက်ဆွဲလာစားဝံ့တယ် ဟုတ်လား။ မွန်တွေလွှမ်းမိုးတဲ့ ရွှေမော်ဓောဘုရားမှာ တပင်ရွှေထီးနားတက်ထွင်းတယ်ဆိုတာမျိုး ခင်ဗျားက လုပ်လိုက်တာပေါ့လေ" ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်က...

"ဟေ့ သူငယ် မင်းမှားမယ်နော်။ ငါနဲ့မင်းနဲ့ ဘာမျှမဖြစ်ဖူးဘူး။ ရန်ငြိုးရန်စလည်း မရှိဘူး" ဟု ပြောရာ ထိုသူငယ်က ဓားမြှောင်ကို ကျစ်ကျစ်ပါအောင်ဆုပ်၍...

"ရန်ငြိုးရန်စ မရှိဘူးဟုတ်လား။ ရယ်ဖို့ကောင်းလိုက်တာဗျာ။ ခင်ဗျား ကျုပ်ကို ရူးမယ်လို့ဟောခဲ့တာလေ။ ပြီးတော့ ကျုပ်ကို တစ်ခုသော သီတင်းကျွတ်လဆုပ် ၈ ရက်နေ့မှာ သေမယ်လို့ ဟောခဲ့တာလေ" ဟုပြောလေ၏။ ထိုအချိန်၌ ဘေးတွင် လူအများဝိုင်း၍ ကြည့်နေကြလေ၏။ လူအများကလည်း...

"အန်းကောက် မလုပ်နဲ့ မလုပ်နဲ့" ဟုဝိုင်း၍ အော်၍နေကြလေ၏။ ထိုအချိန်၌ပင် ထိုသူငယ်သည် ကိုင်ထားသော ဓားမြှောင်ဖြင့် ကျွန်ုပ်၏ရင်ဝကို တအားကုန်စိုက်လိုက်လေတော့၏။ ကျွန်ုပ်သည် အသက် (၁၇) နှစ်အရွယ်ကပင် ဗန်တိုပညာကို ဆရာဖြစ်သည်အထိ တတ်ကျွမ်းခဲ့ရာ ကိုယ်ကိုအသာလေးယိမ်း၍ ရှောင်ပြီးလျှင် ဓားမြှောင်ကိုင်ထားသော သူ၏လက်ကို ဖမ်းကိုင်ကာ ဗန်တိုဆန်ဆန် ကိုင်ပေါက်လိုက်လေ၏။

သူသည် ဗုန်းခနဲ မြေပြင်ပေါ်သို့ ကျသွား၏။ သို့ရာတွင် လူးလဲထပြီး ဓားမြှောင်ဖြင့် တွက်ပြန်၏။ ကျွန်ုပ်သည် ထိုတွက်သော လက်ကို တံတောင်ဆစ်မှနေ၍ တွန်းပြီး ဖမ်းကိုင်ကာ တံကောက်ခွက်ကို နင်းချလိုက်လေ၏။ သူသည် ဓားမြှောင်ပိုက်လျက် ရှေ့သို့ မှောက်လျက် လဲကျသွားလေ၏။ ဓားမြှောင်ဦးသည် သူ၏ဗိုက်အတွင်းသို့ဝင်သွားလေတော့၏။ သူသည် မထနိုင်တော့ပေ။ သူ၏ ဗိုက်အောက်မှ သွေးများယိုစီးကျပြီးလျှင် ကုန်းကုန်းကြီး အသက်ထွက်သွားလေတော့၏။

ထိုအချိန်မှာပင် ဆိုင်အတွင်းမှ လူကြီးတစ်ဦးထွက်လာပြီးလျှင် ကျွန်ုပ်အား လှံဖြင့်ထိုးလိုက်လေ၏။ ကျွန်ုပ်သည် လှံဦးကို ခြေဖြင့်ခတ်ကာ ရှောင်လိုက်လေ၏။ ထိုသူလည်း အဆက်မပြတ်လိုက်၍ထိုးပြန်၏။ ထို့ကြောင့် ကုလားထိုင်တစ်လုံးကိုကိုင်ကာ လှံအချွန်မထိုးမိစေရန် ကာကွယ်ရလေတော့၏။

သူသည် အားရပါးရ ချိန်ရွယ်၍ လှံဖြင့်တစ်ချက်ထိုးလိုက်ရာ ကျွန်ုပ် အကာအကွယ်ယူနေသော ကုလားထိုင်တွင် သူ၏လှံသွားသည် ညပ်သွားလေတော့၏။ ကျွန်ုပ်သည် လှံကိုဖမ်းကိုင်ပြီး မျက်နှာကို တံတောင်ဖြင့်တွက်၍ အရှိက်နေရာသို့ ဖနောင့်ဖြင့်ပေါက်ကာ ခုန်၍ ထွက်လိုက်လေ၏။

ထိုအချိန်၌ ရပ်ကွက်လူကြီးနှင့် ရဲများရောက်လာပြီး ကျွန်ုပ်ကို ဖမ်းဆီးလိုက်လေတော့၏။ ထိုအမှုအတွက် ကျွန်ုပ်သည် ရှေ့နေကောင်းကို ငှားရလေ၏။ ကျွန်ုပ်ဘက်မှ မျက်မြင်သက်သေများသည် ကျွန်ုပ်မလွန်ကြောင်း သက်သေလိုက်ရလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ထိုအမှုမှ လွတ်လေတော့၏။ အမှုလွတ်၍ အချုပ်မှ ထွက်သောအခါ ပန်းခွေတစ်ခွေဝယ်၍ အန်းကောက်၏ အုတ်ဂူတွင် အမှတ်တရချပေးပြီးလျှင် အန်းကောက်တစ်ယောက် ကောင်းရာမွန်ရာ ရောက်စေကြောင်း ဆုမွန်ကောင်းတောင်းပေးရတော့သည်။ ထိုအချိန်မှစ၍ ဗေဒင်ဟောပြောသောအခါ များစွာဆင်ခြင်၍ ဟောပြောသော အကျင့်တစ်ခုရသွားလေတော့၏။

ထို့နောက်တွင်လည်း မိတ်ဆွေများဖြင့် စကားစမည် ပြောသောအခါတွင် ကြောက်စရာ ကောင်းသော ညကလေးတစ်ညအဖြစ် ထိုညက အကြောင်းကို မကြာခဏပြောဖြစ်ခဲ့လေတော့သတည်း။


မင်းသိင်္ခ
မီးခြစ်ဘူးကလေးတစ်ဘူး

# မီးခြစ်ဘူးကလေးတစ်ဘူး

လွန်စွာချမ်းအေးလှသော ဆောင်းညတစ်ညတွင် ကျွန်ုပ်သည် မီးဖိုဆောင်ကလေးရှိ ရွက်ဖျင်တဲကလေးအောက်တွင် စာအုပ်တစ်အုပ်ဖတ်လျက်ရှိ၏။ ကျွန်ုပ်၏ တပည့်ကလေးတစ်ဦးသည် ကျွန်ုပ်ချမ်းမည်စိုးသဖြင့် မီးဖိုကလေးတစ်ခုဖို၍ ပေးထားလေ၏။ တပည့်မကလေးတစ်ဦးကမူ ဓာတ်ဘူးထဲတွင် ရေနွေးကြမ်းထည့်၍ အနီးတွင်လာ၍ထားပေးလေ၏။ ကျွန်ုပ်သည် ဖတ်လက်စစာအုပ်ကို စွဲစွဲမြဲမြဲဖတ်၍ နေလေ၏။

ထိုအချိန်၌ ကျွန်ုပ်၏ တပည့်တစ်ဦး ဝင်လာပြီးလျှင်...

"အဘ ခြံဝမှာ အဘနဲ့တွေ့ချင်တဲ့လူတစ်ယောက် ရောက်နေတယ်" ဟု ပြောလေ၏။

"ဘယ်နှယ့် တွေ့ချင်ရမှာတုံးကွယ်၊ ညပဲ ၁၂နာရီထိုးနေပြီ၊ အချိန်မတော်ကြီး ဘာလာလုပ်တာလဲ" ဟု ကျွန်ုပ်က ပြောလိုက်ရာ...

"ကျွန်တော်က ကင်းကျလို့ အဲဒီမှာ စောင့်နေတာပါ။ ကျွန်တော်တို့ နှစ်ယောက်ကစလုံးက တွေ့လို့မရဘူးပြောပါတယ်။ အတင်းဂျီကျနေတယ်၊ ဒီညမတွေ့ရရင် မဖြစ်ဘူးတဲ့။ တွေ့ခွင့်မပေးရင် သူ့လျှာကို သူကိုက်ဖြတ်ပစ်လိုက်မယ်တဲ့၊ ကျွန်တော်တို့လည်း ဘာလုပ်ရမှန်းမသိလို့ အဘကိုလာပြောတာပဲ" ဟု လာပြောလေ၏။

"ဒီလိုဆိုလည်း ခေါ်ခဲ့ကွာ" ဟု ကျွန်ုပ်က ပြောလိုက်ရာ လာ၍ပြောသော တပည့်ကလေးသည် ထိုသူကို သွား၍ခေါ်လာလေ၏။ ထိုသူရောက်လာလျှင် ကျွန်ုပ်က ရှေ့တွင်ချထားသော ခုံတန်းကလေးတွင် ထိုင်ရန် ညွှန်ပြလိုက်လေ၏။ ကျွန်ုပ်ကမူ တွန်းလှည်းကုလားထိုင်တွင် ထိုင်၏။ ကျွန်ုပ်သည် ထိုသူအား တစ်စုံတစ်ရာမပြောဘဲ ခြေဆုံးခေါင်းဆုံးကြည့်၍ အကဲခတ်နေ၏။ ထိုအခါ ထိုသူက...

"ဆရာက ကျွန်တော့်ကို လူကောင်းလား၊ လူဆိုးလား အကဲခတ်နေတာလား၊ အကဲမခတ်ပါနဲ့ဗျာ၊ ကျွန်တော်လူကောင်းပါ" ဟု ပြောလျှင် ကျွန်ုပ်က ပြုံးမိလေ၏။ ထိုအခါ ထိုသူက...

"လူဆိုးကလည်း လူကောင်းလို့ လိမ်ပြီးပြောနိုင်တာပဲလို့ ဆရာကထင်နေလို့လား" ဟု ပြောလိုက်ရာ ကျွန်ုပ်သည်ကြက်သီးများပင် ထသွားလေ၏။ အဘယ့်ကြောင့်ဆိုသော ကျွန်ုပ်လည်း

ထိုအတိုင်းပင် စိတ်ကူးနေသောကြောင့် ဖြစ်၏။ ထို့နောက် ကျွန်ုပ်၏ စိတ်တွင်း၌ လူကို အကဲခတ်မရရင်တော့ အဝတ်အစားကို အကဲခတ်ရမှာပဲဟု စိတ်ကူးမိပြန်ရာ ထိုသူက...

"အဝတ်အစားကိုလည်း အကဲမခတ်ပါနဲ့ဗျာ၊ အကဲခတ်ရခက်ပါတယ်။ ကျွန်တော်ဝတ်လာတာ ဘေထုပ်ထဲကပါဗျာ။ ကုတ်အင်္ကျီလည်း ဘေထုပ်ထဲကပဲ။ အောက်က ရှပ်အင်္ကျီလည်း ဘေထုပ်ထဲကပဲ။ ဘောင်းဘီလည်း ဘေထုပ်ထဲကပဲ။ စီးလာတဲ့ဖိနပ်ကလည်း အကောင်းစားဆိုပေမဲ့ သူများစီးပြီးသားတစ်ပတ်နွမ်းပါ" ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် ကျောချမ်း၍ပင် သွားလေတော့၏။ အဘယ်ကြောင့်ဆိုသော ကျွန်ုပ်လည်း ထိုအတိုင်းပင် စိတ်ကူးမိသောကြောင့် ဖြစ်၏။

ထိုသူသည် အထက်ပါအတိုင်း ပြောဆိုပြီးနောက် အိတ်အတွင်းမှ ငါးသုံးလုံးစီးကရက်ဘူးကို ထုတ်၍ စားပွဲပေါ်သို့ တင်လိုက်လေ၏။ စားပွဲပေါ်သို့ တင်လိုက်သော ပစ္စည်းထဲတွင် စီးကရက်ဘူးသာမက တယောတံဆိပ် သစ်သားမီးခြစ်ဘူး ပါ ပါလေ၏။ ပြီးလျှင် ကျွန်ုပ်အား ဆေးလိပ်သောက်ခွင့်တောင်းကာ သူ၏ စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို ထုတ်၍ နှုတ်ခမ်းဖျားတွင်တေ့ပြီး ကုတ်အင်္ကျီအတွင်းမှ ဓာတ်ဆီမီးခြစ်တစ်လုံးထုတ်ပြီး ထောက်ခနဲ မီးခြစ်၍ မီးတို့ကာ ရှိုက်ဖွာနေလေ၏။ ကျွန်ုပ်စိတ်၌ သစ်သား မီးခြစ်ကလေးကို အသုံးမပြုဘဲ ဓာတ်ဆီမီးခြစ်ကို အသုံးပြုသောကြောင့် အနည်းငယ်တန်း၍ သွားလေ၏။ ထိုအခါ ထိုသူက...

"ပဟေဠိမဖြစ်ပါနဲ့ ဆရာရယ်။ ဒီတယောတံဆိပ် မီးခြစ်ကလေးက ဆေးလိပ်မီးတို့ဖို့ မဟုတ်ဘူးဗျ။ သူဟာ ကျွန်တော်ရဲ့ ဂမ္ဘီရပစ္စည်းလေးပါ။ ဆေးလိပ်မီးတို့ဖို့ကတော့ ဒီဓာတ်ဆီမီးခြစ်ကိုပဲ အသုံးပြုပါတယ်။ ကျွန်တော်အခုလာတာကလည်း ဒီကိစ္စပါပဲ။ ဆရာကလည်း ဂမ္ဘီရသမားဆိုတော့ လာပြီးတိုင်ပင်ရတာပါ" ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က ...

"ဒီတယောတံဆိပ် သစ်သားမီးခြစ်ကလေးက ဘယ်လိုကနေဘယ်လို ဂမ္ဘီရပစ္စည်း ဖြစ်သွားရတာတုံး" ဟု မေးလိုက်ရာ ထိုသူက...

"ဒီလိုပါ ဆရာရယ်၊ တစ်နေ့မှာ ဆေးလိပ်သောက်မလို့ အိတ်ထဲက ဆေးလိပ်ဘူးလေးနဲ့ တယောတံဆိပ်မီးခြစ်ကလေးကို စားပွဲပေါ်မှာ ချလိုက်တယ်။ ပြီးတော့ တယောတံဆိပ်ပါတဲ့ မီးခြစ်ဘူးကလေးကိုခြစ်ပြီး ငယ်ငယ်က တယောထိုးခဲ့တာကို သတိရသွားတယ်၊ အဲဒီတော့ တယောထိုးချင်စိတ် ပေါက်လာတာပေါ့။ အဲဒီလို ပေါက်လာရာကနေ ဒီတယောကလေးဟာ အသံတွေ မြည်လာရင်ကောင်းမှာပဲလို့ စိတ်ကူးနေတုန်း ကျွန်တော့်နားထဲမှာ မီးခြစ်ဘူးကလေးထဲ မီးခြစ်ဆံရှစ်ချောင်း လျှော့ပစ်လိုက်ပြီး နားထောင်ကြည့်လေလို့ ကြားလိုက်ရတယ်"

"အဲဒီမီးခြစ်ဘူးကလေး အသစ်ကလေးဗျ။ တစ်ဆံမျှ မခြစ်ရသေးဘူး။ အဲဒါနဲ့ ကျွန်တော်လည်း မီးခြစ်ဆံ ရှစ်ဆံလွှင့်ပစ်လိုက်တယ်။ ပြီးတော့ မီးခြစ်ဘူးကလေးကို တယောတံဆိပ်ရှိတဲ့ဘက်နေ နားနဲ့ကပ်ထားလိုက်တယ်။ အဲဒီလို နားနဲ့ကပ်ပြီး နားထောင်လိုက်တော့ ကျွန်တော် မျက်လုံးပြူးသွားတယ်။ အထဲက မီးခြစ်ဆံတွေရွေ့နေကြတယ်။ ပြီးတော့ တစ်နာရီလောက် ကြာကြာနားထောင်လိုက်တော့မှ တယောသံမှိန်မှိန်လေး ကြားရတော့တယ်။ ကျွန်တော်လည်း ဝမ်းသာသလိုလို ဝမ်းနည်းသလိုလို ဖြစ်သွားတော့တယ်။"

"သေသေချာချာနားထောင်လိုက်တော့ ကျွန်တော်ငယ်ငယ်တုန်းက အလွန်နှစ်သက်ခဲ့တဲ့ နန်းကြာညိုကြော့သီချင်းကို ထိုးနေတဲ့ အသံပဲ။ လက်သံကလည်း ကျွန်တော့်လက်သံဖြစ်နေတယ်။ ကျွန်တော်လက်သံက တခြားလူတွေနဲ့နည်းနည်းကွဲတယ်ဗျ။ ကျွန်တော်က 'ဘိုးတံ'ကို ရှည်ရှည်မဆွဲဘူး။ ဖိပြီး အရှိုက်လေးတွေ အဟိုက်လေးတွေနဲ့ ထိုးတတ်တယ်။ အဲဒီလို မီးခြစ်ဆံဘူးကလေးကို နားထောင်နေတော့ ကျွန်တော့်မိန်းမက အိမ်ထဲက ထွက်လာပြီး ကျွန်တော့်ကိုကြည့်တယ်။ ဟိုတစ်ယောက် ဘာလုပ်နေတာလဲမသိဘူး။ မီးခြစ်ဘူးကို တယ်လီဖုန်းလို နားထောင်နေတယ်၊ ရူးများသွားသလား မသိဘူးလို့ သူ့ရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့အသံကို ကျွန်တော် ကောင်းကောင်းကြီးကြားတယ်"

"ရုံးသွားမယ်ဆိုရင်လည်း ထမင်းကြော်နဲ့ လက်ဖက်ရည်စားဖို့သောက်ဖို့ ကောင်းပြီ ဒီနေ့ကြော်ထားတဲ့ ထမင်းကြော်က ညကဘဲသားဟင်းအကျန်နဲ့ ကြော်ထားတာ သူကြိုက်မှာပဲလို့ ပြောလိုက်တဲ့အသံပဲ။ အဲဒီတော့ ကျွန်တော်က ဘဲဟားဟင်းအကျန်နဲ့ ကြော်ထားတဲ့ ထမင်းကြော်လေး မြန်မြန်ယူခဲ့ပါလို့ ပြောလိုက်တော့ ကျွန်တော့်မိန်းမ မျက်လုံးပြူးသွားတယ်"

"ကျွန်တော်ဟာ ထမင်းကြော်နဲ့ လက်ဖက်ရည်ကို စားသောက်ပြီးတဲ့အခါမှာ ရေချိုးခန်းထဲဝင်ပြီး ရေချိုးတယ်။ ပြီးတော့ အဝတ်စားလဲတယ်။ အဲဒါတွေလုပ်ပြီးတော့ မီးခြစ်ဘူးကလေးကို အင်္ကျီအိတ်ထဲထည့်ပြီး ရုံးကိုထွက်လာခဲ့တယ်' ဟု ပြောလေ၏။

ထိုအချိန်၌ ကျွန်ုပ်စိတ်၌...

"ဒီလူဟာ အခုချိန်ထိ သူ့နာမည်ကို မပြောသေးဘူး၊ သူဘယ်မှာ အလုပ်လုပ်တယ်ဆိုတာလည်း မသိရသေးဘူး' ဟု တွေးလိုက်မိ၏။ ထိုအချိန်ထိ ထိုလူသည် စားပွဲပေါ်၌ တင်ထားသည့် သစ်သားမီးခြစ်ကလေးကို သူ၏ လက်ကလေးနှင့် ထိထားတုန်းပင်ဖြစ်၏။

"သြော် ဆရာ့ကို ကျွန်တော့်နာမည်ပြောပြဖို့အတွက် မေ့နေတယ်၊ ကျွန်တော့်နာမည်က လှဖေတဲ့။ ကျွန်တော်က ကောက်ပဲသီးနှံရုံးမှာ အလုပ်လုပ်ပါတယ်' ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က

"ခင်ဗျားဟာက အဆန်းပါလား၊ ကျွန်တော့်စိတ်ထဲမှာ ကြံတဲ့အကြံကိုသိနေပါရောလား" ဟု ပြောလိုက်တော "ဒီအတိုင်းမသိပါဘူး ခင်ဗျာ။ မီးခြစ်လေးရဲ့ အစွမ်းကြောင့် သိရတာပါ။ ဒီမီးခြစ်ကလေးထဲကို ကျွန်တော်က စိတ်ကိုနှစ်ပြီး သွင်းလိုက်တော့ ဒီမီးခြစ်ကလေးက အသက်ဝင်လာပြီး ကျွန်တော့်ကို ဘာမဆိုပြောပြတယ်။ တကယ်ပြောရရင် ဒီမီးခြစ်တင်မဟုတ်ပါဘူး။ နာရီကလည်း ပြောနိုင်တာပဲ။ စာအိတ်ကလေးတစ်အိတ်ကလည်း ပြောနိုင်တာပဲ။ စိတ်ကိုနှစ်ပြီး သွင်းတတ်ဖို့ပဲလိုတယ်" ဟု ထိုသူက ရှင်းပြလေ၏။

"ထားပါတော့ဗျာ ခင်ဗျားရဲ့ ထူးဆန်းတဲ့ တယောမီးခြစ်လေးအကြောင်း ဆက်ပြီးပြောစမ်းပါဦး" ဟု ကျွန်ုပ်က ပြောလိုက်ရာ...

"ပြောပါ့မယ် ဆရာရယ်၊ အဲဒါပြောချင်လို့ လာခဲ့တာ။ ကျွန်တော့်မိန်းမဟာ မျိုးရိုးလည်းကောင်း သစ္စာလည်းရှိတဲ့ မိန်းကောင်းတစ်ယောက်ပါ။ သူ့နာမည်က မှုမှုလေးတဲ့။ အိမ်ထောင်ထိန်းသိမ်းမှုလည်း တတ်တယ်။ ယောကျ်ားကိုလည်းရိုသေတယ်။ ဘုရားတရားလည်း ကိုင်းရှိုင်းတယ်။ တစ်နေ့မှာ ဈေးဝယ်သွားရင်း လေးဘီးကားနဲ့ ပြန်လာတယ်။ လေးဘီးကားမောင်းတဲ့လူနဲ့ သူနဲ့စပ်မိစပ်ရာ စကားစပ်ရင်း သူက ယောကျ်ားရဲ့လစာနဲ့ မလောက်ကြောင်းပြောတယ်"

"အဲဒီတော့ လေးဘီးကားသမားက ကြက်မွေးဖို့ ပြောတယ်။ သူက ကြက်မမွေးတတ်ဘူးလို့ ပြောတယ်။ အဲဒီတော့ လေးဘီးကားဆရာက သူလာပြီး ပြပေးမယ်တဲ့။ ကြက်တဲဆောက်ရာကနေ ကြက်ဥဖြစ်ပြီး ရောင်းသည်အထိ သူလာပြီး ပြပေးမယ်တဲ့။ မွေးဖြစ်ဖို့က အရေးကြီးတယ်တဲ့။ ကြက်မွေးနည်း စာအုပ်တွေလည်း ယူလာခဲ့မယ်တဲ့။ တစ်လတစ်လကို သောင်းနဲ့ချီပြီးရတဲ့ အကြောင်းလည်းသူကပြောတယ်"

အဲဒီအကြောင်းကို ကျွန်တော့်မိန်းမက သိပ်ပြီးစိတ်ဝင်စားသွားတယ်။ ပြီးတော့ ကျွန်တော့်ကိုပြောတယ်။ ကျွန်တော်ကလည်း မင်းသဘောဘဲ၊ လုပ်ချင်လုပ်၊ အဲဒီလိုလုပ်ဖို့ ငွေငါးသောင်း ထုတ်ပေးမယ်ဆိုပြီး ထုတ်ပေးလိုက်တယ်။ သူ့လက်ထဲလည်း ပိုက်ဆံရောက်ရော သူက ကြက်ဆရာကိုတယ်လီဖုန်း ဆက်တယ်။ ကြက်ဆရာရောက်လာတဲ့အခါ ကြက်ဆရာကို အိမ်နောက်ဖေးက မြေလွတ်ကိုပြတယ်။ ကြက်ဆရာကလည်း အဲဒီမြေကွက်ကိုတိုင်းထွာပြီး လက်သမားတွေခေါ်တယ်။ ဝါးတွေ ဓနိတွေ မျောတိုင်တွေဝယ်ပြီး ကြက်တဲကြီး ဆောက်တော့တာပဲ"

ကြက်တဲဆောက်တဲ့အခါမှာလည်း သူတို့နှစ်ယောက်တတွဲတွဲပေါ့ဗျာ။ ကြက်တဲကြီးပြီးတော့ မီးလွတ်တဲ့ ကြက်တွေဝယ်ပြီး ကြက်တဲထဲသွင်းတော့တာပဲ။ ပြီးတော့ ကြက်ပေါက်ကလေးတွေ မီးလှုံဖို့ အုပ်ဆောင်းကြီးတစ်ခုလုပ်ကြတယ်။ ပြီးတော့ ကြက်အစာစပ်နည်းကိုလည်း သူကိုယ်တိုင် အစာစပ်တတ်တဲ့အထိ သူ့ဆရာက သင်ပေးတယ်။ ရက်(၄၀) လောက်ကြာတဲ့အခါမှာ ကြက်ခြံကြီးက ဆူညံနေတာပဲ။ အိမ်နီးနားချင်းတွေက မကျေနပ်လို့ဟိုတိုင်ဒီတော့ လုပ်သေးတယ်။

ကျွန်တော်က လိုက်ပြီးပိတ်ရတယ်။ ကြက်ဆရာက နေ့တိုင်းလာတယ်။ ကြက်ဆရာနဲ့ ကျွန်တော့်မိန်းမဟာ ကြက်တဲထဲမှာ တစ်နေကုန်ပါပဲ။ ကြာတော့ သူတို့နှစ်ယောက် ငြိသွားကြတယ်။ အဲဒါကို အိမ်ဘေးက ကောင်မလေးက ကျွန်တော့်ကိုလာပြောတယ်။ အဲဒါကို ကျွန်တော်ကလည်း အချိန်ယူပြီး စောင့်ဖမ်းတယ်။ တစ်နေ့တော့ သူတို့မထင်မှတ်တဲ့အချိန်မှာ ကျွန်တော်အိမ်ကိုပြန်ပြီး ကြက်တဲတံခါးကိုဖွင့်ပြီးဖမ်းတော့ ဆရာ့ကိုပြောရမှာတော့ အားနာပါတယ်၊ ကို့ရို့ကားရားကြီး မိတော့တာပါပဲ။

အဲဒီတော့ ကျွန်တော်လည်း စိတ်မထိန်းနိုင်ဘူး။ အဲဒီအချိန်မှာ မီးခြစ်ဘူးကလေးက အိတ်ထဲကနေ ကျွန်တော့်ကိုလှမ်းပြောတယ်။ "အပြီးရှင်းလိုက်၊ အပြီးရှင်းလိုက်"တဲ့။ အဲဒါနဲ့ ကျွန်တော်လည်း အနီးမှာရှိတဲ့ ဓားမကို ကောက်ယူပြီး အဲဒီကောင်ရဲ့ ခေါင်းကိုခုတ်ချလိုက်တာ ဦးနှောက်တွေပါ ထွက်သွားတယ်။ အဲဒီအချိန်မှာပဲ မီးခြစ်ဘူးလေးက "အဲဒီမိန်းမကိုပါ ရှင်းလိုက်"တဲ့၊ မရှင်းရင် အမှုပေးလိမ့်မယ်တဲ့။ အဲဒါနဲ့ကျွန်တော်လည်း စောစောကဓားနဲ့ပဲ မိန်းမရဲ့ ခေါင်းကိုခုတ်ချလိုက်တယ်။ မိန်းမလည်း ဦးနှောက်တွေထွက်ပြီး သေတော့တာပါပဲ။

အဲဒါနဲ့ ကျွန်တော်လည်း အနားက ဖွဲတွေနဲ့ အလောင်းနှစ်လောင်းစလုံးကို အုပ်ထားလိုက်တယ်။ ကျွန်တော်လည်း ဘာဆက်လုပ်ရမှန်းမသိတာနဲ့ မီးခြစ်ဘူးကလေးကို နားမှာကပ်ပြီး နားထောင်လိုက်တော့ မီးခြစ်ဘူးကလေးက 'ရမ်းမလုပ်နဲ့' တဲ့။ ဆရာမင်းသိခ်ခြံကိုသွားတဲ့။ အဲဒါနဲ့ ကျွန်တော်လည်း ထွက်လာခဲ့တာ။ နေ့ခင်းကတည်းက ရောက်နေတာ။ ဆရာနဲ့ တွေ့ခွင့်မရလို့ စောင့်နေတာ။ ကယ်ပါဦးဆရာရယ်၊ အဖမ်းခံလိုက်ရင်တော့ ကျွန်တော်က သေစားသေစေအပြစ်ဒဏ်ကျခံရတော့မယ်။ ကျွန်တော်က ဒီအမှုနဲ့ မသေချင်ဘူးဆရာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အပြစ်ဒဏ်ကျူးလွန်တာမှမဟုတ်ပဲ။ ကျွန်တော်ဘယ်လိုလုပ်ရမလဲဆရာ ဟုကျွန်ုပ်အား အပူကပ်လေတော့၏။ ကျွန်ုပ်လည်း ဦးနှောက်ခြောက်သွားလေတော့၏။ ထိုအခါ ကျွန်ုပ်က ...

"ဘယ်လိုလုပ်ရမလဲလို့ ကိုယ့်ကိုမေးမယ့်အစား ကိုရင့်မီးခြစ်ဘူးကလေးကို ကိုရင်မေးပါလား" ဟု ပြောလိုက်တော့ ထိုသူလည်း ပြုံးလေ၏။

"မေးပြီးပါပြီ ဆရာရယ်၊ မီးခြစ်ဘူးကလေးက ဆရာမင်းသိခ်နဲ့သာ တွေ့လိုက်ပါ။ သူ့ကို ထပ်ပြီးမမေးပါနဲ့တဲ့" ဟုပြောလိုက်လျှင် ကျွန်ုပ်က...

"တော်တော်လည်တဲ့ မီးခြစ်၊ မြှောက်ပေးတုန်းကတော့ သူကမြှောက်ပေးပြီး ပြဿနာဖြစ်လာတော့မှ ကျုပ်ကိုလွှဲချတယ်။ ခင်ဗျားကို ထွက်ပြေးပါလို့ ပြောလိုက်ရင် ဥပဒေကျူးလွန်တဲ့ လူတစ်ယောက်ကို ထွက်ပြေးဖို့ပြောတော့ ကျွန်တော့်မှာလည်း အပြစ်မကင်းဘူး။ မပြေးရင်လည်း ခင်ဗျားကျခံရမယ့်အပြစ်ဟာ မသေးဘူးဗျ၊ အနည်းဆုံး ထောင်အနှစ်(၂၀)ကျမယ်။ ဒါမှမဟုတ် ကြိုးစင်တက်ရမယ်။ ခင်ဗျားကို သနားပါတယ်ဗျာ၊ တစ်ဆိတ်လောက် ခင်ဗျား မီးခြစ်ကလေးကို ကျွန်တော့်ကို နားထောင်ခွင့်ပေးပါလား" ဟု ပြောလိုက်ရာ ထိုသူက ကျွန်ုပ်ရှေ့သို့ မီးခြစ်ဘူးကလေးကို တွန်း၍ ပေးလိုက်လေ၏။ ကျွန်ုပ်လည်း တယောမီးခြစ်ကလေးကောက်၍ နားတွင် ကပ်ပြီးနားထောင်လေ၏။

"ဟေ့ မီးခြစ်၊ မင်းဘာဖြစ်လို့ ဒီလူ့ကို ငါ့ဆီ တွန်းထုတ်လိုက်တာလဲ" ဟု မေးလိုက်ရာ မီးခြစ်အတွင်းမှ ရယ်သံပဲ ကြားရလေ၏။

“သက်သက်လုပ်တာ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားက ခင်ဗျားဆီကို လာတဲ့လူတွေကို ဓာတ်ပုံလေးတွေ ဝေတယ်လေ။ အဲဒီဓာတ်ပုံပေါ်မှာလည်း “ဘာပူနေသလဲ အဘရှိနေပြီပဲ”ဆိုတဲ့ စာတန်းလေး ပါတယ်လေဗျာ။ အဲဒါကြောင့် ဆရာ့ဆီ လွှတ်လိုက်တာပါ။ ကျွန်တော့်ကို ဒုက္ခပေးတယ်လို့ မထင်ပါနဲ့။ အခု ဒုက္ခရောက်တဲ့ လူလာနေပြီလေ၊ ဆရာရှင်းပေတော့’ ဟု ပြောသဖြင့် ကျွန်ုပ်လည်း လွန်စွာ စိတ်ဆိုးသွားလေ၏။ ထို့ကြောင့် လက်ထဲထည့်ပြီး “ ညှစ်ချေလိုက်ရမလား’လို့ ပြောလိုက်ရာ မီးခြစ်ဘူးကလေးက…

“အဲဒီလိုလုပ်လိုက်ရင် ဟိုလူကျူးလွန်တဲ့ လူသတ်မှုထက်တောင် အပြစ်ကြီးသွားမယ်နော်။ ကျုပ်ကလည်း ရိုးရိုးမီးခြစ်မဟုတ်ဘူးနော်၊ အသက်ရှိတယ်။ အသက်မှ ရိုးရိုးအသက်မဟုတ်ဘူးနော်၊ ဓာတ်သက်၊ ဓာတ်သက်” ဟုခြိမ်းခြောက်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ထိုမီးခြစ်ဘူးလေးကို ထိုသူ၏ရှေ့သို့ ဒေါက်ခနဲပစ်ချလိုက်ပြီးလျှင်…

“ခင်ဗျား အခုဖြစ်ပျက်တဲ့အဖြစ်အပျက်ကို တစ်ခေါက်ပြန်ပြောဗျာ၊ ကျွန်တော်က ကက်ဆက်နဲ့ ဖမ်းထားလိုက်မယ်။ သက်ဆိုင်ရာက ခင်ဗျားကို ဖမ်းမိလို့ ရုံးတင်တဲ့အခါ ကျွန်တော်က အဲဒီကက်ဆက်ကလေးကို ဖွင့်ပြပြီး ခင်ဗျားမလွန်ကြောင်း၊ ရည်ရွယ်ချက်မရှိကြောင်း၊ ဒေါသအလျောက် လုပ်မိကြောင်း သက်သေခံမယ်။ အခုလောလောဆယ်တော့ နဝင်း(၅)ကြိုးနဲ့ ချေတဲ့ နဝင်းယတြာလုပ်ပေးလိုက်မယ်။ ပြီးတော့ ခင်ဗျား ခဏရှောင်တိမ်းနိုင်အောင် ငွေ ၅၀၀၀၀ ထုတ်ပေးလိုက်မယ်” ဟု ပြေလိုက်ရာ ထိုသူက…

“ကျေးဇူးကြီးလှပါတယ် ဆရာရယ်၊ ဆရာ့ကို ပြောရဦးမယ် ဒီမီးခြစ်ကလေးကို ကျွန်တော်ဘာဆက်လုပ်ရမလဲ” ဟု မေးပြန်လေ၏။ ထိုအခါ ကျွန်ုပ်က…

“အကောင်းဆုံးက ရန်ကုန်မြစ်ထဲ သမ္ဗန်နဲ့ဆင်းသွားပြီး မြစ်လယ်ကောင်ကျမှ ခဲလုံးနဲ့ ပစ်ချလိုက်ဗျာ၊ ကောင်းကျိုးပေးမယ့်ဟာလည်း မဟုတ်ပါဘူး”ဟု ပြောလိုက်ရာ ထိုသူသည် မီးခြစ်ဘူးကလေးကို လက်ဖျားကလေးနှင့်တွေ့ထားပြီး ကျွန်ုပ်အား ပြုံးပြလေ၏။

“မီးခြစ်က ပြောနေတယ်ဆရာ၊ အဲဒီလူကြီးပေးတဲ့အကြံ အတိုင်းမလုပ်နဲ့တဲ့။ ဒီလူကြီးက သိပ်ပြီး ရက်စက်တတ်တာတဲ့။ ကျုပ်ကို အဲဒီလိုလုပ်ရင် သူ့ကိုရေမွှန်းပြီး အသက်ရှုကျပ်သွားသလိုဖြစ်အောင် ပြန်လုပ်မယ်။ မကြာခင် သူ ဆေးရုံရောက်သွားမယ်တဲ့” ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်သည် ထိုသူအား နဝင်း(၅)ကြိုး ယတြာချေပေး၏။ ပြီးလျှင် ငွေ ၅၀၀၀၀ ထုတ်ပေး၏။ ပြီးလျှင် ကျွန်ုပ်အား ရှိခိုးပြီး ပြန်သွား၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး နှစ်လခန့်အကြာတွင် ကျွန်ုပ်သည် အသက်ရှုကျပ်လာ၏။ ထို့ကြောင့် ကျွန်ုပ်ခေါ်ထားသော အမျိုးသားသူနာပြုဆရာက ကျွန်ုပ်ကို အောက်ဆီဂျင်ဘူးဖွင့်၍ တပ်ပြီး ရှူခိုင်း၏။ သို့ရာတွင် ရှူ၍မရတော့ပေ။ ရင်ခေါင်းတွင်းမှ ကျပ်နေခြင်းဖြစ်သည်။ ထို့ကြောင့် မော်ဘီဆေးရုံ သို့ ပို့လိုက်လေ၏။ မော်ဘီဆေးရုံသို့ ရောက်သွားသောအခါ တတ်ကျွမ်းသော ဆရာဝန်များသည် မျက်လုံးပြူးသွားလေ၏။ တာဝန်ရှိသော ဆရာဝန်က…

“စီလီဂေါတက်ဆိုတဲ့ အသက်ကယ်ဆေးထိုးပြီး ရန်ကုန်ဆေးရုံကို ပို့ရမယ်။ ဒီမှာက ပစ္စည်းကိရိယာကောင်းကောင်းမရှိဘူး”ဟု ပြောသော်လည်း ဆေးရုံတွင် စီလီဂေါ့တက်မရှိပေ။ ထိုအချိန်၌ စီလီဂေါ့တက်တစ်လုံးပါကြောင်းပြောသဖြင့် ဆေးရုံမှ ဆရာဝန်လည်း ထိုဆေးကိုထိုးပေးကာ ရန်ကုန်သို့ ခေါ်သွားစေ၏။ ထို့နောက်တွင်ကား ကျွန်ုပ်သည် ကမာရွတ်ရှိ ‘သုခကမ္ဘာ’ဆေးခန်းသို့ ရောက်သွားလေတော့သတည်း။

⁂


ကျွန်ုပ်နှင့်ထီးနဂါး ဆေးလိပ်ခုံပိုင်ရှင်
မင်းသိခ်

# ကျွန်ုပ်နှင့် ထီးနဂါးဆေးလိပ်ခုံပိုင်ရှင်

**ကျွန်ုပ်လည်း သွားရောက် ၍ တယ်လီဖုန်းကို ကိုင်ကြည့်ရာ တယ်လီဖုန်းသည် မည်သည့်ကြိုးနှင့်မျှ ဆက်သွယ်မထားဘဲ အခွံလွတ်ချည်း တင်ထားသည်ကို တွေ့ရ၏။**

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ မြစ်ဝကျွန်းပေါ်ရှိ မြို့ကလေးတစ်မြို့မှ ပေးပို့လိုက်သော စာကလေးတစ်စောင် ရောက်ရှိလာလေ၏။ ထိုစာမှာ ထိုမြို့ရှိ ထီးနဂါးဆေးလိပ်ခုံပိုင်ရှင် ဦးပေါကြွယ်က ရေးလိုက်သောစာဖြစ်၏။ စာတွင်ပါသော အဓိပ္ပာယ်မှာ ၎င်းတို့ထံသို့ လာရောက်၍ ၎င်းတို့မိသားစုအား လက္ခဏာဖတ်ကြားပေးရန်ဖြစ်၏။ ထိုသို့ ဖတ်ကြားပေးပါက ဉာဏ်ပူဇော်ခ ထိုက်ထိုက်တန်တန် ပူဇော်မည်ဖြစ်၏။

ကျွန်ုပ်သည် လက်ဆွဲသေတ္တာလေးထဲတွင် အဝတ်အစားအချို့၊ လက္ခဏာကြည့်ရန် မှန်ဘီလူးနှင့် ပစ္စည်းအစုံအလင်ထည့်၍ သင်္ဘောဖြင့် ထိုမြို့သို့ထွက်လာခဲ့လေ၏။ သင်္ဘောဆိုက်၍ ဆိုက်ကားစီးရန် ဆိုက်ကားဂိတ်သို့သွားရလေ၏။ ဂိတ်သို့ရောက်သောအခါ ဆိုက်ကားဆရာတစ်ဦးအား...

"ဒီမြို့မှာရှိတဲ့ ထီးနဂါးဆေးလိပ်ခုံကို သိရဲ့လား" ဟု မေးရာ ထိုသူက...

"အဲဒီဆေးလိပ်ခုံက မိတ်ဆွေနဲ့သိပါသလား" ဟု ပြန်၍မေးလေ၏။

"သိတာပေါ့ဗျာ။ ကျုပ်က လက္ခဏာဆရာ၊ သူတို့မိသားစုက ကျုပ်ကို လက္ခဏာကြည့်ဖို့ စာနဲ့လှမ်းပြီးဖိတ်လို့ လက္ခဏာဖတ်ရအောင် လာခဲ့တာ။ မသိဘဲနဲ့ သွားမလားဗျာ" ဟု ပြောသောအခါ မလှမ်းမကမ်းရှိ ဆိုက်ကားဆရာတစ်ဦးက...

"ဘာတဲ့လဲ" ဟု လက်ဟန်ခြေဟန်ဖြင့် မေးလေ၏။ ထိုအခါ ကျွန်ုပ်ငှားရမ်းသော ဆိုက်ကားဆရာက...

"ထီးနဂါးဆေးလိပ်ခုံကို ပို့ခိုင်းနေတာပါ" ဟု ပြန်၍ဖြေလျှင် ထိုသူက...

"ပို့ပေးလိုက်ပါကွာ။ သူလည်း အဲဒီအထဲက ဖြစ်မှာပေါ့" ဟု ဖြေလိုက်လျှင် ကျွန်ုပ်စိတ်၌ ထိုစကားကို အဆန်းတကြယ် ဖြစ်နေလေတော့၏။ ကျွန်ုပ်ငှားရမ်းသော ဆိုက်ကားဆရာသည် ကျွန်ုပ်အား ပုံမကျပန်းမကျ ဆောက်ထားသော တိုက်တစ်လုံးရှေ့သို့ ပို့ပေးလေ၏။ ထိုတိုက်တွင် ထီးနဂါးဆေးပေါ့လိပ်ဟု ရေးထားသော ဆိုင်းဘုတ်ကိုလည်း တွေ့ရ၏။ ထိုဆိုင်းဘုတ်တွင် ဖွင့်ထားသော ထီးပေါ်၌ ခွေ၍ရေးထားသော နဂါးပုံကိုလည်း တွေ့ရလေ၏။ ဆိုက်ကားရပ်သည်နှင့် တစ်ပြိုင်နက် အိမ်အတွင်းမှ အသက် ၅၀ အရွယ်ရှိ လူတစ်ယောက် ပြေးထွက်လာပြီးလျှင်...

"ဆရာမင်းသိခ်မှတ်တယ်။ ကျွန်တော် ပေါကြွယ်ပါ" ဟု ပြောလေ၏။ ထို့နောက်တွင် အတွင်းဘက်သို့လှည့်ကာ...

"လာကြဟေ့ ဆရာမင်းသိခ်ကြွလာတယ်" ဟု ပြောလေတော့၏။ ထိုအခါ အသက် ၄၀ ကျော်အရွယ်မိန်းမကြီးတစ်ဦးနှင့် လူငယ်လူရွယ်များ ပြေး၍ထွက်လာပြီး ကျွန်ုပ်၏ သားရေသေတ္တာကို ဝိုင်း၍ဆွဲကြလေ၏။ ကျွန်ုပ်ကိုလည်း အားရဝမ်းသာကြိုဆိုကြ၏။ ဦးပေါကြွယ်က...

"ကဲဆရာရေ။ တစ်ခါတည်းမှတ်ထား။ မှတ်ရလွယ်အောင် ဒီစကားလေးနဲ့တွဲပြီး မှတ်ထား။ 'ဘုန်းကြီးရှူးနဲ့လေ့လူးတွေ့ပြီ' အဲဒီတော့ (၅၂၄၇၄၄၇၅) တဲ့" ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က...

"ဦးပေါကြွယ် ခင်ဗျား ဖုန်းနံပါတ်ကလည်း ၈ လုံးတောင်လား" ဟု မေးလိုက်လျှင် ဦးပေါကြွယ်က

"အားလုံးဟာ ၆ လုံးချည်းပဲ။ ကျွန်တော်တို့ ဖုန်းတစ်လုံးတည်း ဖုန်းရုံးက ၈ လုံးချပေးထားတာ"

"ကြားဖူးပေါင်ဗျာ" ဟု ပြောလိုက်ရာ ဦးပေါကြွယ်က...

"ဒါ အစရှိသေးတယ်။ လာမယ်လာမယ် ဆရာ့အနေနဲ့ ကြားဖူးပေါင်တွေ အများကြီးပြောရလိမ့်မယ်" ဟု ပြောလေတော့၏။ ကျွန်ုပ်လည်း အိမ်သို့ပြန်၍ ချောချောမောမော ရောက်မရောက် ဖုန်းဆက်လိုကြောင်းပြောရာ ဦးပေါကြွယ်က...

"စားပွဲပေါ်မှာ တယ်လီဖုန်း" ဟု ပြောလေ၏။ ကျွန်ုပ်လည်း သွားရောက်၍ တယ်လီဖုန်းကို ကိုင်ကြည့်ရာ တယ်လီဖုန်းသည် မည်သည့်ကြိုးနှင့်မျှ ဆက်သွယ်မထားဘဲ အခွံလွတ်ချည်း တင်ထားသည်ကို တွေ့ရ၏။ ထို့ကြောင့်...

"ဦးပေါကြွယ် ခင်ဗျားဖုန်းက အလွတ်ကြီးပဲဗျ။ ဘယ်ကြိုးနဲ့မျှ ဆက်မထားပါလား" ဟု ပြောလိုက်ရာ ဦးပေါကြွယ်က...

"ဟုတ်တယ်ဆရာရေ။ ဆရာမလာခင်ကလေးကပဲ တယ်လီဖုန်းရုံးကလာပြီး ဖုန်းကြိုးဖြုတ်သွားတယ်။ ဒီနေ့ ဥပုသ်နေ့ဖုန်းမဆက်နဲ့လို့လည်း ပြောသွားတယ်" ဟု ပြောလိုက်ရာ ကျွန်ုပ်က...

"ကြားဖူးပေါင်ဗျာ" ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးပေါကြွယ်က...

"ဟော ဟော ကြားဖူးပေါင်တွေလာပြီ" ဟု ပြောလေ၏။

"ကျွန်တော်တို့ကို ပေးထားတဲ့ဖုန်းက ဥပုသ်နေ့ဆို ဆက်မရတဲ့ဖုန်းဗျ။ ဖုန်းရုံးက ဆရာလေးတွေက မှာထားတယ်။ ဥပုသ်နေ့မှာ ဥပုသ်စောင့်တဲ့။ ဖုန်းမဆက်နဲ့တဲ့။ ဆက်မှာစိုးလို့ဆိုပြီး

လာလာပြီးဖုန်းကို ဖြတ်သွားတာ။ မနက်ဖြန်မှဆက်ပါ ဆရာရယ်။ အခုတော့ ထမင်းစားလိုက်ပါဦး” ဟုဆိုကာ ထမင်းပွဲပြင်လေ၏။

ထမင်းဝိုင်းတွင် ကျွန်ုပ်ထိုင်လိုက်သောအခါ ဦးပေါကြွယ်က…

“ဆရာရေ ဒါက လစ်ပိုနဲ့ပေါင်းတဲ့ ငါးသလောက်ပေါင်းဗျ။ ငါးသလောက်ကလည်း အားရှိ၊ လစ်ပိုကလည်း အားရှိပဲ့ ဆရာရယ်။ ဟောဒီဟင်းက ငါးပြေမကို ကရင်ဆော်ဒါထည့်ပြီး ချက်ထားတာ၊ ငါးပြေမကလည်း ဖျပ်ဖျပ်လူး၊ ကရင်ဆော်ဒါကလည်း ပွက်ပွက်ဆူပေါ့ခင်ဗျ၊ နှစ်ခုပေါင်းပြီး လုပ်ထားတာ။ ဒီဟင်းချိုကတော့ ရောက်သီးဟင်းချိုပေါ့ဗျာ။ သံပုရာရည်ညှစ်ထားတာ ခံတွင်းရှင်းအောင်ပေါ့ ဆရာရယ်။ ကိုယ့်အိမ်လို သဘောထားပြီး အားရပါးရ စားစမ်းပါ ဆရာ” ဟု ပြောသဖြင့် ကျွန်ုပ်လည်း စတင်၍စားလေ၏။ စားသမျှ ဟင်းများမှာ လွန်စွာဆားပေါ့နေသည်ကို တွေ့ရ၏။

ထို့ကြောင့် ကျွန်ုပ်က…

“ဒီဟင်းတွေမှာ ဆားထည့်ဖို့ မေ့သွားတယ်ထင်တယ်” ဟု ပြောလိုက်ရာ ဦးပေါကြွယ်က…

“ဒီမှာ ချက်တဲ့ဟင်းတွေမှာ နေလှန်းဆားလည်း မသုံးဘူး။ အိုင်အိုဒင်းဆားလည်း မသုံးဘူး။ စက္ကူဆားပဲသုံးတယ်” ဟု ပြောလိုက်ရာ ကျွန်ုပ်က…

“စက္ကူဆားဆိုတာ ဘယ်လိုလဲ” ဟု မေးလိုက်ရာ ဦးပေါကြွယ်က…

“ဒါက ဒီလိုပါဆရာရယ်။ စက္ကူပေါ်မှာ (ဆား)ဆိုတဲ့ စာလုံးကလေးရေးပြီး ဟင်းအိုးထဲခပ်လိုက်တာပါပဲ” ဟု ပြောသဖြင့် ကျွန်ုပ်က…

“ကြားဖူးပေါင်ဗျာ” ဟု ပြောလိုက်ရာ ဦးပေါကြွယ်က…

“ဟော လာပြန်ပြီ ကြားဖူးပေါင်တစ်ခု” ဟု ရေရွတ်လေ၏။ ထမင်းစားပြီးသောအခါ အချိုပွဲအဖြစ် သရက်သီးမှည့်များ လှီး၍ထည့်ထားသော ပန်းကန်ကိုချ၍ ပေးလေ၏။ ကျွန်ုပ်လည်း သရက်သီးတစ်စိပ်ကိုယူ၍ စားကြည့်ရာ ပရုပ်ဆီစော်နံသဖြင့်…

“ဒီမှာ ဦးပေါကြွယ် ခင်ဗျားသရက်သီးမှည့်တွေက ပရုပ်ဆီစော်နံနေပါလား” ဟု ပြောလိုက်ရာ ၎င်းဦးပေါကြွယ်က…

“ကျွန်တော်တို့အိမ်မှာ သရက်သီးမှည့်စားရင် ချောင်းဆိုးတတ်လို့ ပရုတ်ဆီသုတ်ပြီးမှ စားကြတယ်။ ဆရာကိုလည်း ဒီအတိုင်းကျွေးတာပါ” ဟု ပြောသဖြင့် ဒီမှာဆက်၍နေရန် သင့်မသင့် စဉ်းစားရလေတော့၏။ ထို့နောက် ကျွန်ုပ်သည် ထမင်းစားခန်းမှထ၍ ဧည့်ခန်းဆီသို့သွား၏။ ဧည့်ခန်းသို့ရောက်လျှင် အခန်းဆီးနံရံတွင် ချိတ်ထားသော ဘွဲ့ဝတ်စုံနှင့် ရိုက်ထားသော ဓာတ်ပုံများကို တွေ့ရလေသည်။ သားသမီးများအားလုံး ဘွဲ့ရကြောင်း ထင်ရှား၏။

“ထိပ်ဆုံးပုံက အကြီးဆုံးသားရဲ့ပုံ ဆရာရဲ့။ သူက (ဘီအေ)အောင်တယ်။ ဒုတိယပုံက သမီးကြီးပုံ၊ သူက (ဘီကွန်း)အောင်တယ်။ တတိယပုံက သားငယ်ရဲ့ပုံ၊ သူက(ဘီအက်စ်)အောင်တယ်။ သူတို့ အားလုံး နိုင်ငံခြားသွားကြမှာပါ။ ကျုပ်နဲ့ သူတို့အမေပဲ ဒီအိမ်မှာ ကျန်ကြမှာပါ” ဟု ပြောသဖြင့် ကျွန်ုပ်လည်း ခန်းဆီးနံရံကို ကြည့်လိုက်ရာ ဦးပေါကြွယ်၏ ဘွဲ့ရဝတ်စုံဖြင့် ရိုက်ထားသော ဓာတ်ပုံကို တွေ့ရ၏။

ထို့နောက် ဦးပေါကြွယ်က…

“ကျွန်တော်က မဟာဝိဇ္ဇာအောင်တယ်ဆရာ။ ကျွန်တော့်မိန်းမကလည်း မဟာဝိဇ္ဇာအောင်တယ်။ တစ်အိမ်သားလုံး ပညာတတ်တွေချည်းပါပဲ” ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က…

"ဦးပေါကြွယ်ရဲ့ ဆေးလိပ်ခုံက ဘယ်မှာလဲဗျ" ဟု မေးရာ ဦးပေါကြွယ်က...

"ကျွန်တော့်ရဲ့ ဆေးလိပ်ခုံက ဒီမြို့ရဲ့မြောက်ပိုင်း ဇောဓိဘုန်းကြီးကျောင်းထဲမှာပါ။ ကျွန်တော်တို့ခုံက လိပ်တဲ့ဆေးလိပ်ကို စမ်းသောက်ကြည့်ပါဦး" ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ဆေးလိပ်ကိုယူ၍ ကြည့်လိုက်ရာ ထီးနဂါးဆေးလိပ်ဆိုသော စာတန်းနှင့်အတူ သပ်ရပ်စွာ ရိုက်နှိပ်ထားသော တံဆိပ်ကလေးကို တွေ့ရလေ၏။

"ဒါနဲ့ နေစမ်းပါဦး ဆရာဦးပေါကြွယ်ရယ်။ ဒီထီးနဂါးနာမည်ကလေးကို ဘယ်ဆရာက ပေးတာလဲ" ဟု မေးမိလေ၏။

"ဘယ်ဆရာမှ ပေးတာမဟုတ်ပါဘူး။ ကိုယ့်အမိပ္ပာယ်နဲ့ကို ပေးထားတာ၊ ကျွန်တော်က စနေသား၊ ကျွန်တော့်မိန်းမက မထားရီတဲ့။ သူကလည်း စနေသမီးပဲ။ နဂါးကလည်း စနေရဲ့တံဆိပ်မဟုတ်လား။ ဒါကြောင့် ထီးပေါ်မှာ နဂါးခွေနေတဲ့ ဒီတံဆိပ်ကို သုံးရတာပါ ဆရာ မကောင်းဘူးလား" ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က...

"လက္ခဏာဖတ်ဖို့ကတော့ ခင်ဗျားကစပြီး ဖတ်ရမှာပဲ" ဟု ဆိုကာ ဦးပေါကြွယ်၏ လက်ဝါးကို လှမ်းယူပြီး မှန်ဘီလူးဖြင့်ကြည့်လိုက်ရာ လက်ဝါးပြင်တစ်ခုလုံးမှ လမ်းကြောင်းများသည် ဆံချည်ထွေးကဲ့သို့ ရှုတ်ထွေးနေသည်။ ဉာဏ်လမ်းကြောင်းမှာလည်း ကျွန်းများတန်း၍ ပါနေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်၏စိတ်၌ ဦးပေါကြွယ်ဆိုတဲ့လူဟာ လူကောင်းတစ်ယောက်မဟုတ်ဘဲ အရူးတစ်ယောက်ဆိုသည်ကို သိရလေတော့၏။ ထို့နောက် ကျွန်ုပ်က...

"ဒီလိုလုပ်မယ် ဦးပေါကြွယ်၊ လောလောဆယ်တော့ မဟောဘူး။ ဟောစာတမ်းရေးပြီး ရန်ကုန်ကပို့မယ်။ ကျေနပ်ရဲ့လား" ဟုပြောလိုက်ရာ ဦးပေါကြွယ်က

"ဆရာဂွတ်တယ်ထင်ရင် ဒူးပေါ့" ဟု ပြောလေ၏။ ထို့နောက် ၎င်း၏သမီးကြီး ဘီကွန်းနှင့်အောင်သော မိန်းကလေးရောက်လာ၏။ ထိုမိန်းကလေးကိုလည်း လက္ခဏာကြည့်ရာ သူ၏ဖခင်ကဲ့သို့ပင် တွေ့ရလေ၏။ ထို့နောက် မိန်းကလေးသည် သားရေအိတ်အတွင်းမှ ငွေကိုထုတ်၍ သူ၏ဖခင်ကိုပေးပြီး...

"ဆရာမင်းသိခ်ကို ကန်တော့ဖို့ ငွေ (၅၀၀၀၀၀)" ဟုဆိုကာ သူ၏ဖခင်လက်ထဲသို့ ပေးလေတော့၏။ ထိုအခါ ဦးပေါကြွယ်က...

"ဆရာကို ကန်တော့ဖို့ ဟောဒီမှာ ငွေငါးသိန်း၊ ဟောစာတမ်းကိုတော့ ရန်ကုန်ကနေပို့ပေးပါ" ဟုဆိုပြီး တစ်သိန်းတန်ငွေထုပ် (၅)ထုပ်ကို ကျွန်ုပ်အား ပေးလေတော့၏။ ကျွန်ုပ်လည်း ငွေထုပ်ကိုယူ၍ ကြည့်လိုက်ရာ ချက်ချင်းပင် ရူးချင်စိတ်ပေါက်သွားလေတော့၏။ အဘယ်ကြောင့်ဆိုသော် ၎င်းပေးသောငွေများမှာ ငွေစက္ကူများမဟုတ်ဘဲ တစ်ထောင်တန်နှင့် ရွယ်တူတိုင်း၍ ညီညီညာညာ ဖြတ်ထားသော စက္ကူအဖြူများဖြစ်၏။ ထိုစက္ကူပေါ်တွင် တစ်ထောင်ကျပ်ဟု စာများရေးထား၏။ ခြင်္သေ့ပုံနေရာတွင် ခြင်္သေ့ပုံမပါဘဲ စာဖြင့် ခြင်္သေ့ဟုသာ ရေးထား၏။ တစ်ဘက်တွင်လည်း ဘဏ်တိုက်ပုံဟု စာဖြင့်ရေးထားပြီး၊ အောက်တွင် အင်္ဂလိပ်စာဖြင့် (**ONE THOUSAND KYATS**) ဟု ရေးထားသည်ကို တွေ့ရ၏။ အထုပ်တိုင်းကို မဟုတ်ကဟုတ်က စာရွက်များ တစ်ရာစီထည့်၍ သားရေကြိုးဖြင့် စည်းထားခြင်းဖြစ်၏။

ကျွန်ုပ်သည် မိတ်ဆွေများအား အမှတ်တရပြရန်အတွက် ထိုငွေတစ်ထုပ်ကို ကောက်ယူပြီးလျှင်...

"ပြန်ဦးမယ်ဗျာ" ဟုဆိုကာ သုတ်ခြေတင်၍ သင်္ဘောဆိပ်သို့ ပြန်ခဲ့လေ၏။ သင်္ဘောဆိပ်သို့ရောက်လျှင် ဆိုက်ကားဆရာလေးက...

"ထီးနဂါးဆေးပေါ့လိပ်ပိုင်ရှင်နဲ့ အဆင်ပြေခဲ့ရဲ့လား" ဟု မေးလေ၏။ ထို့ကြောင့် ကျွန်ုပ်က ...

"မပြောပါနဲ့တော့ ငါ့လူရာ။ လူကောင်းတွေမှ မဟုတ်ဘဲ။ တစ်အိမ်လုံး အရူးတွေချည်းပဲ" ဟုပြောရာ ဆိုက်ကားဆရာလေးက ရယ်လေ၏။ ထို့နောက်

"ဟုတ်တယ်ခင်ဗျ။ အဲဒီဦးပေါကြွယ်ကြီးက ဆေးလိပ်ခုံရူး ရူးနေတာ။ သမီးကြီးက ဥစ္စာရူးဗျ။ စက္ကူအလွတ်ပေါ်မှာ စာရေးပြီး တစ်ထောင်တန်တို့ ငါးရာတန်တို့ လုပ်ထားတာ" ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က...

"ကျုပ်ကိုလည်း အဲဒီပိုက်ဆံတွေ ငါးသိန်းတောင် ကန်တော့ပါတယ်။ ကျုပ်ကမယူဘဲ တစ်သိန်းပဲယူခဲ့တယ်" ဟု ပြောလိုက်ရာ ထိုဆိုက်ကားဆရာလေးက...

"သူ့သားသမီးတွေကလည်း ဘွဲ့မရကြပါဘူး။ ဘွဲ့ဝတ်စုံအတုလုပ်ပြီး အိမ်မှာချိတ်ထားတာ၊ ဘွဲ့ရဖို့မပြောနဲ့ စာတောင် ကောင်းကောင်းမတတ်ကြပါဘူး" ဟု ပြောလိုက်ပြန်၏။

"ဒါနဲ့ နေစမ်းပါဦး၊ အဲဒီမိသားစုက ဘာတွေနဲ့ ဘယ်လိုစားသောက်ကြတာလဲ" ဟု မေးလိုက်ရာ ဆိုက်ကားဆရာလေးက...

"ဟိုး မြောက်ပိုင်းမှာရှိတဲ့ ဇောဓိဆိုတဲ့ကျောင်းက ဆရာတော်က သူတို့မိသားစုကို သနားလို့ဆိုပြီး ဆွမ်းကျန်ဟင်းကျန်လေးတွေ ပေးနေတာ။ အဲဒါနဲ့ သူတို့မိသားစုက စားနေကြတာပါ" ဟု ပြောပြန်၏။ ထို့နောက် ကျွန်ုပ်က...

"တစ်ခုတော့ရှိတယ် မောင်ရင်ရေ အရူးဆိုပေမယ့် တိုက်နဲ့တော့ နေနိုင်တယ်နော်" ဟု ပြောလိုက်ရာ ထိုဆိုက်ကားဆရာလေးက...

"ဒီတိုက်ဟာ သူတို့တိုက်မဟုတ်ဘူး။ ဦးမြစိန်ဆိုတဲ့ တရုတ်အဘိုးကြီးပိုင်တာ။ အဲဒီအဘိုးကြီးက ဆွေမျိုးလည်းမရှိဘူး။ သားသမီးလည်းမရှိဘူး။ မမာမကျန်းဖြစ်တဲ့အခါ ဦးပေါကြွယ်တို့ မိသားစုက ပြုစုပေးမယ်ဆိုပြီး အဲဒီအိမ်ပေါ်တင်ထားတာ။ ပြီးတော့ ဦးပေါကြွယ်က အဲဒီအဘိုးကြီးကို လည်ပင်းညှစ်သတ်တယ်ဆိုပဲ။ ရဲက မသင်္ကာလို့ အမှုတွေဘာတွေဖွင့်ပြီး စစ်ဆေးမေးမြန်းသေးတယ်။ သူတို့ မိသားစုဟာ အဲဒီအိမ်ပေါ်ရောက်တာနဲ့ အကုန်လုံး ယဉ်ယဉ်လေးနဲ့ ရူးသွားတာပဲ။ ကျွန်တော်တို့မြို့မှာက အရူးကို အရူးလို့မခေါ်ကြဘူး။ ထီးနဂါးလို့ခေါ်ကြတယ်။ အဲဒီစကားကြားရင် အရူးလို့ပြောတယ်ဆိုတာကို လူတိုင်းနားလည်ကြတယ်။ ဆရာကြီးက ဆရာမင်းသိခ်မှတ်တယ်။ အံ့ပါရော ဆရာရယ်။ ဒီလောက်နာမည်ကြီးတဲ့ဆရာဟာ ကျွန်တော်တို့မြို့က အရူးလှည့်စားတာကို ခံရတယ်ဆိုတာ ကျွန်တော်ဖြင့် ဆရာ့ကို အားနာလိုက်တာ မပြောနဲ့တော့ " ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က...

"အားနာမနေနဲ့တော့ မောင်ရင်ရေ။ အခုထွက်မယ့် သင်္ဘောနဲ့ ရန်ကုန်ကို ပြန်ပြီးလိုက်မယ်" ဟု ပြောလိုက်ရလေ၏။ ထို့နောက် ကျွန်ုပ်လည်း ထွက်မည့် သင်္ဘောပေါ်သို့တက်၍ ရန်ကုန်သို့လိုက်ပါလာတော့၏။

သင်္ဘောပေါ်သို့ရောက်သောအခါ ထိုင်စရာပင် နေရာမရပေ။ ဦးပိုင်းတွင် ဒလီဖျင်လေးခင်း၍ ထိုင်နေသော ကလယ်ကုလား အဘိုးကြီးက မြန်မာစကားပီသစွာဖြင့်...

"မိတ်ဆွေဒီမှာထိုင်ပါဗျာ" ဟု ဖိတ်ခေါ်သဖြင့် ကျွန်ုပ်လည်း သွား၍ ထိုင်ရလေ၏။ ထို့နောက် ကုလားအဘိုးကြီးက...

"ကျွန်တော့်ကိုတော့ အများက 'အနဲ'လို့ခေါ်ကြပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် အနဲမှန်း အများမှန်းမသိပါဘူး။ ဒါနဲ့နေစမ်းပါဦး မိတ်ဆွေက ဘယ်ရုံးအရာရှိပါလဲ" ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က

"အရာရှိမဟုတ်ပါဘူးဗျာ။ ကျုပ်က ဗေဒင်လက္ခဏာဆရာပါ" ဟု ပြောလိုက်လျှင် အနဲက...

"ဗေဒင်လက္ခဏာဆရာဆိုပေမယ့် တော်ရုံဆရာမျိုးတော့ ဟုန်ဟန်မတူဘူး။ 'ဗေဒင်လေးပုံ ဆူရာရွှေနုတ်မီးဖုတ်၍ပင် စားနိုင်ရဲ့' ဆိုတဲ့ ဦးပုညစာထဲက ဗေဒင်ဆရာမျိုးဖြစ်ပါလိမ့်မယ်" ဟု ပြောသဖြင့် ကျွန်ုပ်လည်း ပြုံးမိသေးတော့၏။ ထို့နောက် အနဲကပင်...

"စိတ်မဆိုးနဲ့နော် ဆရာ၊ ဆရာ အင်္ဂလိပ်မွေးရက် ဘယ်လောက်လဲ" ဟု ပြောသဖြင့် ကျွန်ုပ်က (၂၅)ရက်ဖြစ်ကြောင်း ပြောလိုက်ရာ အနဲက...

"ဆရာဟာ (၇) ဂဏန်းသမားပေါ့။ ဒီကနေ့ (၁၅)ရက်နေ့ ခင်ဗျ။ (၇) နဲ့ (၁၅) ပေါင်းရင် (၂၂) ရတယ်။ (၂၂) ဆိုတဲ့ဂဏန်းဟာ အရှုးဂဏန်းဗျ။ အကြောင်းအရာတစ်ခုနဲ့ ပတ်သက်ပြီး ရှုးချင်စိတ်တောင်ပေါ်လာလိမ့်မယ်" ဟု ပြောလိုက်ရာ ကျွန်ုပ်က...

"မှန်လိုက်တာ အနဲရေ။ အရှုးမိသားစု အိမ်ကို လက္ခဏာဟောဖို့ရောက်သွားတာ၊ ကျုပ်ပါ ရှုးချင်စိတ်ပေါက်သွားတယ်" ဟု ပြောရာ အနဲသည် တခစ်ခစ် ရယ်လေတော့၏။ ထို့နောက် အနဲသည် ကွမ်းယာတစ်ယာ ယာပြီးလျှင် ကွမ်းယာကို မြုံ့၍နေလေ၏။ ထိုသို့မြုံ့ရင်း...

"ဆရာရဲ့ မွေးလက ဘယ်လလဲခင်ဗျ" ဟု မေးရာ ကျွန်ုပ်က (၆) လပိုင်းတွင် မွေးကြောင်း ပြောလိုက်ပြန်၏။ ထိုအခါ အနဲက...

"၆ လပိုင်းဆိုတော့ ဇွန်လပေါ့။ ဇွန်လဟာ ကဋ္ဌရာသီရဲ့ ပိုင်နက်ပဲဖြစ်မယ်။ အဲဒီရာသီရဲကအရုပ်ဟာ ဂဏန်းရုပ်ပဲ။ ဂဏန်းဟာ အတည့်မသွားဘူးခင်ဗျ။ ကန့်လန့်သွားတတ်တယ်။ အဲဒီတော့ လူအများစုဟာ တောကနေမြို့ကို ပြောင်းလာတယ်။ ဆရာကတော့ မြို့မှာနေရာကနေ တောထဲပြောင်းပြီး နေရလိမ့်မယ်ထင်တယ်။ ဆရာရဲ့ သဘာဝဟာ သူများက အဖြူဆို အမည်းလုပ်ချင်တဲ့စိတ်ရှိတယ်။ အဲဒီ (၆)ဟာ ဆရာ့မွေးရက် (၇) ဂဏန်းနဲ့ တွေ့တဲ့အခါမှာ (၁၃) ဖြစ်သွားတယ်ဗျ။ (၁၃) ဂဏန်းဗေဒင်ဆရာတွေဟာ ဗေဒင်ဟောတာထက် ဓာတ်ရိုက်ဓာတ်ဆင်မှာ ပိုပြီးအစွမ်းထက်တတ်တယ်။ ပြီးတော့ (၁၃) ဟာ (၄) ပဲမဟုတ်လားဗျာ။ မလိုချင်တော့တဲ့အခါကျမှ ပြည့်စုံလိမ့်မယ်။ လိုချင်လို့ရှာရင် ဘာမျှရမှာကို မဟုတ်ဘူး။ ဒါကြောင့် ဆရာဟာ အသက်ကြီးလာရင် ချမ်းသာလိမ့်မယ်။ အသက်ကြီးလေကောင်းလေပဲ" ဟု ပြန်ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က...

"အနဲဟောတာ မှန်မှာပါ။ ကျွန်တော်လည်း မြို့ပေါ်မှာနေရတာ စိတ်ကုန်နေပါပြီ၊ မှော်ဘီလောက်ဝေးတဲ့ နေရာက တစ်နေရာလောက် ခြံဝယ်ပြီး နေချင်စိတ်ပေါက်နေပြီ။ အနဲရဲ့ ဂဏန်းဗေဒင်ဟာ တယ်ဟုတ်ပါလား" ဟု ကျွန်ုပ်က ပြောလိုက်ရာ အနဲက...

"အခုခေတ်ဗေဒင်ဆရာလေးတွေဟာ နျူမရော်လော်ဂျီလို့ခေါ်တဲ့ ဂဏန်းဗေဒင်ကို အထင်သေးတတ်တယ်။ သေသေချာချာလည်း မလိုက်စားကြဘူးဗျ။ ဂဏန်းဗေဒင်က အစွမ်းထက်တယ်ဆိုတာကို သူတို့မရိပ်မိကြဘူး" ဟု ပြောရာ ကျွန်ုပ်က...

"ဒီမှာ အနဲ .. အခု ခင်ဗျားပြောတဲ့စကားက ကျုပ်ကို စောင်းပြီးပြောနေသလိုပဲ။ ခင်ဗျား လိပ်စာပေးခဲ့ဗျာ။ ကျုပ် ခင်ဗျားဆီမှာ အဲဒီပညာလာပြီး သင်ယူဦးမယ်" ဟု ပြောလိုက်လျှင် အနဲက ...

"ကြွခဲ့ပါဗျာ ... ကြွခဲ့ပါ ... ထမင်းကျွေးပြီးကို သင်ပေးလိုက်မယ်။ ဆိတ်အူစုံ အသည်းစုံကို မဆလာနိုင်နိုင်နဲ့ ချက်ကျွေးမယ်ဗျာ။ ငါးရက်လောက်တော့ ခင်ဗျား ကျုပ်အိမ်မှာလာပြီး နေရမယ်။ အဲဒီလောက်နေမှပဲ ဂဏန်းဗေဒင်ရဲ့ တစ်ကိုယ်လုံးကို ခင်ဗျားမြင်မှာ" ဟု ပြောလေ၏။

ကျွန်ုပ်လည်း အပေါ့သွားချင်သောကြောင့် အနဲအနီးမှထ၍ ထွက်သွားရာလမ်းတွင် သဘော်၌ ရေပက်၊ ကြိုးချည်လုပ်နေသော အလုပ်သမားကလေးတစ်ဦးနှင့် တွေ့လေ၏။ ထိုအလုပ်သမားလေးက...

"ဆရာမင်းသိခ်မှတ်တယ်" ဟု မေးသဖြင့် ကျွန်ုပ်က ဟုတ်မှန်ကြောင်းဝန်ခံရာ...

"ဆရာကြည့်လုပ်နော်၊ ဆရာနဲ့စကားထိုင်ပြောနေတဲ့ ကုလားအဘိုးကြီးက စိတ်သိပ်မမှန်ဘူး။ ဗေဒင်ဆရာရူး ရူးနေတာ" ဟု ထိုအလုပ်သမားလေးက ပြောသဖြင့် ကျွန်ုပ်၏ ပါးစပ်မှ...

"ဟိုက်" ဟု ရေရွတ်မိလေတော့သတည်း။

⁂ ⁂ ⁂



# ကျွန်ုပ်နှင့်သက်မှူးခင်

"နောက်တစ်ခု အဘကိုတင်ပြချင်တာ
ကတော့ သမီးမှာ 'ဒိုးဆီ' ၄ ပိဿာ
လောက် ရထားတယ်၊ အဲဒါကိုအရောင်း
အဝယ်ဖြစ်မဖြစ် သိချင်တာပါပဲ
အဘ"

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ အသက် ၂၀ ပင် မပြည့်တတ်သေးသော ရုပ်မလှပသည့် မိန်းကလေးရောက်ရှိလာလေ၏။ သူသည် ကျွန်ုပ်ကို စတင်၍ မိတ်ဆက်စကားပြော၏။

"သမီးနာမည် သက်မှူးခင်လို့ခေါ်ပါတယ်။ မနှစ်ကကျောင်းပြီးသွားပါပြီ။ အခု သမီးအဘဆီလာတာကတော့ သမီးအမေရိကားကို သွားချင်တာ သွားဖို့ ကံပါ မပါ လက္ခဏာ ကြည့်ချင်လို့" ဟု ပြောလေတော့၏။

ထိုအခါကျွန်ုပ်က...

"လက္ခဏာကြည့်ပေးပါ့မယ်။ သွားဖို့ ကံပါ မပါလည်းပြောပြပါ့မယ်။ တစ်ခုတော့ရှိတယ်။ ဒီမှာမနေဘဲ နိုင်ငံခြားထွက်သွားတာဟာ မှန်တယ် မမှန်ဘူးဆိုတာကို သမီးဟာသမီး စဉ်းစားပြီး ဆုံးဖြတ်ရမယ်နော်" ဟု ပြောလိုက်ရာ သက်မှူးခင်က...

"ဒီလိုရှိပါတယ်အဘ၊ သမီးဘဝမှာ ကောင်း မကောင်းတို့၊ မှန် မမှန်တို့ကနေ လွတ်အောင်နေပါတယ်။ အဲဒီဟာတွေဟာ သမီးကို အနှောင့်အယှက်ပေးချင်လည်း ပေးနိုင်တယ်။ အဲဒီဟာတွေဟာ သမီးနဲ့လည်း သိပ်ပြီးမပတ်သက်ပါဘူး" ဟု ပြောလေတော့၏။

ထို့ကြောင့် ကျွန်ုပ်က...

"ဟေ့ ကလေးမ၊ မင်းစကားက ကြီးကျယ်ခမ်းနားလှချေလား။ ကောင်းမကောင်းနဲ့လည်း မပတ်သက်ဘူး" ဟု ကျွန်ုပ်က မေးလိုက်ရာ သက်မှူးခင်က...

"ကောင်းတယ် မကောင်းဘူးဆိုတာ တကယ်ရှိတဲ့အရာတွေမဟုတ်ဘူး အဘ၊ ခံစားမှုကို နာမည်တပ်ထားတဲ့အရာတွေ၊ ဒီဟာတစ်ခုကို ကိုယ်ကကြိုက်ရင်ကောင်းတယ်။ ကိုယ်က မကြိုက်ရင် မကောင်းဘူးပေါ့။ အဲဒီအရာထဲမှာ ကောင်း မကောင်းက မပါဘူး။ အပြင်က ကိုယ်က ဝင်ပြီးဆုံးဖြတ်လိုက်တာ၊ အဘ ရှင်းအောင်ပြောရမယ်ဆိုရင် ဝက်သားဆိုပါတော့။ ဝက်သားထဲမှာ တခြားဘာမှ မပါပါဘူး။ မစားတဲ့ကုလားနဲ့တွေ့တော့ မကောင်းဘူးပေါ့။ စားတဲ့တရုတ်နဲ့တွေ့တော့ ကောင်းတယ်ပေါ့။ အဲဒါတွေဟာ ဝက်သားထဲကဟာမဟုတ်ဘူးနော်။ အပြင်က ကုလားနဲ့ တရုတ်က ဆုံးဖြတ်နေကြတာ" ဟု ပြောလေ၏။

ကျွန်ုပ်လည်း သက်မှူးခင်၏စကားကို နားထောင်ပြီးနောက် ပြုံးမိသေးတော့၏။ ထို့နောက် ကျွန်ုပ်က…

" ထားပါတော့ သမီးရယ်၊ မှန်တယ် မှားတယ်ဆိုတဲ့ကိစ္စရှင်းစမ်းပါဦး" ဟု ပြောလိုက်ရာ သက်မှူးခင်က…

"ဒါတွေကလည်း နှစ်ခုလုပ်ပြီး ပြောနေရပေမဲ့ စင်စစ်တော့ တစ်ခုတည်းပါ။ ဒင်္ဂါးပြားတစ်ခုရဲ့ ဟိုဘက်ဒီဘက် ဖြစ်ပါတယ်။ ဒင်္ဂါးပြားရဲ့ခေါင်းဘက်ကို မှန်တယ်။ ပန်းဘက်ကိုမှားတယ်လို့ ဘယ်လိုလုပ်ပြီးပြောမလဲ။ ပန်းဘက်ကလည်း ဒင်္ဂါးပဲလေ။ မှန်တယ်ဆိုတဲ့ အရာရဲ့ တခြားတစ်ဘက်ကလည်း တခြားသော မှန်ကန်မှုပါပဲ။ အဲဒီလိုတစ်ခုတည်းသောအရာကို ဘာကြောင့်နှစ်ခုဖြည့်ပြီးထည့်ပြီး စဉ်းစားနေရာတလဲလို့ စိစစ်ကြည့်ရင် အဘတို့ သမီးတို့က မတူရင် ဆန့်ကျင်တယ်လို့ ထင်နေတာကိုး၊ မတူတာဟာ မတူတာပါပဲ။ ဆန့်ကျင်တာ မဟုတ်ပါဘူး။

ဥပမာ ဆိုပါတော့ … အစနဲ့အဆုံး တူသလားလို့မေးရင် မတူဘူးလို့ ဖြေရမှာပါပဲ။ ဒါပေမဲ့ အဲဒီအရာနှစ်ခုဟာ မဆန့်ကျင်ဘူးနော်။ မဆန့်ကျင်ရုံတင် မကဘူး။ တစ်ခုကို တစ်ခုက ပြည့်စုံအောင်တောင် လုပ်ပေးသေးတယ်။

ဥပမာဆိုပါတော့ … ဝတ္ထုဇာတ်လမ်းအစနဲ့ ဝတ္ထုဇာတ်လမ်းအဆုံးဟာ ဆန့်ကျင်တာမဟုတ်ဘူး။ နှစ်ခုစလုံး ဝတ္ထုဇာတ်လမ်းတွေချည်းပဲ။ အဆုံးမပါတဲ့ ဝတ္ထုဇာတ်လမ်းဟာ ဘယ်ပြည့်စုံပါ့မလဲ အဘရဲ့။ အမှန်ကတော့ အဘရယ် မတူပေမဲ့ မဆန့်ကျင်ပါဘူး။ ခြားလည်းမခြားနားပါဘူး။ မတူမခြားပေါ့။ အပူအအေးတိုင်းတဲ့ ပြဒါးတိုင်လိုပေါ့။ ပြဒါးတိုင်ဟာ နှစ်ခုမဟုတ်ပါဘူး။ ဒီတစ်ခုတည်းပါပဲ။ အပေါ်ကိုတက်နေရင် ပူတယ်။ အောက်ကိုကျနေရင် အေးတယ် မဟုတ်လား။ နှစ်ခုစလုံးဟာ ပြဒါးတိုင်ရဲ့ အမှတ်အသားပြချက်တွေပါပဲ" ဟု ပြောလိုက်ရာ ကျွန်ုပ်သည် အူကြောင်ကြောင်ဖြစ်၍ သွားလေတော့၏။

ထို့နောက် ကျွန်ုပ်က…

"ကဲ မိန်းကလေးမင်းရဲ့ မွေးခုနှစ်ကို အင်္ဂလိပ်လိုပြောပေတော့ … မှတ်မိတယ် မဟုတ်လား" ဟု ပြောလိုက်ရာ  သက်မှူးခင်က…

"သမီးဟာ ၁၉၈၉ ခု၊ ၁ လပိုင်း၊ ၁၆ ရက်နေ့မှာ မွေးပါတယ်" ဟု ဖြေ၏။ ထို့ကြောင့် ကျွန်ုပ်က "မင်းရဲ့ မွေးခု၊ မွေးလ၊ မွေးရက်ထဲကမှာ (၁) ဂဏန်းက သုံးလုံးတောင်ပါနေတယ်။ ဒါကြောင့် နိုင်ငံခြားကို မုချသွားရလိမ့်မယ်။ သွားဖို့ကြိုးစားထားတယ်ဆိုရင်တော့ ဒီနှစ်ထဲမှာ သွားရမယ်။ သွားရရင်လည်း အောက်တိုဘာလလောက်မှာ သွားရမယ်။ အမေရိကားရောက်တဲ့အခါမှာ '**C**' စာလုံး၊ '**G**' စာလုံး ၊ '**S**' စာလုံး၊ '**L**' စာလုံးစတဲ့ မြို့တွေမှာ နေရလိမ့်မယ်" ဟု ပြောလိုက်ရင် သက်မှူးခင်က…

"အများကြီးဖြစ်နိုင်တယ်အဘ၊ ကာလီဖိုးနီးယားမှာက သမီးရဲ့ သူငယ်ချင်း ကောင်မလေးတစ်ယောက် နာမည်ကြီးအဆိုတော် ဖြစ်နေတယ်။ သူ့ကိုချိတ်ရင်ချိတ်ရမှာ။ လောစ်အိန်ဂျလစ်မှာက ဘွိုင်းဖရန့် (Boy friend) တစ်ယောက် ဆူရှီထမင်းလိပ်ဆိုင်ကြီး ဖွင့်ထားတယ်။ ဆန်ဖရစ်စစ္စကိုမှာက သမီးမေမေရဲ့ ငယ်ရည်စားတစ်ယောက် စိန်ပွဲစားကြီးဖြစ်နေတယ်။ အဲဒီအထဲက

တစ်ယောက်ယောက်နဲ့ ချိတ်ပြီး သွားရမှာပဲ။ အဘဟောတာ ကွက်တိလောက်နီးနီးပါပဲ"

ဟု ထောက်ခံလိုက်လေတော့၏။

"နောက်တစ်ခု အဘကို တင်ပြချင်တာကတော့ သမီးမှာ 'ဒိုးဆီ' ၄ ပိဿာလောက်ရထားတယ်။ အဲဒါကို အရောင်းအဝယ်ဖြစ်မဖြစ် သိချင်တာပါပဲ အဘ" ဟု သက်မှူးခင်က မေးပြန်၏။ ထိုအခါ ကျွန်ုပ်က...

"ဒိုးဆီဆိုတာ အဘမကြားဖူးလို့ ရှင်းပြစမ်းပါဦး" ဟု ပြောလိုက်ရာ သက်မှူးခင်က ...

"ဒိုးဆီဆိုတာက တခြားမဟုတ်ဘူးအဘ၊ ဒိုးပင်က ထွက်တဲ့အဆီတစ်မျိုးပဲ။ အပင်တစ်သန်းမှာတောင် တစ်ပင်မပါတတ်ဘူး။ အဲဒီအဆီဟာ အပင်ပေါ်မှာလည်း မတွေ့ရဘူး။ အပင်အောက်ကို တူးကြည့်မှ အိမ်ဖွဲ့ပြီးနေတာကို တွေ့ရမှာ။ တွင်းဖြစ်ပြီးနေလိမ့်မယ်။ အဲဒီတွင်းထဲကနေ ခပ်ယူရတာ" ဟု ပြောလေတော့၏။

ထိုအခါကျွန်ုပ်က...

"ဟုတ်ပါပြီ သမီးရယ်။ အဲဒီဒိုးဆီက ဘာသုံးလို့ရမလဲ" ဟု မေးလိုက်ရာ သက်မှူးခင်က ...

"ဘယ်လောက်မာတဲ့ သံချောင်းပဲဖြစ်ဖြစ် ဒိုးဆီထဲမှာနှစ်ပြီး ကွေးလိုက်ရင် ဖယောင်းလိုပျော့သွားတယ်။ ခြောက်မူးလုံးလောက်ရှိတဲ့ သံချောင်းကြီးကို ဒိုးဆီစိမ်ပြီး သမီးတို့နားက မင်းသုခဆိုတဲ့ ကလေးတစ်ယောက်ကို ကွေးခိုင်းလိုက်တာ သံချောင်းကြီးက ခွေခေါက်ပြီး ကွေးသွားတယ် အဘရဲ့။ အဲဒါကို ဘယ်သံရုံးက အလိုရှိမှန်းတော့ မသိဘူး။ တစ်ပိဿာကို (၁၁)သိန်းရမယ်။ သမီးမှာ (၄)ပိဿာရှိတယ်။ (၄၄)သိန်းပေါ့ အဘရယ်။ နိုင်ငံခြားကို မသွားခင် အမေ့ကိုလည်း ပေးသွားချင်တယ်။ သမီးအမေက မုဆိုးမပါ။ ဒေါ်အေးမူလို့ခေါ်ပါတယ်။ မော်ဘီမြို့ အထွက်နားမှာ ထမင်းဆိုင်ကလေး ဖွင့်ထားပါတယ်။

သမီးတို့ဆိုင်က စားတဲ့လူနည်းလို့ ညဉ့်နက်သန်းခေါင်ထိဖွင့်ပြီး ရောင်းရပါတယ်။ အဲဒီပတ်ဝန်းကျင်မှာ လူသိပ်ပြီး မရှိပါဘူး။ လူပါးတယ်။ ရပ်ကွက်ရယ်လို့ မဟုတ်ဘူး။ ခြံကြီးတွေနဲ့ နေကြတာ လူကျဲတယ်။ ညတစ်ညမှာ ဘယ်ကနေဘယ်လိုရောက်လာမှန်းမသိဘူး။ လူ (၅၀) လောက် ထမင်းစားမယ်ဆိုပြီး ဝင်လာကြတယ်။ ဆိုင်မှာက အဲဒီလူတွေထိုင်ဖို့ ခုံအလုံအလောက်မရှိဘူး။ တချို့လူတွေဆိုရင် မတ်တတ်ရပ်ပြီး စားကြရတယ်။ အမေက ဟင်းချက်သိပ်ကောင်းတာ။ စားမယ့်လူတွေ အားလုံးကလည်း အမဲသားဟင်းနဲ့ စားမယ်လို့မှာကြတယ်။ ဆိုင်မှာက လူ(၅၀)အတွက် အမဲသားဟင်း အလုံအလောက်မရှိတော့ ဆိတ်ကလီစာနဲ့ တွဲရပါတယ်။ အဲဒီလူတွေ အားလုံးရဲ့မျက်နှာကို သမီးတို့သားအမိ တစ်ခါမှမမြင်ဖူးပါဘူး။ မျက်နှာစိမ်းတွေချည်းပါပဲ။ စားပြီးတော့ တစ်ထောင်တန်အစိမ်းတွေ တစ်ရွက်စီ ပေးကြပါတယ်။

အဲဒီအထဲက လူကြီးတစ်ယောက်က သမီးကို ကြေးနဲ့ထုထားတဲ့ ဘုရားဆင်းတုလေးပေးတယ်။ သမီးက ဘာဘုရားလဲလို့မေးတော့ သူက ဒါဟာ ဘုရားမဟုတ်ဘူးတဲ့။ ညာတကုတ်လို့ ခေါ်တယ်တဲ့။ အမေကတော့ အဲဒီလူကြီးရဲ့နောက်ကနေ မယူဖို့ ခေါင်းခါပြပါတယ်။ ဘုရားဆင်းတုတွေ့ရဲ့သားနဲ့ ညာတကုတ်လို့ ဖြေတော့ သမီးလည်း နားမလည်နိုင်အောင် ဖြစ်သွားပြီး ရှင်းပြပါဦးလို့ပြောတယ်။ အဲဒီတော့ အဲဒီလူကြီးက စာလေးတစ်ပုဒ် ရွတ်ပြတယ်။

"ငါဟာ ဘုရားမဟုတ်
ညာတကုပ်
ကိုင်လိုက်ရင် လက်တစ်ဆုပ်
မီးမှာပြရင် တဟုတ်ဟုတ်"

လို့ဆိုပါတယ်။

အဲဒီဆင်းတုကလေးက ကိုင်လိုက်ရင် လက်တစ်ဆုပ်ပဲ ရှိပါတယ်။ ဖယောင်းတိုင်မီးထွန်းပြီး အဲဒီနားကို ဆင်းတုတော်လေးပြလိုက်ရင် အဲဒီဖယောင်းတိုင်မီးတောက်ဟာ ဆင်းတုတော်နောက်ကို လိုက်ပါတယ်။ တစ်ပေလောက်အထိ လိုက်ပါတယ် ဟု ကျွန်ုပ်အား ပြောလေတော့၏။ ထိုအခါ ကျွန်ုပ်က

"နေစမ်းပါဦး သက်မှုးခင်ရဲ့။ မင်းပြောတဲ့ ညာတကုပ်နဲ့ အခြားဆင်းတုနဲ့ ဘာကွာလဲကွဲ့" ဟု မေးလိုက်ရာ ၎င်းက…

"တခြားဆင်းတုတော်တွေက သင်္ကန်းကို ဘယ်ဘက်ပခုံးပေါ်မှာတင်တယ်။ ညာတကုပ်က ညာဘက်ပခုံးပေါ်မှာ တင်တယ်။ အဲဒါထားတာပါပဲ။ နောက်တစ်ခုရှိသေးတယ် အဘ။ စိတ်မဆိုးနဲ့နော် ဆက်ပြီး ပြောမယ်။ ခြေထောက် ၆ ချောင်းပါတဲ့ မြွေတစ်ကောင် သမီးရလို့ မွေးထားတယ်။ အရောင်က အဖြူအဘရဲ့။ သူက သွားရင် တခြားမြွေတွေလို ဗိုက်နဲ့ခြစ်ပြီးသွားတာ မဟုတ်ဘူး။ အဲဒီခြေထောက်တွေနဲ့ သွားတာပါ။ မြွေဆရာတွေကို ခေါ်ပြီးပြကြည့်ပါတယ်။ သူတို့လည်း မတွေ့ဖူးဘူးလို့ ပြောကြပါတယ်။ ဒါပေမဲ့ မြွေဆရာတွေက သမီးရဲ့ မြွေကိုအမိန့်ပေးကြပါတယ်။ မြွေကလိုက်ပြီးမလုပ်ဘူး။ ရန်လည်း မမူပါဘူး။ မြွေဆရာတွေကို အထူးအဆန်းတွေ့ရသလို သူ့မျက်လုံးက ကြည့်တယ်။

လူတွေအလိုဆိုရင်တော့ ဘာကောင်တွေလဲမသိဘူး။ ငါ့ကို ဘာတွေလာပြောနေကြတာလဲ မသိဘူးဆိုတဲ့ မျက်နှာပေးမျိုးနဲ့ ကြည့်နေပါတယ်။ တော်တော်စပ်စုတဲ့ လူတစ်ယောက် ဒီမြွေကိုသတ်ပြီး ယိုထိုးစားမယ်တဲ့။ အဲဒီလိုစားလိုက်ရင် လောကကြီးတစ်ခုလုံးမှာရှိတဲ့ တိရစ္ဆာန်တွေရဲ့ စကားကို နားလည်သွားလိမ့်မယ်တဲ့။ သမီးတော့ မသတ်ရဲလို့ မသတ်ဘူး။ သတ်ရဲတယ်ပဲထားဦး။ ယိုထိုးပြီး စားဖြစ်မှာမဟုတ်ဘူး။ တကယ်လို့ စားဖြစ်လို့ရှိရင် နိုင်ငံခြားဘာသာသင်တဲ့ တက္ကသိုလ်တစ်ခုမှာ တိရစ္ဆာန်တွေရဲ့ စကားကို စာတန်းတစ်ခုတင်ချင်ပါတယ်။ အဲဒီမြွေကိုလည်း သံရုံးတစ်ရုံးက ရှာနေတယ်ဆိုပဲ။ ရရင် သိန်း ၅၀ ပေးမယ်တဲ့။ အဲဒါကိုလည်း သမီးရောင်းချင်ပါတယ်" ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်က…

"သက်မှုးခင် နင့်ဟာလည်း အဆန်းတွေချည်းပါလား။ အဘဖြင့် တစ်ခါမျှတောင် မကြားဖူးပါဘူး" ဟု ပြောလိုက်လေ၏။

ထို့နောက် သက်မှုးခင်က…

"တစ်ခါက အင်္ဂလန်ပြည့်ရှင် ဂျော့ဘုရင်မင်းမြတ်ဟာ နောက်လိုက်နောက်ပါတွေနဲ့ ခရီးထွက်ခဲ့တယ်။ တောရွာကလေးတစ်ရွာရောက်တော့ သူ့နန်းတော်ကို စာတစ်စောင်ရေးချင်စိတ် ပေါ်လာတာနဲ့ စာတစ်စောင် ကောက်ရေးပစ်တယ်။ ပြီးတော့ စာအိတ်အသစ်တစ်လုံးဝယ်ပြီး အဲဒီစာအိတ်ထဲကို ထည့်လိုက်တယ်။ အဲဒီလိုလုပ်ပြီးရင် နီးရာ စာတိုက်ပုံးထဲ ထည့်ရမယ် မဟုတ်လား။ ဒါပေမဲ့ တံဆိပ်ခေါင်းကပ်ရဦးမယ်။ ဂျော့ဘုရင်မင်းမြတ်မှာ တံဆိပ်ခေါင်းမပါဘူး။ သူကလည်း တံဆိပ်ခေါင်းမပါတဲ့စာကို မထည့်ချင်ဘူး။ စာပို့စည်းကမ်းကို ချိုးဖောက်သလိုဖြစ်နေတယ်။ နောက်လိုက်နောက်ပါတွေကို မေးကြည့်ပြန်တော့လည်း တစ်ယောက်မျှမရှိဘူး။ ဘုရင်ဖြစ်ပြီး အဲဒီစာပို့စည်းကမ်းကို ချိုးဖောက်လို့ ဘယ်သင့်တော်ပါ့မလဲ။

အမှန်က တစ်ပဲနိတန် တံဆိပ်ခေါင်းမှာကလည်း သူ့ပုံပါပဲ။ အဲဒါကြောင့် စာအိတ်ထောင့်မှာ တံဆိပ်ခေါင်းပုံ လေးထောင့်ကွက်ကလေးဆွဲပြီး 'ကင်းဂျော့'လို့ လက်မှတ်ထိုးလိုက်တယ်။ အဲဒါကိုလည်း စာတိုက်က တံဆိပ်ခေါင်းအဖြစ်လက်ခံတယ်။ အဲဒီတံဆိပ်ခေါင်းဟာ ကမ္ဘာပေါ်မှာ တစ်လုံးတည်းပဲရှိမှာပေါ့။ အဲဒါကိုလည်း မြန်မာပြည်မှာရောက်နေတယ် သတင်းကြားလို့ အင်္ဂလန်သံရုံးက ရှာနေပါတယ်။ ရရင်ဒေါ်လာ တစ်သန်းပေးမယ်တဲ့။ ဒေါ်လာတစ်သန်းရရင် မြန်မာငွေ သန်း ၁၀၀၀ ရမှာပေါ့။ ဒီတံဆိပ်ခေါင်းလေးဟာ လောစ်အိန်ဂျလစ်ရောက်နေတဲ့ သမီးချစ်သူက ပေးခဲ့တာပါ" ဟု ပြောလျှင် ကျွန်ုပ်က…

"မင်းပြောတော့ ဘွိုင်းဖရင့်ဆို" ဟု ထောက်လိုက်ရာ သက်မှူးခင်က…

"အဘကလည်း နားထောင်ကောင်းအောင် ပြောတာပါ။ ဘွိုင်းဖရန့်ဆိုတာ ရည်းစားပဲပေါ့" ဟု သွက်လက်စွာ ပြန်၍ ဖြေလေ၏။ ထိုအခါ ကျွန်ုပ်က…

"ကလေးမရယ် မင်းဆီရောက်နေတာတွေကလည်း အထူးအဆန်းတွေချည်းပါလား။ တန်ဖိုးငွေကလည်း မသေးဘူးနော်" ဟု ပြောလိုက်လျှင် ၎င်းက…

"နောက်တစ်ခုရှိသေးတယ် အဘ၊ အဲဒါကတော့ သမီးလက်ဝါးလောက်ရှိတဲ့ ကြေးမိုးကြိုးသွားပါပဲ။ သူ့ရဲ့ ထူးခြားချက်ကတော့ လျှပ်စစ်မီးအောက်ကို ယူသွားရင် မီးဟာ အလိုလိုငြိမ်းသွားတယ်။ ရေဒီယိုနားသွားရင် ရေဒီယို ရပ်သွားတယ်။ အဲဒါကိုလည်း ဂိုဏ်းဖွဲ့ပြီး လိုက်ဝယ်နေကြတယ်။ အစစ်တွေ့ရင် သိန်း ၄၀ ပေးမယ်တဲ့" ဟု ပြောလေတော့၏။

ကျွန်ုပ်သည် ရှည်ရှည်ဝေးဝေး မပြောနိုင်တော့ဘဲ…

"ဆန်းပါ့ကွာ…" ဟုပင် ပြောလိုက်လေတော့၏။ ထို့နောက် သက်မှူးခင်၏ ထူးဆန်းသော ပစ္စည်းများအမြန်ဆုံး ရောင်းထွက်နိုင်ရန်အတွက် ဓာတ်ရိုက်ဓာတ်ဆင် လုပ်ပေးလိုက်ရတော့သတည်း။

❋ ❋ ❋


မင်းသိခ်
မမကြီးဆိုတဲ့
မိန်းမတစ်ယောက်

# မမကြီးဆိုတဲ့ မိန်းမတစ်ယောက်

"မမကြီးအကြောင်း ပြောရရင် မမော
ပါဘူး ခင်ဗျား။ ဖြတ်ထိုးဉာဏ်လည်း
အလွန်ကောင်းတယ်ခင်ဗျ။ ဆက်စပ်
တွေးခေါ်တဲ့ဉာဏ်လည်း အလွန်
ကောင်းတယ်ဗျ။ မှတ်ဉာဏ်လည်း
အတော်ထူးတဲ့ မိန်းမပါပဲဗျား"

တစ်နေ့တွင် ကျွန်ုပ်သည် ရေကျော်ဘက်တွင်ရှိသော ကိုဘမောင်တို့ မောင်နှမတစ်စု စုပေါင်းနေထိုင်သည့် အမွေဆိုင် ကျွန်းအိမ်ကြီးတစ်လုံးဆီသို့ ရောက်ရှိသွားလေ၏။ ထိုအိမ်တွင် မဟာဆန်သော မိန်းမကြီးတစ်ဦး၏ဓာတ်ပုံကိုလည်း တွေ့ရ၏။ ကျွန်ုပ်သည် ထိုပုံကိုကြည့်ပြီးနောက်

"ကိုဘမောင်ရေ၊ ဒီပုံဟာ ဆေးသားအတော်ကောင်းတယ်ဗျ။ ရိုက်ထားတာကလည်း အတော်ကိုအချိုးကျတယ်။ ဘယ်သူ့ဓာတ်ပုံလဲဗျ" ဟု မေးလိုက်သောအခါ ကိုဘမောင်က...

"ဒီဓာတ်ပုံက ဟိုခေတ်က နာမည်ကြီးတဲ့ "ဒီအေအဟူဂျာ"ဆိုတဲ့ ဓာတ်ပုံတိုက်ကရိုက်တာ၊ ဓာတ်ပုံထဲက မိန်းမကတော့ ကျွန်တော်တို့အားလုံးက မမကြီးလို့ခေါ်တယ်။ သူက ကျွန်တော်တို့အားလုံးထက် အသက်အရွယ်ကြီးတယ်။ ပညာဗဟုသုတလည်းပြည့်စုံတယ်။ ကူညီစရာရှိရင်လည်း အစ်မအရင်းလို ကူညီတယ်။ ဒါကြောင့် ကျွန်တော်တို့ မောင်နှမတစ်စုကတော့ သူ့ကို "မမကြီး" လို့ခေါ်ကြတယ်။ ငယ်ငယ်တုန်းကတော့ အတူတူလို ကြီးပြင်းလာတာပဲ။ မမကြီးရဲ့ မိဘကတော့ ပိုက်ဆံချမ်းသာတယ်။ သူ့အဖေ "ဦးစစ်ကဲ"ကတော့ သိပ်ပြီး မြန်မာဆန်တယ်ဗျ။ မမကြီးအပျိုပေါက် အရွယ်လောက်ရောက်တဲ့အခါမှာ သမီးကို သူများစော်ကားမှာစိုးလို့ဆိုပြီး ရှမ်းပြည်နယ်က သိုင်းဆရာကြီးကိုပင့်ပြီး သိုင်းသင်ခိုင်းတယ်။ သိုင်းသင်ပြီးတော့ တစ်ခါ သထုံဘက်က ပအို့ဝ်လက်ဝှေ့ဆရာကြီး တစ်ယောက်ပင့်ပြီး လက်ဝှေ့သင်ခိုင်း ပြန်တယ်။ မမကြီးဟာ မိန်းမတန်မဲ့ လက်ဝှေ့ကောင်းကောင်း ထိုးတတ်တယ်။ ပျင်းလို့ကစားပြန်ရင်လည်း တခြားဟာမကစားရဘူး။ မြန်မာစစ်တုရင်ထိုးရတယ်။ ဆရာနဲ့ဘာနဲ့ အကျအနသင်ထားတာ။ မမကြီးဟာ ပင်ကိုဉာဏ်လည်းကောင်း၊ စစ်တုရင်လည်း ထိုးတတ်တယ်ဆိုတော့ အလွန်ထက်မြက်တဲ့ မိန်းမပေါ့ဗျာ။ အလွန်လည်း

ကွက်ကျော်မြင်တတ်တယ်။ စာကလည်း သိပ်ဖတ်တာဗျ။ အင်္ဂလိပ်စာလည်းတတ်တော့ အင်္ဂလိပ်စာအုပ်၊ မြန်မာစာအုပ် စုံနေအောင် ဖတ်တယ်ဗျ။

တစ်နေ့မှာ ကျွန်တော်တို့ မောင်နှမတွေက ဇာတ်ပွဲသွားကြည့်တယ်။ အဲဒီမှာ မမကြီးလည်းပါတယ်ဗျ။ ဇာတ်ထဲက ရသေ့ဟာ ညဘက်မှာ မိုးပေါ်မော့ပြီး နက္ခတ်ကိုကြည့်တယ်တဲ့။ ကြည့်ပြီးတော့ သူ့တပည့်ကို ဒီတိုင်းပြည်ကို အုပ်ချုပ်တဲ့ ဘုရင်ကြီးနတ်ရွာစံ ကံတော်ကုန်ပြီကွတဲ့။ အဲဒီမှာ ကျွန်တော်နည်းနည်း မျက်စိလည်သွားတယ်။ နက္ခတ်ကို လူသာမန်မျက်စိနဲ့ မော့ကြည့်လို့ မမြင်ရဘူးဆိုတာ ကျွန်တော်သိတယ်။ အဲဒါကို ပွဲထဲက ရသေ့က မိုးပေါ်ကို မော့ကြည့်ပြီး ပြောနေတယ်။ အဲဒီတော့ ကျွန်တော်က မကျေမနပ်ဖြစ်သွားတယ်။ ဒါကို မမကြီးက သိလိုက်တယ်။ အဲဒီတော့ မမကြီးက ဘာပြောလဲဆိုတော့ "မောင်ဘသိန်းရေ ... ရသေ့ကြည့်တာ နက္ခတ်ကိုကြည့်တာ မဟုတ်ဘူးကွယ့်၊ ခုနစ်စင်ကြယ်ကို ကြည့်ပြီးပြောတာ၊ ခုနစ်စင်ကြယ်ကို ဟောဒီလိုမှတ်ထားရတယ်ကွယ့်။




"အဲဒီခုနစ်စင်ကြယ်ကို ကြည့်တဲ့အခါမှာ မှိန်နေတဲ့ တစ်လုံးဟာ ဒုက္ခပေးတာပဲ။ "အု" ဆိုတဲ့ တစ်လုံးမှိန်ရင် အုက တနင်္ဂနွေမဟုတ်လား။ အကြီးအကဲ ဘုရင်ကံကုန်တာပေါ့။ ခုနစ်စင်ကြယ်ကို ကြည့်ပြီး အဲဒီလိုအဟောထုတ်တာ။ ဒါပေမဲ့ အလွယ်ပြောတော့ နက္ခတ်ကိုပဲ ပြောတာပေါ့။ တကယ်အဟောထုတ်တာကတော့ ခုနစ်စင်ကြယ်ကိုထုတ်တာပါ။ ခုနစ်စင်ကြယ်ကတော့ သာမန်မျက်စိနဲ့ မြင်နိုင်တယ်လေ" လို့ မမကြီး ကျွန်တော့်ကို ရှင်းပြဖူးတယ်။ ဒီအချက်ကိုကြည့်ရင် မမကြီးဟာ အတော်လေ့လာထားတယ်ဆိုတာ သိထားပါတယ်။

တစ်ခါမှာလည်း အိမ်မှာစီးတဲ့ ဂျစ်ကားရဲ့ ဘက်ထရီအိုးပျောက်သွားတာကို ကျွန်တော်တို့ပြောနေကြတုန်း မမကြီး ရောက်လာတယ်။ အဲဒီတော့ မမကြီးက ကျွန်တော်တို့ကို မေးတယ်။ ပျောက်မှန်းဘယ်တုန်းက သိတာလဲတဲ့။ ကျွန်တော်က ခုပဲသိတယ်လို့ ဖြေလိုက်တယ်။ အဲဒီတော့ မမကြီးက "ဒီနေ့ဟာ တနင်္ဂနွေနေ့ပဲ၊ တနင်္ဂနွေနေ့ဆိုတော့ (အိုကြင်ဟာ ဉဒကေ)၊ အို တနင်္ဂနွေနေ့မှာ ပစ္စည်းပျောက်သော် ကြင်ယာအရှေ့ကအရပ်မှာရှိတဲ့ ဉဒကေ ရေအနီး၌ ထိုပစ္စည်းရှိလတ္တံ့တဲ့။ အဲဒါကြောင့် အရှေ့ဘက်မှာရှိတဲ့ မြောင်းနားကိုသွားရှာတော့ သူခိုးဟာမနိုင်လို့ ချပြီးသွားတဲ့သဘောရှိတယ်။ ဘက်ထရီအိုးကို ပြန်ရတယ်။ ဒါကိုကြည့်ရင် မမကြီးဟာ လောကီပညာကို အတော်လေး တီးမိခေါက်မိတယ်ဆိုတာ ထင်ရှားတယ်။ အဲဒါနဲ့ ကျွန်တော်လည်း သင်ပေးပါဆိုပြီး အဲဒီလင်္ကာလေးကို သင်ထားလိုက်တယ်။

| | | |
|---|---|---|
| တနင်္ဂနွေ | အိုကြင်ယာ | ဥဒကေ |
| တနင်္လာ | ကြာကံသူ | ဝနေ |
| အင်္ဂါ | စိတ်တူ၏ | ဂူပေ |
| ဗုဒ္ဓဟူး | လှဒိသာ | ဂါမေ |
| ကြာသပတေး | ပျော်ရွှင်စွာ | ပမ္မတေ |
| သောကြာ | သင်တို့မောင် | မဂ္ဂေ |
| စနေ | တို့ဆောင်းပန်း | အာသန္နေ |

မကြာခဏဆိုသလိုပဲ ပစ္စည်းပျောက်တွေကို အဲဒီနည်းနဲ့ တွက်ပေးလို့ မှန်ဖူးပါတယ်” ဟု ကိုဘသိန်းက ကျွန်ုပ်အား ပြောပြလေ၏။ ထိုအခါ ကျွန်ုပ်က...

“ဆက်ပြောပါဦး ကိုဘသိန်းရဲ့၊ ခင်ဗျားတို့ရဲ့ မမကြီးအကြောင်းက အတော်စိတ်ဝင်စားဖို့ကောင်းတာပဲ” ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုဘသိန်းက...

“မမကြီးအကြောင်း ပြောရရင် မမောပါဘူး ခင်ဗျာ။ ဖြတ်ထိုးဉာဏ်လည်း အလွန်ကောင်းတယ်ဗျ။ ဆက်စပ်တွေးခေါ်တဲ့ ဉာဏ်လည်း အလွန်ကောင်းတယ်ဗျ။ မှတ်ဉာဏ်လည်း အတော်ထူးတဲ့ မိန်းမပါဗျာ။ သတ္တိကောင်းလိုက်တာကလည်း မပြောပါနဲ့တော့။ မိန်းမဖြစ်ပြီး တိုက်စွမ်းရည်လည်း အလွန်ကောင်းတယ် ခင်ဗျ။ တစ်ခါမှာ ကျွန်တော်တို့ ဘုရားဖူးသွားကြတာ မမကြီးလည်းပါတယ် ခင်ဗျ။ လမ်းက ရွာတစ်ရွာရောက်တော့ ထမင်းဆိုင်တစ်ဆိုင်မှာ ထမင်းဝင်စားရင်း စကားများကြတာ။ အဲဒီက ရွာသားတစ်ယောက်ဟာ အတော်ကိုစွာတယ်။ တောင်းပန်နေတဲ့ကြားက ရှေ့ကိုတိုးလာတယ်။ အဲဒီတော့ မမကြီးက အဲဒီလူရဲ့ လက်ကိုဆွဲပြီး ကိုင်ပေါက်လိုက်တာ အဲဒီလူဟာ ခွေးကျကျပြီး ပက်လက်ကြီးလန်နေတယ်။ အဲဒီတော့မှာ မမကြီးက အဲဒီလူရဲ့ လည်ပင်းကို ခြေထောက်နဲ့ နင်းထားပြီး ဒီကောင့် အမျိုးတွေရှိရင်လာပြီး တောင်းပန်ကြ၊ တောင်းပန်တဲ့လူ မရှိရင်တော့ လည်ပင်းကိုနင်းပြီး သတ်လိုက်မယ်၊ သတ်ပစ်မှာလို့ ကြိမ်းလိုက်တော့ အဲဒီလူရဲ့ အမေနဲ့ အစ်မက ထွက်ပြီးတောင်းပန်တယ်။ အဲဒီတော့မှ မမကြီးက လွှတ်လိုက်တယ်။ အဲဒီလို မိန်းမမျိုးဗျ” ဟု ကျွန်ုပ်အား ကိုဘသိန်းက ရှင်းပြလေ၏။

တစ်ခါတွင်လည်း ကိုဘသိန်းတို့ မောင်နှမနေသော ကျွန်းအိမ်ကြီးကို ဓားပြတိုက်ရန်အတွက် ဓားပြများဝိုင်းဖူး၏။ သို့ရာတွင် ရပ်ကွက်ကောင်းသောကြောင့် ဓားပြများ ထွက်ပြေးရ၏။ ထိုသို့ ထွက်ပြေးရာတွင် ဓားပြတစ်ဦး၏ခါးကြားတွင်ထိုးထားသော ဆေးတံတစ်လက်ကျ၍ ကျန်ခဲ့၏။ ထိုဆေးတံကိုကြည့်၍ အမျိုးမျိုးထင်မြင်ချက်ပေး၏။ မမကြီးကလည်း ထိုဆေးတံကို သေချာစွာကြည့်ပြီးလျှင်...

“ဒီဆေးတံပိုင်ရှင်ဟာ အတော်သန်မာတဲ့လူပဲ။ သူ့ဆေးတံကိုလည်း သူအတော်မြတ်နိုးပုံရတယ်။ ဒီဆေးတံဟာ တစ်ခါက ကျပြီးကျိုးသွားပုံရတယ်။ အဲဒါကို ပန်းတိမ်မှာ မိုးကြိုးနဲ့ပြန်ကွပ်ပြီး သောက်နေတာ။ ဒီဆေးတံကို တော်တော် မြတ်နိုးပုံရတယ်။ ပြန်ကွပ်တဲ့ မိုးကြိုးသွားပေါ်မှာ ( MD ) ဆိုတဲ့ စကားလေးနှစ်လုံး ထိုးထားတာတွေ့ရတယ်။ မင်းဒင်လား၊ မာဒင်လားလို့တော့ မဆိုနိုင်ဘူး။ ဆေးတံအမြီးကို သွားနဲ့ကိုက်သောက်တတ်တဲ့လူပဲ။ သူကိုက်ထားလို့ ဆေးတံမှာ ချိုင့်နေတာလည်း တွေ့ရတယ်။ အပေါက်ကလေးတွေ ဖြစ်နေတာလည်း တွေ့ရရဲ့။ အစွယ်နေရာက

အချိုင့်ကလေးကိုကြည့်လိုက်တော့ ရွှေရောင်နေရာကလေး တွေ့ရတယ်။ အစွယ်ကို ရွှေသွားစိုက်ထားဟန်တူတယ်။ ရွှေသွားစိုက်ထားတဲ့ သွားဘေးကတော့ ကျိုးနေပုံရတယ်။ ဆေးတံမှာ အချိုင့်လည်း မတွေ့ရဘူး။ အရာလည်း မတွေ့ရဘူး။ နောက်ပြီး ဆေးတံပိုင်ရှင်ဟာ ဖြစ်ကတတ်ဆန်းဆေးကိုဝယ်ပြီး သောက်တာမဟုတ်ဘူးနော်၊ အကောင်းစား ဆေးတံသောက်ဆေးကို သောက်တာ၊ ဆေးတံမှာ ကပ်နေတဲ့ဆေးမှုန့်ကလေးကိုနမ်းကြည့်တော့ "ကပ္ပတိန်ဘလက်"ဆိုတဲ့ ဆေးတံသောက်ဆေးဖြစ်နေတာကို တွေ့ရတယ်" ဟု ရဲအရာရှိကို ပြောလိုက်ရာ ရဲအရာရှိက ...

"ခင်ဗျားပြောတာ ဟုတ်ပါပြီ။ အဲဒီလူကို ဘယ်မှာရှာရမလဲဆိုတာ ခက်သေးတယ်" ဟု ပြောလျှင် မမကြီးက...

"ဒီဆေးတံသောက်ဆေးမျိုးက ဆိုင်တိုင်းဝယ်လို့ရတာ မဟုတ်ဘူး၊ စကော့ဈေး အနောက်ဘက်တန်းက ဆေးတံသောက်ဆေးရောင်းတဲ့ဆိုင်မှာ ထိုင်စောင့်လိုက်ရင် နှစ်ရက်မစောင့်ရပါဘူး။ ဒီလူရောက်လာမှာပါ" ဟု ပြောပြလေ၏။

ထိုနောက် မမကြီးလည်း ရဲကိုမပြောဘဲ ထိုဆိုင်သို့ သွားရောက်ကာ ကိုယ်တိုင်စောင့်လေ၏။ နှစ်ရက်ခန့်ကြာလျှင် အသက် ၅၀နီးပါး ထွားထွားကျိုင်းကျိုင်း သန်သန်မာမာတစ်ယောက် "ကပ္ပတိန်ဘလက်" ဆေးတံသောက်ဆေးကို လာဝယ်လေ၏။ ထိုသူကို သေချာကြည့်လိုက်ရာ အစွယ်နေရာတွင် ရွှေသွားစိုက်ထားသည်ကို တွေ့ရ၏။

ထို့အတူ အစွယ်၏ဘေးမှသွားကျိုးနေသည်ကိုလည်း တွေ့ရ၏။ ထို့ကြောင့် မမကြီးသည် လိုင်စင်ဖြင့်ဝယ်၍ ကိုင်သော ခြောက်လုံးပြူးသေနတ်ကို ပိုက်ဆံအိတ်အတွင်းမှထုတ်၍ ထိုသူ၏ ရင်ဝသို့ထိုး၍ချိန်ပြီးလျှင်...

"ပြေးဖို့မကြံနဲ့၊ ကျည်ဆန်ကကျောကနေဖောက်ထွက်သွားမယ်" ဟု ပြောပြီးလျှင် လက်ရဖမ်းဆီးလေ၏။ ထို့နောက်တွင်ကား ဆေးတံပိုင်ရှင် ကိုမာဒင်ကို အကြောင်းပြု၍ ဓားပြအဖွဲ့တစ်ဖွဲ့လုံးကို ဖမ်းဆီးရမိလေသတည်း။

**သဗ္ဗေသတ္တာ ကမ္မဿကာ**

**မင်းသိခ်**

# မင်းသိင်္ခ

## မင်းနန်းသူ

နှင့်

ဂမ္ဘီရလောကဝတ္ထုတိုများ



Myanmarcupid.net